http://www.dhammadownload.com

# ပထမလတ်တန်း

# ကဓါနီတိ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

၁၀၀၀

ပထမလတ်တန်း

ကဓါနီတိ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

၁၀၀၀

# ပထမလတ်တန်း

# ကင်္ခါဋ္ဌတံ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

၁၀၀၀

# ပထမလတ်တန်း

# ကင်္ခါနိုတိ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

# ပထမလတ်တန်း

# ကာခါနိတိ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

## ပဏာမနှင့်ပဋိညာဉ်

ကာဠိန္နံ ဆေဒကံ ဗုဒ္ဓံ၊ ဓမ္မံ သံဃဉ္စ ဝန္ဒိယ။

ကာဠိနိတိံ ကရိဿာမိ၊ သောတုကာဠိယ ဆေဒကံ။

ကာဠိန္နံ–သို့လောသို့လော တွေးတောကြံဆ ယုံမှားမှုအဝဝတို့ကို၊ ဆေဒကံ–အရဟတ္တမဂ် ဓားလက်နက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလတ် အမြစ်ပြတ်အောင် ဖြတ်တောက်တတ်ပေထသော၊ ဗုဒ္ဓဉ္စ–ယုံမှားကင်းလတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုငှင်း၊ ဓမ္မဉ္စ–ယုံမှားကင်းကြောင်း တရားတော်မြတ် အပေါင်းကိုငှင်း၊ သံဃဉ္စ–ယုံမှားကင်းရန် ကျင့်ကြံကြကြောင်း သံဃာတော်အရှင်မြတ် အပေါင်းကိုငှင်း၊ (အဟံ–ကောဝိဒဟုနာမသမုတ် အကျွန်ုပ်သည်)ဝန္ဒိယ–ဝန္ဒာမိ–ယုံမှားကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ခုလောက်အကျိုး ရည်မျှော်ကိုးကာ ရှိခိုးပါ၏။

ဝန္ဒိယ–ဝန္ဒိတွာ–ရှိခိုးပြီး၍၊သောတုကာဠိယ–သောတုစိတ်ထဲ ဝေခွဲမရ ယုံမှားမှုအဝဝကို၊ ဆေဒကံ–တွေ့ကြုံလာတိုင်း ချိန်မဆိုင်းဘဲ ခုတ်ပိုင်းဖြတ်တောက်တတ်သော၊ ကာဠိနိတိံ–ကာဠိနိတိ မည်ရှိခေါ်မှန်း ရွှေစာကျမ်းကို၊ ကရိဿာမိ–နောင်လာနောက်သား သောတုများတို့ အကျိုးများရန် စိတ်ရည်သန်၍ ရေးသားခြင်းအမှု ပြုလုပ်ပေတော့အံ့။

ယနေ့ခေတ်သည် စာမေးပွဲခေတ်ဖြစ်ရာ စာမေးပွဲတစ်တန်း အောင်မြင်ပြီးတိုင်း ရှေ့သို့တစ်တန်း တက်လှမ်းနိုင်ရန် ကြိုးစားကြရပြန်ပါသည်၊ ပထမငယ်တန်း အောင်ပန်းဆင်နိုင်ခဲ့ကြသော အရှင်သူမြတ်တို့သည် ခရှေ့သို့တစ်ဆင့် ပထမလတ်တန်းအတွက် ကြိုးစားကြရာမှာ ဝိနည်းကျင့်ဝတ်ဘာသာအတွက် ကာဠိကျမ်း သံဃာဒိသေသကဏ္ဍ+ အနိယတကဏ္ဍ+ နိဿဂ္ဂိယကဏ္ဍများကို မသင်ဘဲနေ၍မရ မုချသင်ကြားရဦးမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကာဠိဘာသာအတွက် ရှေးခေတ်သင်နည်းစနစ်အရ အနက်မှန်မှန်ပြန်ဆိုနိုင်ရန် ကြိုးစားရခြင်း၊ အဓိပ္ပါယ်များ ကွဲပြားစွာ သိရှိနိုင်ရန် လေ့လာရခြင်း၊လေ့လာမှတ်၍ရသော အဓိပ္ပါယ်များကို မှတ်စုမှတ်တန်း ပြုစုရခြင်း–

http://www.dhammadownload.com

အစီအစဉ်အဆင့်ဆင့်ဖြင့် သင်ကြားနေရလျှင် ဤဘာသာရပ်တစ်ခုတည်း ဖြင့်ပင် အချိန်ကုန် လူပန်းပြီး နွမ်းနယ်သွားကြမည်ဖြစ်ရာ အခြားဘာသာရပ် များအတွက် အချိန်မရနိုင်တော့ဘဲ အခက်အခဲများစွာနှင့် တွေ့ကြုံနိုင် ပါသည်။

အခက်အခဲများနှင့် တွေ့ကြုံနေကြရသော အရှင်မြတ်တို့ကိုလည်း နေ ရာ ဌာနအများအပြားမှာ တွေ့နေကြရပါသည်၊ထိုသို့အခက်အခဲများစွာတွေ့နေ ကြရသောညီတော်+နောင်တော်များ အချိန်ကုန် + လူပင်ပန်းခြင်းမှ သက်သာ ပြီး * ကစ္စီဘာသာအတွက် အောင်မှတ်ရပါ့မလား* ဟူသော ယုံမှားသံသယ များ ကင်းပျောက်ကာ အောင်ပွဲသဘင် ဆင်ယင်နိုင်ကြစေရန် ရည်သန်၍ ပထမလတ်တန်းဆိုင်ရာ ဤကစ္စီနိတိကျမ်းကို ရေးသားပြုစုရပါသည်။


အရှင်ကောဝိဒ

ဝိနယရေ +ဝိနယကောဝိဒ

ပုရိမပဥ္စပကရဏ အာဘိဓမ္မိက

သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ

ကန်ဦးဇေတဝန်စာသင်တိုက်

ရွှစ်မိုင်ခွဲ + ရွှေနှင်းဆီလမ်း

မရမ်းကုန်း

☎ ၆၃၀၉၇၈


(၉ - ၂ - ၉၁)

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သံဃာဒိသေသကဏ္ဍ

### သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်

********************

၁မေး။ အသုယ်ကို သုက္ကဝိဿဋ္ဌိဟုခေါ်ပါသနည်း။

၁ဖြေ။ မောစနဿာဒစေတနာဖြင့် နိမိတ်၌လှုပ်ရှားပြုလျက် နီလစသော သုက်ဆယ်မျိုးတို့တွင် တစ်မျိုးမျိုးကို တည်နေရာမှရွေ့လျောစေခြင်းကို သုက္ကဝိဿဋ္ဌိ ဟုခေါ်ပါသည်။

၂မေး။ နီလ,ပီတစသည်အားဖြင့် အဘယ်ကြောင့် သုက်ဆယ်မျိုးပြားရပါသနည်း။

၂ဖြေ။ သည်းခြေ+သလိပ်+သွေး+ပြည် ဟူသောအာသယ၊ ပထဝီစသောဓာတ်၊ ရသစသောဓာတ်တို့ ထူးသောကြောင့် သုက်ဆယ်မျိုးပြားရ၏။

၃မေး။ အဘယ်ကြောင့် သံဃာဒိသေသ်ဟုခေါ်ရပါသနည်း။

၃ဖြေ။ ဤအာပတ်သင့်ပြီးနောက် ထမြောက်လိုလျှင် အစ+အလယ်+အဆုံး သုံးပါးလုံး၌ သံဃာကိုအလိုရှိအပ်သောကြောင့် သံဃာဒိသေသ်ဟုခေါ်ပါသည်။

၄မေး။ အဘယ်အကျိုးငှါ သံဃာကို အလိုရှိအပ်ပါသနည်း။

၄ဖြေ။ အစ၌ ပရိဝါသ်ပေးခြင်းငှါငှင်း၊ အလယ်၌ မာနတ်ပေးခြင်း, (ဝါ)အရင်းသို့ငင်ခြင်းနှင့်တကွ မာနတ်ပေးခြင်းအကျိုးငှါငှင်း၊ အဆုံး၌ အဗ္ဘာန်သွင်းခြင်းအကျိုးငှါငှင်း သံဃာကို အလိုရှိအပ်ပါသည်။

http://www.dhammadownload.com



မေး။ ပရိဝါသ်ပေးခြင်းစသောကံတို့၌ အဘယ်ကြောင့် သံဃာကို အလိုရှိအပ်ပါသနည်း။

ဖြေ။ ပရိဝါသ်စသောကံတို့တွင် တစ်ခုသောကံကိုမျှလည်း သံဃာနှင့်ကင်း၍မပြုကောင်းသောကြောင့် သံဃာကိုအလိုရှိအပ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အနုပညတ်ကို ထုတ်ပြပါ။

ဖြေ။ အညတြ သုပိနန္တာ ဖြစ်ပါသည်။

<u>အာပတ်သင့်ပုံ</u>

မိမိအင်္ဂါဇာတ်၌ သုတစ်ပါးကို လုလ္လပြုစေ၍ သုက်ကိုလွတ်စေလျှင် သံဃာဒိသေသ်အာပတ်သင့်၏၊ မလွတ်လျှင် ထုလ္လစ္စည်းအာပတ်သင့်၏၊ အောက်ထစ်ဆုံးအားဖြင့် ကောင်းကင်၌ ခါးကိုလှုပ်ရမ်းလျက် လွတ်စေလျှင်လည်း အာပတ်သင့်၏။

မေး။ သုက်မည်မျှလွတ်မှ သံဃာဒိသေသ်အာပတ်သင့်ပါသနည်း။

ဖြေ။ အောက်ထစ်ဆုံးအားဖြင့် ယင်ငယ်တစ်ကောင် သောက်ရုံမျှလွတ်လျှင် အာပတ်သင့်တော့၏။

မေး။ အင်္ဂါဇာတ်အပြင်သို့ သုက်ထွက်မှသာ အာပတ်သင့်ပါသလော။

ဖြေ။ တည်နေရာမှရွေ့လျောပြီးသောသုက်သည် မချွတ်ကေန် အင်္ဂါဇာတ်သို့ သက်ရောက်သည်သာဖြစ်သောကြောင့် တည်နေရာမှ ရွေ့လျှင်ပင် အာပတ်သင့်ပါသည်။

မေး။ သုက်လွတ်သော်လည်း အာပတ်မသင့်သောပုဂ္ဂိုလ်တို့ကို ထုတ်ပြပါ၊

http://www.dhammadownload.com



ဖြေ။ (၁)လုလ္လမပြုသောရဟန်း၊ (၂)လွတ်ရေး သိမှုမရှိသောရဟန်း၊ (၃)အိပ်မက်မြင်မက်သောရဟန်း၊ (၄)ဥမ္မတ္တက ရဟန်းစသည်တို့သည် သုက်လွတ်သော်လည်း အာပတ်မသင့်ပါ။

မေး။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)လွတ်ခြင်း၌ သာယာသောစေတနာရှိခြင်း၊ (၂)လုလ္လပြုခြင်း၊ (၃)လွတ်ခြင်း ဟူ၍အင်္ဂါသုံးပါးရှိသည်။

## ကာယသံသဂ္ဂသိက္ခာပုဒ်

မေး။ ဩတိဏ္ဏ၏အဓိပ္ပါယ်နှင့်အရကို ရေးခဲ့ပါ။

ဖြေ။ ဘီလူးစသည်တို့သည် သစ္စာဝါတို့အတွင်းသို့ သက်ရောက်သကဲ့သို့ အတွင်း၌ဖြစ်သောရာဂသည် သက်ရောက်ခြင်းကို "ဩတိဏ္ဏ "ဟုခေါ် ပါသည်။

(တနည်း)သတ္တဝါတို့သည် တွင်းစသည်တို့သို့ ကျရောက်ကုန်သကဲ့သို့ ဟုတ်မှန်သောသဘောကို မဆင်ခြင်သောကြောင့် တပ်မက်ဖွယ်ကောင်းသောအာရုံ၌ တပ်မက်သည့်အတွက် မိမိကိုယ်တိုင် ရာဂသို့ကျရောက်ခြင်းကို "ဩတိဏ္ဏ "ဟုခေါ်ပါသည်။

ဩတိဏ္ဏအရ။ ကာယသံသဂ္ဂရာဂနှင့်ပြည့်စုံသော ရဟန်းကို ရ၏။

မေး။ အဘယ်စိတ်ကို ဖေါက်ပြန်သော(ဝိပရိဏတ)စိတ်ဟုခေါ်ပါသနည်း

ဖြေ။ စင်ကြယ်သောဘဝင်အစဉ်ဟုဆိုအပ်သော ပကတိသဘောကိုစွန့်၍ တစ်မျိုးတစ်ဖုံပြောင်းလဲပြီး ကာယသံသဂ္ဂရာဂ၏အစွမ်းအားဖြင့် တည်သောစိတ်ကို "ဖေါက်ပြန်သော(ဝိပရိဏတ)စိတ်"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



မေး။ မာတုဂါမအရ အဘယ်မိမ္မကို ယူရပါသနည်း။

ဖြေ။ ယိုနေ့ ဖွါးခါစမှ စ၍ အသက်ရှင်ဆဲဖြစ်သောမိမ္မကို ယူရပါသည်။

မေး။ အဘယ်ကို ကာယသံသဂ္ဂဟုခေါ်ပါသနည်း။

ဖြေ။ လက်ကိုကိုင်ခြင်းစသော ကိုယ်လက်နီးနှောခြင်း+ရောနှောခြင်းကို "ကာယသံသဂ္ဂ" ဟုခေါ်ပါသည်။

မေး။ ဟတ္ထ ,ဝေဏိ ,အင်္ဂ အရတို့ကို အသီးသီးပိုင်းခြားပြပါ။

ဖြေ။ တတောင်ဆစ်မှစ၍ လက်သီးဖျားတိုင်အောင် "ဟတ္ထ"အရယူရ၏၊ ထုံးဖွဲ့သည်ဖြစ်စေ, မထုံးဖွဲ့သည်ဖြစ်စေ, ဆံပင်သက်သက်တို့ဖြင့်၄င်း၊ အဆင်းအမျိုးမျိုးရှိသောချည်+ ပန်းမျိုးစုံ၊ ငွေပန်း+ရွှေကြိုး+ပုလဲသွယ် စသည်တို့တွင် တစ်ပါးပါးနှင့် ရောသောဆံပင်တို့ဖြင့် ပြုလုပ်ထားသော ဆံပင်အစည်းကို "ဝေဏိ "အရယူရပါသည်။

မှတ်ချက်။ ဝေဏိသဒ္ဒါဖြင့် အမွေးတို့နှင့်တကွ ဆံပင်အမျှင်တို့ကို လည်း ယူရပါသည်။

ဟတ္ထ+ဝေဏိမှကြွင်းသော အင်္ဂါကြီးငယ် တစ်ကိုယ်လုံးကို အင်္ဂအရ ယူရပါသည်။

အာပတ်သင့်ပုံ။

အောက်ထစ်ဆုံး အမွေးချင်းထိရာ၌၄င်း၊ မိမ္မက လာ၍ထိရာ၌ မှိဝဲ လိုမှုဖြင့် လှုပ်ရှားပြုပြီး အတွေ့အထိကိုသာယာလျှင် သံဃာဒိသေသ် အာပတ်သင့်၏။

(က)လက်တစ်ဖက်ဖြင့် မိမ္မကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် တစ်နေ့လုံး နေရာအနှံ့ကိုင်လျှင်လည်း သံဃာဒိသေသ်တစ်ချက်သာသင့် ပါသည်။

http://www.dhammadownload.com



(ခ)လက်ဖြင့်မကိုင်ဘဲ ဦးခေါင်းမှ ခြေဖျားတိုင်အောင်မလွတ်စေဘဲ ထိလျှင်လည်း အာပတ်တစ်ချက်သာသင့်၏။

(ဂ)မိမ္မတစ်ယောက်၏ လက်ငါးချောင်းကို တစ်ပေါင်းတည်း ကိုင်လျှင် အာပတ်တစ်ချက်သာသင့်၏။

(ဃ)မိမ္မငါးယောက်တို့၏ လက်ငါးချောင်းတို့ကို တစ်ပေါင်းတည်း ကိုင်လျှင် အာပတ်ငါးချက်သင့်၏။

(င)မိမ္မ၌ သံသယဖြင့်၄င်း၊ ပဏ္ဍုတ်, ယောကျ်ား, တိရိစ္ဆာန်အမှတ်ဖြင့်၄င်း၊ ကိုင်လျှင် ထုလ္လစ္စည်းအာပတ်သင့်၏၊
ကာယနှင့် ကာယပဋိဗဒ္ဓကိုထိရာ၌၄င်း၊ ဘီလူးမ, နတ်မ, ပဏ္ဍုတ်နှင့် ထိရာ၌၄င်း ထုလ္လစ္စည်းအာပတ်သင့်၏။

(စ)မိမ္မနှင့် ကာယပဋိဗဒ္ဓချင်းထိရာ၌၄င်း၊ ယောကျ်ား၏ ကာယကို ထိရာ၌၄င်း၊ ဒုက္ကဋ်အာပတ်သင့်၏။

<u>အာပတ်မသင့်သူများ</u>

(၁)မိမ္မက လာ၍ထိရာ၌ မှီဝဲလိုမှုရှိသော်လည်း <u>ကိုယ်ဖြင့်လှုပ်ရှားမပြုဘဲ</u> အတွေ့အထိကို သာယာသောရဟန်း၊

(၂)လွတ်လိုသောဆန္ဒဖြင့် ထိမိသောရဟန်း၊

(၃)စေတနာမပါဘဲ(မတော်တဆ)ထိမိသောရဟန်း၊

(၄)သတိမရှိဘဲ(အမှတ်တမဲ့)ထိမိသောရဟန်း၊

(၅)ထိမှန်းမသိသောရဟန်း၊

(၆)ထိမှန်းသိသော်လည်း မသာယာသောရဟန်း၊

(၇)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

မေး။ ကာယသံသဂ္ဂသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

http://www.dhammadownload.com



**ဖြေ။** (၁)လူမိမ္မဖြစ်ခြင်း၊ (၂)မိမ္မဟုအမှတ်ရှိခြင်း၊ (၃)ကာယသံသဂ္ဂရာဂရှိခြင်း၊ (၄) ထိုကာယသံသဂ္ဂရာဂဖြင့် လုလ္လပြုခြင်း၊ (၅)လက်ကိုကိုင်ခြင်းစသည်ကိုပြုခြင်း၊ အားဖြင့် အင်္ဂါငါးပါးရှိပါသည်။

## ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

**မေး။** ဩတိဏ္ဏ + ဝိပရိဏတတို့အရ အဘယ်ရာဂကို ယူရပါသနည်း။

**ဖြေ။** ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရဟန်းကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ မိမ္မအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ရှန့်ရင်းစကား ၊ မရှန့်ရင်းသောစကားကို မှတ်သားနိုင်သော လူမိမ္မကို ယူရပါသည်။

**မေး။** အဘယ်စကားမျိုးကို ဒုဋ္ဌုလ္လဝါစာဟု ခေါ်ပါသနည်း။

**ဖြေ။** ဂစ္စမဂ် ၊ ပဿာဝမဂ်၌ မေထုန်နှင့်စပ်ယှဉ်သော စကားမျိုးကို "ဒုဋ္ဌုလ္လဝါစာ"ဟုခေါ်ပါသည်။

**မေး။** ဩဘာသေယျအရ ပြောဆိုပုံအခြင်းအရာတို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁)ချီးမွမ်းခြင်း၊(၂)ကဲ့ရဲ့ခြင်း၊(၃)တောင်းခြင်း၊ (၄)တောင့်တခြင်း၊ (၅)မေးမြန်းခြင်း၊ (၆)ရှေးရှုမေးခြင်း၊ (၇)မေးအပ်သည်ဖြစ်၍ ပြောပြခြင်း၊ (၈)မမေးအပ်ဘဲ သွန်သင်ခြင်း၊ (၉)ဆဲရေးခြင်းတို့၏အစွမ်းအားဖြင့် မသူတော်တို့၏ စကားကို ပြောဆိုခြင်းကို "ဩဘာသန"ဟု ခေါ်ပါသည်။

**မေး။** ယထာ တံ ယုဝါ ယုဝတိံ ဖြင့် အဘယ်ကိုပြပါသနည်း။

http://www.dhammadownload.com



ဖြေ။ လှမ်းမိုး၍ပြောဆိုခြင်း(ဩဘာသန)၌ ရွံရှားခြင်းမရှိသူ၏ အဲဖြစ်ကိုပြပါသည်။

မေး။ မေထုနပုသံဟိတာဟိ ဖြင့် အဘယ်ကိုပြပါသနည်း။

ဖြေ။ ရုန့်ရင်းသောစကား၏ အထွဋ်အထိပ်အပြီးအဆုံးသို့ ရောက်သော လက္ခဏာကို ပြပါသည်။

မေး။ သံဃာဒိသေသ်အာပတ်သင့်နိုင်သော ဒုဋ္ဌုလ္လဝါစာစကားကို ဆဲရေးပုံနှင့်တကွ ရေးခဲ့ပါ။

ဖြေ။ ဝစ္စမဂ်,ပဿာဝမဂ်တို့၏အစွပ်းအားဖြင့် ချီးမွမ်းခြင်း၊ကဲ့ရဲခြင်းတို့ဖြင့်သော်၎င်း၊ မေထုန်တောင်းခြင်း စသည်တို့ဖြင့်သော်၎င်း၊ "သိခရဏီသိ=အသားစွန်းထွက်သော ကောင်မ၊ "သမ္ဘိန္နာသိ=ဝစ္စမဂ်, ပဿာဝမဂ်နှစ်မျိုး ရောစပ်နေသောကောင်မ၊"ဥဘတောဗျဉ္ဇနာကာသိ=ဥဘတောဗျည်းမ ဟူသော ဆဲရေးကြောင်းစကားသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့်သော်၎င်း ဆဲရေးလျှင် သံဃာဒိသေသ်အာပတ်သင့်ပါသည်။

အာပတ်သင့်ပုံ

(က)ဒုဋ္ဌုလ္လဝါစာပြောရာ၌ အောက်ထစ်ဆုံးအာဖြင့် လက်အမူအရာဖြင့် ပြောသော်လည်း ပြောဆဲခဏ၌ပင် မိမ္မကသိသော် သံဃာဒိသေသ်အာပတ်သင့်၏၊

(ခ)ဒုဋ္ဌုလ္လဝါစာပြောသော်လည်း အပြောခံရသောမိမ္မက မသိလျှင် ထုလ္လစ္စည်းအာပတ်သင့်၏၊

(ဂ)ညှပ်ရိုးနှစ်ဖက်အောက်– ဒူးနှစ်ဖက်၏အထက်အရပ်ကို ရည်ရွယ်၍ ပြောလျှင်လည်း ထုလ္လစ္စည်အာပတ်သင့်၏၊

http://www.dhammadownload.com



(ဃ)ညှပ်ရိုးနှစ်ဖက်၏အထက်– ဒူးနှစ်ဖက်၏အောက်အရပ်ကိုမှင်း မိမ္မ၏ ကာယပဋိဗဒ္ဓစသည်ကိုင်း၊ ရည်ရွယ်၍ ဒုဋ္ဌုလ္လဝါစာပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏။

မေး။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၏ အင်္ဂါတို့ကိုရေတွက်ပြပါ။

ဖြေ။ (၁)လူမိမ္မဖြစ်ခြင်း၊ (၂)မိမ္မဟုအမှတ်ရှိခြင်း၊ (၃)ဒုဋ္ဌုလ္လဝါစဿာဒ ရာဂရှိခြင်း၊ (၄)ထိုရာဂဖြင့် ပြော်ဆိုခြင်း၊ (၅)ပြောဆဲခဏ၌သိခြင်း အားဖြင့် ငါးပါးရှိပါသည်။

## အတ္တကာမပါရိစရိယသိက္ခာပုဒ်

မေး။ ဩတိဏ္ဏ ,ဝိပရိဏာတတို့၏အရ အဘယ်ကိုယူရပါသနည်း။

ဖြေ။ အတ္တကာမပါရိစရိယရာဂကို ယူရပါသည်။

မေး။ ကာယသံသဂ္ဂ ,ဒုဋ္ဌုလ္လဝါစာ , အတ္တကာမပါရိစရိယသိက္ခာပုဒ်တို့၌ ပါသော ဖေါက်ပြန်သော(ဝိပရိဏာတ)စိတ်တို့၏အထူးကို ရေးခဲ့ပါ။

ဖြေ။ <u>ကာယသံသဂ္ဂသိက္ခာပုဒ်၌</u> ကာယသံသဂ္ဂရာဂ၏အစွမ်းအားဖြင့် ဖေါက်ပြန်သောစိတ်ကိုရပါသည်၊

<u>ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌</u> ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရာဂ၏အစွမ်း အားဖြင့် ဖေါက်ပြန်သောစိတ်ကို ရပါသည်။

အတ္တကာမပါရိစရိယသိက္ခာပုဒ်၌ အတ္တကာမပါရိစရိယာရာဂ၏ အစွမ်းအားဖြင့် ဖေါက်ပြန်သောစိတ်ကို ရပါသည်။ ဤသို့ထူးပါသည်။

မေး။ အတ္တကာမပါရိစရိယာ၌ ကာမအရ, အတ္တကာမအရတို့ကို ပိုင်းခြား ကောက်ပြပါ။

ဖြေ။ ကာမအရ=မေထုနဓမ္မကိုရ၏၊ အတ္တကာမအရ=မေထုနရာဂရ၏။

http://www.dhammadownload.com



မေး။ မာတုဂါမအရ အဘယ်ကို ယူရပါသနည်း။

ဖြေ။ မာတုဂါမအရ ဒုဋ္ဌုလ္လ ၊ အဒုဋ္ဌုလ္လစကားကို မှတ်သားနိုင်သောမိန်းမကို ယူရပါသည်။

မေး။ ဝေဒဂ္ဂ ဘဂိနိ စသည်ဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ အတ္တကာမပါရိစရိယာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုပုံအခြင်းအရာကို ညွှန်ပြပါသည်။

မေး။ သီလဝန္တ ၊ဗြဟ္မစရိ ၊ကလျာဏဓမ္မတို့၏ အရကို အသီးသီးရေးခဲ့ပါ။

ဖြေ။ သီလဝန္တအရ=ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ခြင်းကို ယူရပါသည်။

ဗြဟ္မစာရီအရ= မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းကို ယူရပါသည်။

ကလျာဏဓမ္မအရ=ထိုပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ခြင်း၊ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း နှစ်မျိုးတို့ဖြင့် ကောင်းသောအကျင့်ရှိသူကို ယူရပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အဘယ်သို့ပြောမှ သံဃာဒိသေသ်အာပတ်သင့်ပါသနည်း။

ဖြေ။ အတ္တကာမပါရိစရိယာ၏ ဂုဏ်ကျေးဇူးကိုဆိုရာ၌ "သင်သည် ငါ့အား မေထုန်ကို ပေးခြင်းငှါထိုက်၏ "စသော မေထုန်နှင့်စပ်၍ပြောမှသာ ၊သံဃာဒိသေသ်အာပတ်သင့်ပါသည်။

<u>အာပတ်သင့်ပုံ</u>

အတ္တကာမပါရိစရိယကို လက်အမှုအရာဖြင့် ပြောလျှင်လည်း ပြောဆဲ ခဏ၌သိသော် သံဃာဒိသေသ်သင့်၏၊ မသိလျှင် ထုလ္လစ္စည်းသင့်၏။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သောရဟန်းတို့ကို ရေးခဲ့ပါ။

**ဖြေ။** သက်န်းစသော ဝတ္ထုကာမတို့ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောသောရဟန်း၊ ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

**မေး။** အတ္တကာမပါရိစရိယသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)လူမိန်းမဖြစ်ခြင်း၊ (၂)မိန်းမဟုအမှတ်ရှိခြင်း၊ (၃)အတ္တကာမပါရိစရိယာရာဂရှိခြင်း၊ (၄)ထိုရာဂဖြင့် ချီးမွမ်းခြင်း၊ (၅)ပြောဆဲခဏ၌ သိခြင်းအားဖြင့် အင်္ဂါငါးပါးရှိပါသည်။

## သဉ္စရိတ္တသိက္ခာပုဒ်

**မေး။** အဘယ်ကို အောင်သွယ်သည်(သဉ္စရိတ္တ)ဟု ခေါ်ပါသနည်း။

**ဖြေ။** မိန်းမ, ယောကျ်ားနှစ်ဦးသားတို့၏ အလယ်အကြား၌ ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ပြောခြင်းတို့၏အစွမ်းအားဖြင့် လှည့်လည်သွားလာမှုကို "အောင်သွယ်သည်(သဉ္စရိတ္တ)ဟုခေါ်ပါသည်။

**မေး။** ဣတ္ထိယာ ဝါ ပုရိသမတိံ စသောစကားဖြင့် အဘယ်ကိုပြပါသနည်း၊

**ဖြေ။** အောင်သွယ်ခြင်းသို့ရောက်ပုံ အခြင်းအရာကို ပြပါသည်။

**မေး။** ဣတ္ထိယာ ဝါ ပုရိသမတိံ ၏အဓိပ္ပါယ်ကိုရေးခဲ့ပါ။

**ဖြေ။** ယောကျ်ားကိုယ်တိုင်ကသော်၎င်း၊ ယောကျ်ား၏မိဘ စသည်တို့ကသော်၎င်း၊ စေခိုင်းအပ်သည်ဖြစ်၍ ယောကျ်ား၏အလိုကို မိန်းမအားပြောကြားခြင်းကို "ဣတ္ထိယာ ဝါ ပုရိသမတိံ"ဟုခေါ်ပါသည်။

**မေး။** ပုရိသဿ ဝါ ဣတ္ထိမတိံ ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ

2
B

http://www.dhammadownload.com



ဖြေ။ မိမ္မကိုယ်တိုင်ကသော်၎င်း၊ မိမ္မ၏မိဘစသည်တို့ကသော်၎င်း၊ စေခိုင်းအပ်သည်ဖြစ်၍ မိမ္မ၏အလိုကို ယောကျ်ားအားပြောကြားခြင်းကို “ ပုရိသဿ ဝါ ဣတ္ထိမတိ ”ဟုခေါ်ပါသည်။

မေး။ ဇာယတ္တန , ဇာရတ္တနတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ယောကျ်ား၏အလိုဆန္ဒကို မိမ္မအားပြောကြားလျှင် မယားဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို “ဇာယတ္တန ”ဟုခေါ်ပါသည်။

မိမ္မ၏အလိုဆန္ဒကို ယောကျ်ားအားပြောကြားလျှင် လင်ဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို “ဇာရတ္တန ”ဟုခေါ်ပါသည်။

(တနည်း) ယောကျ်ား၏အလိုဆန္ဒကိုပင် မိမ္မအားပြောကြားရာ၌ အမြဲမယားဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို “ဇာယတ္တန ”ဟုခေါ်ပါသည်။

မိစ္ဆာစာရမယား(ခေတ္တမယား)ဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို “ဇာရတ္တန ”ဟုခေါ်ပါသည်။

(မှတ်ချက်) မိမ္မ၏အလိုဆန္ဒကိုပင် ယောကျ်ားအားပြောကြားရာ၌လည်း အမြဲလင်ဖြစ်စေလိုမှုကို “ဇာယတ္တန” ၊ခေတ္တလင်ဖြစ်စေလိုမှုကို “ဇာရတ္တန ”ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် “တခ်ဏိက(ခေတ္တ)မယား ”ဟုခေါ်ပါသနည်း။

ဖြေ။ တစ်ခဏ , တစ်မုဟုတ်မျှ ပေါင်းဖေါ်ထိုက်သောကြောင့် “တခ်ဏိက (ခေတ္တ)မယား ’ဟုခေါ်ပါသည်။

မေး။ အောင်သွယ်ရာ၌ လင်,မယားဖြစ်မှု+ မဖြစ်မှုသည် ပဓာနကျပါသလော၊ အဘယ်က ပဓာနကျပါသနည်း။

http://www.dhammadownload.com



ဖြေ။ အောင်သွယ်ခြင်းကြောင့် အာပတ်သင့်ရာ၌ လက်ခံခြင်း, စုံစမ်းခြင်း ပြန်ဆောင်ခြင်း အင်္ဂါသုံးချက်ပြည့်မှုသာ လိုရင်းပဓာနဖြစ်ပါသည်၊ လင်, မယားဖြစ်မှု/မဖြစ်မှုသည် လိုရင်းပဓာနမဟုတ်ပါ။

မေး။ တဏ္ဍိကာယပိဏ္ဍိဟုဆိုသဖြင့် တဏ္ဍိကယောကျ်ား(ဓေတ္တယောကျ်ား အားပြောကြားရာ၌ အာပတ်မသင့်ဟု မှတ်ရပါမည်လော။

ဖြေ။ ပုဟုတ္တိကယောကျ်ား(ဓေတ္တယောကျ်ား)အား မိမိ၏အလိုဆန္ဒကို ပြောကြားလျှင်လည်း သံဃာဒိသေသ်အာပတ်သင့်ပါသည်။

<u>အာပတ်သင့်ပုံ</u>

(က)တစ်စုံတစ်ယောက်က စေခိုင်းရာ၌ ထိုသူကို မတွေ့မြင်၍ အခြားသော မုချပြောကြားမည့်သူကို တစ်ဆင့်ခိုင်းပြီး ပြန်ဆောင်လျှင်လည်း အာပတ်သင့်၏။

(ခ)မာတုရက္ခိတမိန္မကို ပြောခိုင်းရာ၌ ပိတုရက္ခိတမိန္မစသည်တို့အား ပြောကြားလျှင် ချိုဖွင်းသည်ဟုခေါ်၏(အာပတ်မသင့်)

(ဂ)ကိုယ်တိုင်လက်ခံ၍ သူတစ်ပါးကို စုံစမ်းခိုင်းပြီး ကိုယ်တိုင် ပြန်ပြောရာ၌ သံဃာဒိသေသ်အာပတ်သင့်၏။

(ဃ)မိမိကိုယ်တိုင်လက်ခံ၍ ကိုယ်တိုင်စုံစမ်းပြီး သူတစ်ပါးကို ပြန်ပြောစေရာ၌လည်း သံဃာဒိသေသ်အာပတ်သင့်၏။

(င)ကိုယ်တိုင်လက်ခံ၍ အခြားသူကို စုံစမ်းခိုင်းပြီး အခြားသူကိုပင် ပြန်ပြောခိုင်းရာ၌လည်း သံဃာဒိသေသ်အာပတ်သင့်ပါသည်။

**(မှတ်ချက်)**လက်ခံ,စုံစမ်း,ပြန်ဆောင်ဟူသော သုံးချက်ညီလျှင် သံဃာဒိသေသ်အာပတ်သင့်၏။

အင်္ဂါနှစ်ချက်ညီလျှင် ထုလ္လစ္စည်းအာပတ်သင့်၏။

အင်္ဂါတစ်ချက်ညီလျှင် ဒုက္ကဋ်အာပတ်သင့်၏။

http://www.dhammadownload.com



မေး။ လူတို့၏ စေခိုင်းခံရမှုကြောင့် အပြစ်မဖြစ်သောရဟန်းတို့ကို ညွှန်ပြပါ။

ဖြေ။ သဃကိစ္စ ,စေတီကိစ္စ ,ဂိလာနကိစ္စကြောင့် လူက စေခိုင်း၍ သွားလျှင် အပြစ်မဖြစ်ပါ။

မေး။ သဉ္စရိတ္တသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)အောင်သွယ်ထိုက်သောမိန်းမ, ယောကျ်ားတို့၏ လူဇာတ်ရှိခြင်း၊ (၂)အောင်သွယ်ထိုက်သူဖြစ်ခြင်း၊ (၃)လက်ခံခြင်း, စုံစမ်းခြင်း, ပြန်ဆောင်ခြင်း ဟူ၍ အင်္ဂါသုံးနှင့်ပေါင်းလျှင် အင်္ဂါငါးပါးရှိပါသည်။

မေး။ သဉ္စရိတ္တသိက္ခာပုဒ်ကို သမုဋ္ဌာန်အားဖြင့် ခွဲခြားပြပါ။

ဖြေ။ (၁)ပညတ်တော်ကိုငှင်း, အောင်သွယ်ထိုက်သူ၏အဖြစ်ကိုငှင်း၊ မသိဘဲ ကိုယ်အမူအရာဖြင့် စကားကို လက်ခံပြီး ကိုယ်အမူအရာဖြင့်ပင် စုံစမ်းခြင်း,ပြန်ဆောင်ခြင်းကို ပြုလုပ်လျှင် "ကာယသမုဋ္ဌာန်"ကြောင့် ဖြစ်ပါသည်။

(၂)ဤမည်သောမိန်းမ လာပါလိမ့်မည်၊ ထိုမိန်းမ၏စိတ်ကို သိအောင်စုံစမ်းပေးပါဟု တစ်စုံတစ်ယောက်က ပြောဆိုရာ ကောင်းပြီဟု ဝန်ခံပြီး ရောက်လာသော ထိုမိန်းမကို ပြေဆို၍ တစ်ဖန် စေခိုင်းသောယောကျ်ားလာလျှင် ပြန်ပြောပါက "ဝါစာသမုဋ္ဌာန်" ကြောင့် ဖြစ်ပါသည်။

(၃)ပညတ်တော်ကို မသိသောရဟန္တာပင်ဖြစ်စေကာမူ ဖခင်၏ စကားဖြင့် သွား၍ စေ့စပ်ပြောဆိုထိုက်သောမိခင်ကို ဖခင်အားပြုစုလုပ်ကျွေးရန် ပြောဆို၍ ပြန်ဆောင်လျှင်"ကာယ+ဝါစာသမုဋ္ဌာန်"ကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



## ကဋ္ဌိကာရသိက္ခာပုဒ်

မေး။ အဘယ်ကို သညာစိကာဟုခေါ်ပါသနည်း။

ဖြေ။ မိမိကိုယ်တိုင်တောင်းခြင်းကို "သညာစိကာ"ဟုခေါ်ပါသည်။

(မှတ်ချက်) ဤသို့ တောင်းရာ၌ သုတစ်ပါးပိုင်ပစ္စည်းကို အပြီးအပြတ် မတောင်းကောင်းပါ၊ ခေတ္တခဏသာ တောင်းကောင်းပါသည်၊ အဖော်ဖြစ်ခြင်းငှါငှင်း၊ အလုပ်လုပ်ခြင်းငှါငှင်း၊ "ယောကျ်ားကို ပေးပါ"ဟု ပြောဆိုကောင်း၏။

မေး။ အဘယ်ကို "ပုရိသတ္တကရ"ဟုခေါ်ပါသနည်း၊ ၎င်းပုရိသတ္တကရကို တောင်းလျှင် အပြစ်ဖြစ်/မဖြစ် ရေးခဲ့ပါ။

ဖြေ။ လက်သမားစသော ယောကျ်ားသည် ပြုအပ်သောဟတ္ထကမ်သည် ပုရိသတ္တကရမည်၏။

ဟတ္ထကမ်မည်သည် တစ်စုံတစ်ခုသော ဝတ္ထုမဟုတ်သောကြောင့် မေးသည်ဖြစ်စေ/မမေးသည်ဖြစ်စေ တောင်းကောင်း၏၊ တောင်းခြင်းကြောင့် အပြစ်မရှိပါ။

မေး။ ကုဋိသုံးမျိုးကို အဓိပ္ပါယ်နှင့်တကွရေးခဲ့ပါ။

ဖြေ။ (၁)တိုင်, ထုပ်လျောက်, တံခါးပေါင်, လေသာပြူတင်း, အခိုးထွက်ပေါက် စသောမလိမ်းကျံအပ်သောအရပ်ကို ချန်ထား၍ ကြွင်းသောလိမ်းကျံအပ်သောအရပ်၌ နံရံနှင့်တကွစပ်၍ အမိုး၏အတွင်း၌ အင်္ဂတေ+ မြေညက်ဖြင့် လိမ်းကျံအပ်သောကုဋိသည် "ဥလ္လိတ္တကုဋိ"မည်၏။

(၂)ဥလ္လိတ္တကုဋိနည်းတူ အမိုး၏အပြင်ဘက်၌ လိမ်းကျံအပ်သောကုဋိသည် "အဝလိတ္တကုဋိ"မည်၏။

(၃)ဥလ္လိတ္တကုဋိနည်းတူ အတွင်း,အပြင်လိမ်းကျံအပ်သောကုဋိသည်

http://www.dhammadownload.com



"ဥလ္လိတ္တာ ဝလိတ္တာကုဋိ "မည်၏။

မေး။ ဘုရားအထွာတော်၏ ပမာဏကိုရေးခဲ့ပါ။

ဖြေ။ ယခုခေတ် မရှိုမပုရိသ၏သုံးထွာသည် ဘုရားအထွာမည်၏၊ လက်သမား အတောင်အားဖြင့် တစ်တောင်ထွာသည် ဘုရားအထွာမည်၏။

မေး။ သညာစိကာယကုဋိ တိုင်းတာပုံကို ရေးခဲ့ပါ။

ဖြေ။ ကုဋိနံရံအပြင်ဘက်၌ ရေးဦးစွာလိမ်းကျံအပ်သော ကြီးစွာသောမြေညက်၏ အဆုံးကိုမယူဘဲ ဖွဲနှင့်ရောသောမြေစိုင်ခဲ၏ အဆုံးဖြင့် ဆဲ့နှစ်ထွာတို့ကို တိုင်းတာရမည်။

အကယ်၍ ဖွဲနှင့်ရောသောမြေစိုင်ခဲဖြင့် မပြုလုပ်လျှင် ကြီးစွာသော မြေညက်ကို သုတ်လိမ်း၍သာ ပြီးဆုံးပါက ထိုမြေညက်သည်ပင် အပိုင်းအခြားဖြစ်ပါသည်။ (ဤကား အလျားတိုင်းပုံတည်း)

ကုဋိ၏အပြင်ဘက်အစွန်းကိုမယူဘဲ အတွင်းစွန်းဖြင့် ခုနစ်ထွာယူရမည်ဖြစ်ပါသည်။ (ဤကား အနံတိုင်းတာပုံတည်း)

မေး။ ပမာဏကို အတိုး+အလျော့လုပ်၍ ရနိုင် /မရနိုင် ရေးခဲ့ပါ။

ဖြေ။ အလျားဘက်မှ လျော့၍ အနံဘက်ကို တိုးခြင်းငှါငှင်း၊ အနံဘက်မှ လျော့၍ အလျားဘက်ကို တိုးခြင်းငှါငှင်း၊ တစ်ဆံဖျားမျှ တိုးခြင်းငှါမအပ်

__*ပြုလုပ်ကောင်းသော ကုဋိ*__

ပမာဏနှင့်ယှဉ်သော ညောင်စောင်းကို ဟိုဘက်, သည်ဘက် မလှည့်သာဘဲ အောက်ထစ်ဆုံး လေးတောင်အပြန့်အကျယ်မရှိသော အလျားအတောင်(၆ဝ)၊ အနံ(၃)တောင်ဖြစ်စေ, လေးတောင်အောက် ငယ်သည်ဖြစ်စေ ပမာဏရှိသောကုဋိသည် "ကုဋိအရေအတွက်သို့

http://www.dhammadownload.com



မရောက်သောကြောင့် အပ်ပါသည်။

မေး။ အဘယ်ကြောင့် "အနာရမ္ဘ , သပရိက္ကမန ' မည်ပါသနည်း။

ဖြေ။ ပိုး၊ ရွစသောသတ္တဝါတို့၏နေရာစသော ဘေးရန်(၁၃)ပါးတို့မှင်း၊ ကောက်ပဲ၌မှီသောအရပ်စသော ဥပဒ္ဒဝေါ(၁၆)ပါးတို့မှင်း၊ ကင်းသောကြောင့် " အနာရမ္ဘ "ဟုခေါ်ပါသည်။

နွားနှစ်ကောင် , လေးကောင်ကသော လှည်းဖြင့် လှည်းဘီးတစ်ခုကို တံစက်မြိတ်ရေကျရာအရပ်၌၎င်း၊ ကျန်လှည်းဘီးတစ်ခုကို တံစက်မြိတ်အပြင်ဘက်၌၎င်း ထား၍ လှည့်လည်၍ရကောင်းသောကြောင့် "သပရိက္ကမန "ဟုခေါ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကိုရေးပါ။

ဖြေ။ အဒေသိတဝတ္ထုကနှင့် ပမာဏာတိက္ကန္တနှစ်မျိုးတို့တွင် တစ်မျိုးမျိုးကြောင့် သံဃာဒိသေသ်တစ်ချက်နှင့် ဒုက္ကဋ်နှစ်ချက်သင့်ကုန်၏။ နှစ်မျိုးလုံးရှိ၍ယှဉ်းလျှင်ကား သံဃာဒိသေသ်နှစ်ချက်နှင့်ဒုက္ကဋ်နှစ်ချက်သင့်ပါသည်။

မေး။ တံခါးဘောင်ကျည်းခွေ , လေသာပြူတင်းမတပ်သေးဘဲ ကျောင်းဆောက်ရာ၌ အာပတ်သင့်ပုံကို ရေးပါ။

ဖြေ။ တံခါးဘောင်ကျည်းခွေကိုဖြစ်စေ, လေသာပြူတင်းကိုဖြစ်စေ မတပ်သေးဘဲ ရှေးဦးစွာ မြေညက်ဖြင့်လိမ်းကျံသော်၎င်း, တံခါးဘောင်ကျည်းခွေနှင့် လေသာပြူတင်းကို တပ်ပြီးသော်လည်း အင်္ဂတေမြေညက်က မဆက်စပ်သေးလျှင်၎င်း၊ အာပတ်မသင့်သေးပါ။

တံခါးဘောင်, လေသာပြူတင်းတပ်ပြီး၍ နောက်ထပ်လိမ်းကျံသောအခါ ပထမလိမ်းကျံအပ်သောမြေညက်နှင့် ဆက်စပ်မှသာ သံဃာဒိသေသ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



မေး။ ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)မပြီးဆုံးသေးသောကုဋိကို အခြားသူအားပေးသောရဟန်း၊ (၂)မြေကြီးနှင့်ညီသည်အထိ ဖျက်ဆီးသောရဟန်း၊ (၃)လှိုဏ်ဂူ ,မြက်မိုးကုဋိ ,သစ်ရွက်မိုးကျောင်းတို့တွင် တစ်မျိုးမျိုးပြုလုပ်သောရဟန်း၊ (၄)ဥလ္လိတ္တစသောကုဋိကို အခြားရဟန်းနေဘို့ရန်ပြုလုပ်သောရဟန်း၊ (၅)နေဘို့ရန်မဟုတ်ဘဲ ဥပုသ်ကျောင်းဆောင်စသည်တို့တွင် တစ်မျိုးမျိုးအတွက် ပြုလုပ်သောရဟန်း၊ (၆)ဥမ္မတ္တကရဟန်းစသည်ဖြစ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)ဥလ္လိတ္တကုဋိစသည်တို့တွင် တစ်မျိုးမျိုးဖြစ်ခြင်း၊ (၂)အောက်ထစ်ဆုံး လေးတောင်ပမာဏဖြစ်ခြင်း၊ (၃)အဒေသိတဝတ္ထုကဖြစ်ခြင်း၊ (၄)ပမာဏာတိက္ကန္တဖြစ်ခြင်း၊ (၅)အတ္တုဒ္ဒေသိကဖြစ်ခြင်း၊ (၆)နေဘို့ရန် ကျောင်းဖြစ်ခြင်း၊ (၇)အင်္ဂတေမြေညက်တို့ ဆက်စပ်ခြင်းအားဖြင့် အင်္ဂါ(၆)ပါး၊ (သို့မဟုတ်) ခုနစ်ပါး ဖြစ်ပါသည်။

**(မှတ်ချက်)** အင်္ဂါ(၆)ပါး , (၇)ပါးဟူသည် အဒေသိတဝတ္ထုကနှင့် ပမာဏာတိက္ကန္တတို့ကို တစ်ပါးစီယူလျှင် အင်္ဂါ(၆)ပါးဖြစ်၏၊ နှစ်မျိုးလုံးယူလျှင် အင်္ဂါ(၇)ပါးဖြစ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၏ ကိရိယသမုဋ္ဌာန် , ကိရိယာကိရိယသမုဋ္ဌာန်ဖြစ်ပုံကို ရေးခဲ့ပါ။

ဖြေ။ (က)ကုဋိနေရာကို ညွှန်ပြစေ၍ ပမာဏလွန်သောကုဋိကို ပြုလျှင် ကိရိယသမုဋ္ဌာန်ကြောင့် ဖြစ်၏။

(ခ)ကုဋိနေရာကို မညွှန်ပြစေဘဲ ပြုလျှင် "ကိရိယာကိရိယသမုဋ္ဌာန် 'ကြောင့် ဖြစ်၏။

3
A

http://www.dhammadownload.com



## ဝိဟာရကာရသိက္ခာပုဒ်

မေး။ အဘယ်ကြောင့် မဟလ္လက ဟုခေါ်ပါသနည်း။

ဖြေ။ ကျောင်းရှင် ဒါယကာရှိသည်၏အဖြစ်ဖြင့် သညာစိကာကုဋိထက် မြင့်မြတ်သောကြောင့်၄င်း၊ ကျောင်းနေရာကိုညွှန်ပြစေ၍ ပမာဏလွန် အောင် ပြုကောင်းသောအားဖြင့် ပမာဏကြီးသောကြောင့်၄င်း၊ "မဟလ္လက "မည်၏။

မေး။ ဤသိက္ခာပုဒ်၌ အဘယ်ကြောင့် ပမာဏလွန်အောင်ပြုလုပ်ကောင်း ပါသနည်း။

ဖြေ။ ကျောင်းရှင် ဒါယကာရှိသောကြောင့် ဖြစ်ပါသည်။
" မဟလ္လကော နာမ ဝိဟာရော သဿာမိကော ဝုစ္စတိ "ဟူသော ပဒဘာဇနီပါဠိတော်ကို ထောက်၍သိပါ။

## ဒုဋ္ဌဒေါသသိက္ခာပုဒ်

မေး။ ဒုဋ္ဌနှင့် ဒေါသတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဒေါသဖြစ်လျှင် ထိုဒေါသသည် ပုဂ္ဂိုလ်ကိုဖျက်ဆီးလျက် ပင်ကိုယ် သဘောကိုစွန့်စေအပ်သောကြောင့် ဒုဋ္ဌမည်၏။
သူတစ်ပါးကို ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်၏။

မေး။ ပုဂ္ဂိုလ်တစ်ယောက်တည်းဖြစ်ပါလျက် အဘယ်ကြောင့် "ဒုဋ္ဌော, ဒေါသော "ဟု ဆိုပါသနည်း။

ဖြေ။ အခြင်းအရာထူးသောကြောင့် ပုဂ္ဂိုလ်တစ်ယောက်တည်းကိုပင် "ဒုဋ္ဌော , ဒေါသော"ဟုဆိုပါသည်။

http://www.dhammadownload.com



မေး။ အပ္ပတိတ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပိတိ ,သုခစသောတရားတို့သည် ရောင်ကြဉ်အပ်, မပြန့်နှံ့အပ်သောကြောင့် "အပ္ပတိတ 'ဟုခေါ်ပါသည်။

မေး။ အမူလကေန ၌ မူလအရနှင့် အမူလက၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ မူလအရ။ ဒိဋ္ဌမူလ , သုတမူလ, ပရိသင်္ကိတမူလ ဟူသော မူလသုံးပါးကိုရပါသည်။

ထိုမြင်ခြင်း, ကြားခြင်း,ယုံမှားခြင်းဟူသော အကြောင်းရင်းမူလ မရှိသောကြောင့် အမူလကဟုခေါ်ပါသည်။

မေး။ စွပ်စွဲပြောဆိုရာ၌ လိုရင်းပမာဏကို ရေးခဲ့ပါ။

ဖြေ။ စောဒကရဟန်း၏ မြင်ခြင်း, ကြားခြင်း ,ယုံမှားခြင်းဟူသော အကြောင်းရင်းမူလမရှိခြင်းသည်သာ လိုရင်းဖြစ်၏။ စုဒိတကရဟန်း၏ ပါရာဇိကအာပတ်သင့်မှု/မသင့်မှုသည် လိုရင်းမဟုတ်ပါ။

မေး။ ဒိဋ္ဌ ,သုတ ,ပရိသင်္ကိတတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ မိမိ၏ ပသာဒစက္ခုဖြင့်သော်၎င်း၊ဒိဗ္ဗစက္ခုဖြင့်သော်၎င်း၊ မမြင်အပ်သောအာရုံသည် အဒိဋ္ဌမည်၏၊ မြင်အပ်သောအာရုံသည် ဒိဋ္ဌမည်၏။ မိမိ၏ ပသာဒသောတ, ဒိဗ္ဗသောတဖြင့် တစ်စုံတစ်ယောက်ပြောသော စကားကို မကြားအပ်သောအာရုံသည် အသုတမည်၏၊ ကြားအပ်သော အာရုံသည် သုတမည်၏။

မိမိ၏၎င်း ,သူတစ်ပါး၏၎င်း၊ ဒိဋ္ဌ, သုတ, မုတနှင့်စပ်၍ စိတ်ထဲက မယုံမှားအပ်သောအာရုံသည် အပရိသင်္ကိတမည်၏၊ ယုံမှားအပ်သောအာရုံသည် ပရိသင်္ကိတမည်၏။

http://www.dhammadownload.com



မေး။ ပါရာဇိကေန စမ္မေနန္တိ ပါရာဇိကအရ ယူသင့်သောပါရာဇိကကို ရေးခဲ့ပါ။

ဖြေ။ ပါရာဇိက(၂၄)ပါးတို့တွင် ရဟန်းယောကျ်ားတို့အား လျောက်ပတ်သော ပါရာဇိက(၁၉)ပါးတို့တွင် တစ်ပါးပါးကိုယူရပါသည်။

ပဒဘာဇနီ၌ကား ပါရာဇိကုဒ္ဒေသ၌တိုက်ရိုက်လာသော ပါရာဇိကတို့ကိုသာယူ၍ "စတုန္နံ အညတရေန "ဟုဟောပါသည်။

မေး။ အနုဒ္ဓံသေယျအရ ပျောက်ပျက်သွားအောင် ဖျက်ဆီးခြင်းမျိုးကို "အနုဒ္ဓံသေယျ "ဟုခေါ်ပါသလော။

ဖြေ။ ပျောက်ပျက်သွားအောင် ဖျက်ဆီးခြင်းမျိုးကို မခေါ်ပါ၊ လွှမ်းမိုးနှိပ်စက်ခြင်းကိုသာ "အနုဒ္ဓံသေယျ "ဟုခေါ်ပါသည်။

မေး။ စောဒနာလေးမျိုးတို့ကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ဖြေ။ (၁)"သင်သည် မထုန်အကျင့်ကို မှီဝဲ၏ "စသောနည်းဖြင့် အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုကိုပြ၍ စောဒနာခြင်းသည် "ဝတ္ထုသန္ဒဿနာစောဒနာ "မည်၏။

(၂)"သင်သည် မေထုနဓမ္မအာပတ်သို့ရောက်၏ "စသောနည်းဖြင့် အာပတ်ကိုပြ၍ စောဒနာခြင်းသည် "အာပတ္တိသန္ဒဿနာစောဒနာ" မည်၏။

(၃)" သင်နှင့်အတူ ဥပုသ်, ပဝါရဏာ သံဃကံမရှိ "ဟူ၍ သံဝါသကို ပယ်ပြီး စောဒနာခြင်းသည် "သံဝါသပဋိက္ခေပစောဒနာ "မည်၏။

(၄)ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း, ယပ်ခပ်ပေးခြင်းစသည်တို့ကို မပြုသောအားဖြင့် စောဒနာခြင်းသည် "သာမီစိပဋိက္ခေပ စောဒနာ "မည်၏။

http://www.dhammadownload.com



**မေး။** ရှိနိုးခြင်းစသည်ကို မပြုရုံမျှဖြင့် သံဃာဒိသေသ်အာပတ်သင့်နိုင်ပါသလော။

**ဖြေ။** မသင့်နိုင်ပါ၊ စောဒနာခြင်းသည်သာ မည်ပါသည်။

**မေး။** သာမိစိပဋိကျေပစောဒနာကြောင့် သံဃာဒိသေသ်အာပတ်သင့်ရာအခါကို ရေးခဲ့ပါ။

**ဖြေ။** "သင်သည် ငါ့အား အဘယ်ကြောင့် ရှိနိုးခြင်းစသည်ကို မပြုပါသနည်း" ဟုမေးသော် "သင်သည် ရဟန်းမဟုတ်" စသောစကားတို့ဖြင့် ဆက်စပ်၍ ပြောဆိုရာအခါမှသာ သံဃာဒိသေသ်အာပတ်သင့်ပါသည်။

**မေး။** အပွေ၀ နာမ စသောစကားရပ်ဖြင့် ပယ်မြစ်အပ်သောအဓိပ္ပါယ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** (က)သာသနာတော်မှ ရွေ့လျောစေလိုခြင်း=စာဝနာဓိပ္ပါယ၊

(ခ)ဆဲရေးလိုခြင်း=အက္ကောသာဓိပ္ပါယ၊

(ဂ)ကံပြုလိုခြင်း= ကမ္မာဓိပ္ပါယ၊

(ဃ)အာပတ်မှထစေလိုခြင်း= ဝုဋ္ဌာနာဓိပ္ပါယ၊

(င)ဥပုသ်ကို တန့်ထားလိုခြင်း= ဥပေါသထဋ္ဌပနာဓိပ္ပါယ၊

(စ)ပဝါရဏာကို တန့်ထားလိုခြင်း= ပဝါရဏာဋ္ဌပနာဓိပ္ပါယ၊

(ဆ)မေးစိစစ်လိုခြင်း= အနုဝိဇ္ဇနာဓိပ္ပါယ၊

(ဇ)တရားဟောလိုခြင်း= ဓမ္မကထာဓိပ္ပါယ၊ ဟူ၍ အဓိပ္ပါယရှစ်မျိုးရှိပါသည်။

**မေး။** ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ- သံဃာဒိသေသော ပါဌ်အရ အပြစ်ကို ဝန်ခံမှ သံဃာဒိသေသ်အာပတ်သင့်ပါသလော။

—— ——

http://www.dhammadownload.com



ဖြေ။ အထက်ပါ ပါဠိကို အမူလကအဖြစ် ထင်ရှားရာကာလကို ပြခြင်း အကျိုးငှါ ဟောတော်မူခြင်းဖြစ်ပါသည်၊ သံဃာဒိသေသ်အာပတ်သို့ကား စွပ်စွဲဖျက်ဆီးရာအခါ၌ပင် သင့်ရောက်ခဲ့ပါသည်။

မေး။ အမူလက , အဝိကရဏတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ဒိဋ္ဌမူလစသည်တို့မရှိသောကြောင့် အမူလကမည်၏။ သမထတို့ဖြင့် ငြိမ်းစေအပ်သောကြောင့် အဓိကရဏမည်ပါသည်။ ဤ၌ ပါရာဇိကအာပတ်ဟူသော အာပတ္တာဓိကရဏ်းကိုယူရပါသည်။

မေး။ အဘယ်ပုဂ္ဂိုလ်မျိုးကို စွပ်စွဲလျှင် သံဃာဒိသေသ်အာပတ်သင့်ပါသနည်း။

ဖြေ။ ရဟန်းဖြစ်ပြီးသူကို စင်ကြယ်သည်ဖြစ်စေ, မစင်ကြယ်သည်ဖြစ်စေ မိမိစွပ်စွဲသော ပါရာဇိကအာပတ်သို့ မရောက်ဟုသိပါလျက် စာဝနာဓိပ္ပါယဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ်အာပတ်သင့်ပါသည်။

မေး။ နှုတ်ဖြင့်စွပ်စွဲမှသာ သံဃာဒိသေသ်အာပတ်သင့်ပါသလော။

ဖြေ။ လက်ချောင်းချီးခြင်းဟူသော ကိုယ်အမူအရာဖြင့် မျက်မှောက်၌ စောဒနာလျှင်လည်း သံဃာဒိသေသ်အာပတ်သင့်ပါသည်၊ မျက်ကွယ်၌ စောဒနာလျှင်ကား အာပတ်မသင့်ပါ။

(မှတ်ချက်) ခွင့်မတောင်းဘဲ စောဒနာလျှင် ဒုက္ကဋ်နှင့်တကွ သံဃာဒိသေသ်အာပတ်သင့်ပါသည်၊ ခွင့်တောင်းပြီးမှ စောဒနာလျှင် သံဃာဒိသေသ်အာပတ်သာ သင့်ပါသည်။

မေး။ သံဃာဒိသေသ်အာပတ်သင့်နိုင်ရန် အဓိပ္ပါယရှစ်မျိုးတို့တွင် လိုရင်း

http://www.dhammadownload.com



ကို ရေးခဲ့ပါ။

ဖြေ။ စာဝနာခိပ္ပါယသော လိုရင်းဖြစ်ပါသည်၊ အညွှာသာခိပ္ပါယဖြင့် စွပ်စွဲလျှင် ပါစိတ်အာပတ်သင့်၏၊ ကမ္မာခိပ္ပါယဖြင့် စွပ်စွဲလျှင်ကား ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)စုဒိတကပုဂ္ဂိုလ်သည် ရဟန်းဖြစ်ခြင်း၊

(၂)စုဒိတကပုဂ္ဂိုလ်အပေါ်၌ စင်ကြယ်၏ဟုအမှတ်ရှိခြင်း၊

(၃)စောဒနာအပ်သော ပါရာဇိကအာပတ်၏ ဒိဋ္ဌစသည်တို့၏ အစွမ်းအားဖြင့် အခြေအမြစ်မရှိခြင်း၊

(၄)စာဝနာခိပ္ပါယဖြင့် မျက်မှောက်၌ စွပ်စွဲခြင်း၊

(၅)စုဒိတကပုဂ္ဂိုလ်က ယုံစွပ်စွဲသောခဏ၌ သိခြင်းအားဖြင့် အင်္ဂါ(၅)ချက်ဖြစ်ပါသည်။

(မှတ်ချက်) အထက်ပါအင်္ဂါဟိုတွင် အမှတ်(၂)အင်္ဂါကိုထောက်၍ စုဒိတကရဟန်း၏ ပါရာဇိကကျမှု/ မကျမှုသည် လိုရင်းမဟုတ်၊ စွပ်စွဲသောပုဂ္ဂိုလ်က စုဒိတကအပေါ် သုဒ္ဓသညာဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ်အာပတ်သင့်သည်သာ ဟု မှတ်ရမည်။

## အညဘာဂိယသိက္ခာပုဒ်

မေး။ ဤသိက္ခာပုဒ်၌ အဓိကရဏအရ အဘယ်ကို ယူရပါသနည်း။

ဖြေ။ အဓိကရဏအရ တည်နေရာကို ယူရပါသည်။

မေး။ အညဘာဂိယမည်ပုံနှင့် အဓိကရဏမည်ပုံတို့ကို ရေးခဲ့ပါ။

ဖြေ။ အရှင်ဒဗ္ဗ၏ လူဇာတ်,ရဟန်းအဖြစ်ဟူသော အဘို့အစုမှ အခြားသော

http://www.dhammadownload.com



တိရစ္ဆာန်ဇာတ်, ဆိတ်ဖိုအဖြစ်ဟူသော အခြားသောအဖို့အစုရှိသော ကြောင့် ဆိတ်ဖိုသည် အညဘာဂိယမည်၏။

" ငါတို့သည် ဤဆိတ်ဖိုကို ဒဗ္ဗမလ္လပုတ္တပြုကြကုန်စို့ "ဟုပြောဆိုကုန်သော မေတ္တိယ ,ဘုမဇကရဟန်းတို့၏ ပြုအပ်သောအမည်သညာ၏ တည်ရာဖြစ်သောကြောင့် ဆိတ်ဖိုသည် "အဓိကရဏ"မည်၏။

**မေး။** ဤသိက္ခာပုဒ်၌ အဓိကရဏအရ ဝိဝါဒါဓိကရဏ်းစသည်တို့တွင် တစ်ပါးပါးကို ယူသင့်/မယူသင့် အကြောင်းပြ၍ဖြေဆိုပါ။

**ဖြေ။** မဖြစ်သင့်သောကြောင့် မယူသင့်ပါ။

**(အကျယ်အဖြေ)** မေတ္တိယ ,ဘုမဇကရဟန်းတို့သည် အဓိကရဏ်းလေးပါးတို့တွင် တစ်ပါးသောအဖို့ရှိသောအဓိကရဏ်း၏ ညွှန်ပြအပ်သော အမည်ကိုမယူကြ၊ အဓိကရဏ်းလေးပါးတို့၏ ငြိကပ်ခြင်း လေသမည်သည်လည်း မရှိသည့်အတွက် မဖြစ်သင့်သောကြောင့် မယူသင့်ပါ။

**မေး။** ဒေသနှင့် လေသတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ဤသူဟု ညွှန်ပြအပ်, ပြောဆိုအပ်သောကြောင့် ဇာတိစသည်တို့တွင် တစ်ပါးပါးသည် ဒေသမည်၏။

စကားအဖြစ်ဖြင့်သာ ငြိကပ်တတ်သောကြောင့် ဇာတိစသည်တို့တွင် တစ်ပါးပါးသည် လေသမည်၏။

**မေး။** သင့်သောအာပတ်နှင့် စွပ်စွဲစောဒနာသောအာပတ်တို့ တစ်ခြားစီဖြစ်နေလျှင် အာပတ်သင့်/မသင့်ရေးခဲ့ပါ။

**ဖြေ။** ထိုကဲ့သို့သော အာပတ္တညဘာဂိယစောဒနာမျိုး၌ ထိုအာပတ်သင့်၏ဟုအမှတ်ရှိသော်လည်း အာပတ်မသင့်ပါ။

http://www.dhammadownload.com



**(ရှင်းလင်းချက်)** အမှန်တကယ်သင့်သောအာပတ်က သံဃာဒိသေသ် အာပတ်ဖြစ်၏၊ စောဒနာသောအခါ ပါရာဇိကအာပတ်ဖြင့် စောဒနာ၏၊ ထိုသို့ စောဒနာရာ၌ အမှန်တကယ်ပင် ပါရာဇိကအာပတ်ထင်၍ စောဒနာလျှင် အာပတ်မသင့်ဟုဆိုလိုပါသည်။

## သံဃဘေဒကသိက္ခာပုဒ်

မေး။ အဘယ်ကို သမဂ္ဂသံဃာဟု ခေါ်ပါသနည်း။

ဖြေ။ စိတ်အားဖြင့်၎င်း ၊ ကိုယ်အားဖြင့်၎င်း မကွေမကွာယှဉ်သော အတူ တကွဖြစ်သောရဟန်းအပေါင်းကို "သမဂ္ဂသံဃာ" ဟုခေါ်ပါသည်။

မေး။ ကိုယ် ၊စိတ်တို့ဖြင့် မကွေမကွာယှဉ်ပုံကို ရေးခဲ့ပါ။

ဖြေ။ တူသောဥပုသ်ကံစသော သံဝါသရှိသောသံဃာသည် တူသောစိတ် ရှိသည်၏အဖြစ်ကြောင့် "စိတ်အားဖြင့် မကွေမကွာယှဉ်ပါသည်"။

တူသောသိမ်၌တည်သောသံဃာသည် ကာယသာမဂ္ဂီကိုပေးသော ကြောင့် "ကိုယ်အားဖြင့် မကွေမကွာယှဉ်ပါသည် "။

မေး။ ဤသိက္ခာပုဒ်၌ အဓိကရဏအရ ရေးခဲ့ပါ။

ဖြေ။ ဘေဒကရဝတ္ထု(၁၈)ပါးဟူသော အကြောင်းကို ရပါသည်။

မေး။ သံဃာကွဲပြားအောင်ပြုလုပ်သောရဟန်းကို မည်မျှလောက်ဝေး သောအရပ်တိုင်အောင် သွား၍ ဆုံးမရပါသနည်း။

ဖြေ။ အဆုံးစွန်သောအပိုင်းအခြားအားဖြင့် ယူဇနာဝက်တိုင်အောင်သွား ၍ ဆုံးမရပါမည်၊ မြင်ပါလျက်၊ ကြားပါလျက် မဆုံးမလျှင် ဒုက္ကဋ် အာပတ်သင့်၏။

http://www.dhammadownload.com



မေး။ သံဃဘေဒကရဟန်းကို "သမေတာယသ္မာ"စသည်ဖြင့် အဘယ်နေရာ၌ ဆုံးမရပါသနည်း။

သီးခြားဖြစ်စေ, သံဃာ့အလယ်၌ဖြစ်စေ သုံးကြိမ်ဆုံးမရပါသည်၊ ဆုံးမပါလျက် မစွန့်လွှတ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

မေး။ ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးခဲ့ပါ။

ဖြေ။ သမနုဘာသနကမ္မဝါစာပြုနေစဉ် ဉတ်ပြီးဆုံးသည်တိုင်အောင် မစွန့်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊

ကမ္မဝါစာနှစ်ကြိမ်ပြီးဆုံးသည်တိုင်အောင် မစွန့်လျှင် ထုလ္လစ္စည်းအာပတ်သင့်ပါသည်။

"ယံသ နက္ခမတိ သော ဘာသေယျ"၌ ယျ-အက္ခရာဟူသော တတိယကမ္မဝါစာ ပြီးဆုံးသည်တိုင်အောင် မစွန့်လျှင် ရှေ့ပိုင်းသင့်ရောက်သော ဒုက္ကဋ် ,ထုလ္လစ္စည်းအာပတ်တို့ (ဒေသနာမကြားရဘဲ အလိုလို ပြေသွား) ငြိမ်းသွားကုန်၍ သံဃာဒိသေသ်အာပတ်သာ သင့်တော့၏။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)ကွဲပြားခြင်းငှါ အားထုတ်ခြင်း၊ (၂)ဓမ္မကံဖြင့် ဆုံးမခြင်း၊ (၃)ကမ္မဝါစာပြီးဆုံးခြင်း၊(၄)မစွန့်လွှတ်ခြင်းအားဖြင့်အင်္ဂါလေးပါးဖြစ်၏

## ဘေဒါနုဝတ္တကသိက္ခာပုဒ်

မေး။ အဘယ် ရဟန်းမျိုးကို "အနုဝတ္တကရဟန်း"ဟုခေါ်ပါသနည်း။

ဖြေ။ သံဃဘေဒကရဟန်း၏ အမြင်,အယူ,နှစ်သက်မှု လိုလားမှုကို ယူသောအားဖြင့် အတုလိုက်၍ကျင့်သောရဟန်းကို "အနုဝတ္တကရဟန်း ဟုခေါ်ပါသည်။

4
B

http://www.dhammadownload.com



မေး။ အဘယ်ရဟန်းမျိုးကို ဝဇ္ဇဝါဒကရဟန်းဟုခေါ်ပါသနည်း။
ဖြေ။ အစုဖြစ်ကြောင်းစကား, မညီညွတ်သောအဖို့၌ ဖြစ်သောစကားကို ဆိုတတ်သောရဟန်းကို "ဝဇ္ဇဝါဒကရဟန်း"ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် "ကော ဝါ ဒွေ ဝါ တယော ဝါ "ဟုသာဆိုရပါသနည်း။
ဖြေ။ သံဃာအချင်းချင်း နိဂ္ဂဟကံမပြုနိုင်သောကြောင့် "ကော ဝါ ဒွေ ဝါ တယော ဝါ "ဟုသာ ဆိုရပါသည်။

မေး။ သံဃာအချင်းချင်း အဘယ်ကြောင့် ကံမပြုနိုင်ကြပါသနည်း။
ဖြေ။ ရဟန်းသုံးပါးတို့၏အထက်ဖြစ်သောရဟန်းတို့သည် ကမ္မာရဟပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့် သံဃာအချင်းချင်း ကံမပြုနိုင်ပါ။
***(မှတ်ချက်)*** အထက်ပါအမေး, အဖြေနှစ်ရပ်ကို ပေါင်းစပ်၍ "သံဃာအချင်းချင်း နိဂ္ဂဟကံမပြုနိုင်သည့်အတွက် ရဟန်းသုံးပါးထက်ပိုသောရဟန်းတို့သည် ကမ္မာရဟပုဂ္ဂိုလ်များမဟုတ်ကြသောကြောင့် "ကော ဝါ ဒွေ ဝါ တယော ဝါ" ဆိုရပါသည်ဟုဖြေလျှင်လည်း ဖြေနိုင်ပါသည်။

<u>ဒုဗ္ဗစ သိက္ခာပုဒ်</u>

မေး။ အဘယ်ရဟန်းမျိုးကို "ဒုဗ္ဗစရဟန်း"ဟုခေါ်ပါသနည်း။
ဖြေ။ ဆုံးမ၍ခဲယဉ်းသောသဘောရှိပြီး ပြောဆို၍မရနိုင်သော ရဟန်းမျိုးကို "ဒုဗ္ဗစရဟန်း "ဟုခေါ်ပါသည်။
မေး။ ဥဒ္ဒေသပရိယာပန္နေသု-၌ ဥဒ္ဒေသပရိယာပန္နအရ အဘယ်ကိုယူရပါသနည်း။

http://www.dhammadownload.com



ဖြေ။ ယဿသ သီယာ အာပတ္တိ၊ သော အာဝိကရေယျဟူ၍ အာပတ်အားလုံး သိမ်းကျုံးအပ်သောကြောင့် ပါတိမောက်၌အကျုံးဝင်ကုန်သော သိက္ခာပုဒ်အားလုံးကို ယူရပါသည်။

မေး။ အဘယ်ကို အဘယ်ကြောင့် သဟဓမ္မိကဟုခေါ်ပါသနည်း။

ဖြေ။ သိတင်းသုံးဖေါ်ငါးဦးတို့သည် ကျင့်ထိုက်သောကြောင့်၎င်း၊ သိတင်းသုံးဖေါ်ငါးဦးတို့၏ ဥစ္စာဖြစ်သောကြောင့်၎င်း၊ ဘုရားရှင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို "သဟဓမ္မိက "ဟုခေါ်ပါသည်။

မေး။ ဝဒတု သဟဓမ္မေန-၌ အဘယ်စကားမျိုးကို "သဟဓမ္မ"ဟု ခေါ်ပါသနည်း။

ဖြေ။ သဟဓမ္မိကဖြစ်သောသိက္ခာပုဒ်ကို၎င်း၊ သိက္ခာပုဒ်မှတစ်ပါးသော ကြည်ညိုဘွယ်ကိုဖြစ်စေတတ်သောစကားမျိုးကို၎င်း၊ သဟဓမ္မဟု ခေါ်ပါသည်။

## ကုလဒူသကသိက္ခာပုဒ်

မေး။ ဂါမံ ဝါ နိဂမံ ဝါ ဟုဆိုသဖြင့် မြို့ထဲ၌ ကုလဒူသနအမှု ပြုလုပ်ကောင်းပါသလော။

ဖြေ။ မြို့သည်လည်း ရွာ၌အကျုံးဝင်သောကြောင့် မပြုလုပ်ကောင်းပါ။

မေး။ အဘယ်ရဟန်းမျိုးကို ကုလဒူသနရဟန်းဟု ခေါ်ပါသနည်း။

ဖြေ။ ပန်းပေးခြင်းစသည်တို့ဖြင့် လူတို့၏သဒ္ဓါတရားကို ဖျက်စီးစေသော ရဟန်းကို "ကုလဒူသကရဟန်း "ဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ အာယသ္မာ ခေါ ကုလဒူသကော(ပ)အလံ တေ ဣဓ ဝါသေနာတိ ဖြင့် အဘယ်ကို ညွှန်ပြပါသနည်း။
ဖြေ။ ကုလဒူသကရဟန်း၏ ပဗ္ဗာဇနီယကံထိုက်ပုံကို ညွှန်ပြပါသည်။

မေး။ ပဗ္ဗာဇနီယကံအပြုခံရသောကြောင့် ရနိုင်သောအပြစ်တို့ကိုရေးခဲ့ပါ။
ဖြေ။ ကုလဒူသနအမှုပြုသောရွာ ,နိဂုံး၌၄င်း၊ ကျောင်း၌၄င်း၊ လှည့်လည်ခွင့် ,နေထိုင်ခွင့်ကို မရတော့ပါ။

၁မေး။ မာယသ္မာ ဝေ အဝစ၊ န စ ဘိက္ခူ ဆန္ဒဂါမိနော စသောစကားတို့ကို အဘယ်အကျိုးငှါ ဆိုပါသနည်း၊ ကုလဒူသနအမှုကို တားမြစ်ခြင်းငှါ ဆိုအပ်ပါသလော။
၁ဖြေ။ ဆန္ဒဂါမိနော စ ဘိက္ခူ စသောစကားတို့ကိုပြောဆိုပုတ်ခတ်သော ရဟန်းကို ထိုစကားကိုစွန့်ခြင်းငှါ ပြောဆိုခြင်းဖြစ်ပါသည်၊ ကုလဒူသန အမှုကို တားမြစ်ခြင်းငှါဆိုသည်မဟုတ်ပါ။

## နိဂုံးအဖွင့်

မေး။ အဘယ်ကြောင့် ပဌမာပတ္တိကအာပတ်ဟုခေါ်ပါသနည်း။
ဖြေ။ ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ပင် သင့်ရောက်ထိုက်သောကြောင့် ပထမာပတ္တိကအာပတ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် ယာဝတတိယကအာပတ်ဟုခေါ်ပါသနည်း။
ဖြေ။ သုံးကြိမ်တိုင်အောင် ဥတ်, ကမ္မဝါစာဖြင့် ဆုံးမသည်၏အဆုံး၌ သင့်ရောက်ထိုက်သောကြောင့် "ယာဝတတိယကအာပတ်"ဟုခေါ်၏။

http://www.dhammadownload.com


မေး။ စာနံ ပဋိစ္ဆာဒေတိ–အရ ဖုံးလွှမ်းခြင်းလက္ခဏာတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)အာပတ်သင့်ခြင်း၊ (၂)အာပတ်သင့်၏ဟုအမှတ်ရှိခြင်း၊ (၃)ပကတတ်ရဟန်းဖြစ်ခြင်း၊ (၄)ပကတတ်ရဟန်းဟုအမှတ်ရှိခြင်း၊ (၅)အန္တရာယ်မရှိခြင်း၊ (၆)အန္တရာယ်မရှိဟုအမှတ်ရှိခြင်း၊ (၇)ဒေသနာကြားခြင်းငှါစွမ်းနိုင်ခြင်း၊ (၈)စွမ်းနိုင်၏ဟု အမှတ်ရှိခြင်း၊ (၉)ဖုံးထားလိုခြင်း၊ (၁၀)ဖုံးထားခြင်းဟူ၍ (၁၀)ပါးရှိပါသည်။

***(မှတ်ချက်)*** ၄င်းဆယ်ပါးတို့တွင် တစ်ပါးပါးချို့ယွင်းလျှင် ဖုံးထားရာ မရောက်ဟု ဆိုလိုပါသည်။

***(ဆောင်)*** သင့်တုံ အာပတ်၊ ပကတတ်၊ ကင်းလတ်အန္တရာ။
ကြားငှါစွမ်းပြား၊ သညီပွါး ၊ရှစ်ပါးသရုပ်ချယ်။
ဖုံးလွှမ်းလိုပြား၊ ဖုံးလွှမ်းပြား ၊ဆယ်ပါးဖုံးလွှမ်းဘွယ်။

***ဖုံးလွှမ်းထားရာရောက်ပုံ*** ။

ဝတ္ထု၏အစွမ်းအားဖြင့်၄င်း၊ အမည်၏အစွမ်းအားဖြင့်၄င်း၊ အာပတ်သင့်မှန်းသိလျက် "မည်သူ့ကိုမျှ မပြောတော့ "ဟု ဖုံးလွှမ်းလိုသောစိတ်ရှိလျက် ဆုံးဖြတ်ချက်ချပြီး အာရုံတက်စေလျှင် အာပတ်ကိုဖုံးလွှမ်းရာ ရောက်၏။

အကယ်၍ အာပတ်မဟုတ်ဟုမှတ်ထင်သော်၄င်း၊ သံဃာဒိသေသ် အာပတ်မှ တစ်ပါးသောအာပတ်ဟုမှတ်ထင်သော်၄င်း၊ ယုံမှားသံသယရှိခဲ့သော်၄င်း၊ ဖုံးထားသော်လည်း ဖုံးလွှမ်းထားရာမရောက်ပါ။

မေး။ အဘယ်ရဟန်းမျိုးကို ပကတတ်ရဟန်းဟု ခေါ်ပါသနည်း။

ဖြေ။ ဥက္ခိတ္တကမဟုတ်သော တူသောသံဝါသရှိသောရဟန်းကို ပကတတ် ရဟန်းဟုခေါ်ပါသည်။

*******************

http://www.dhammadownload.com



မေး။ အန္တရာယ်(၁၀)ပါး သရုပ်ကို ရေတွက်ပြပါ။

ဖြေ။ မီးအန္တရာယ် , ရေအန္တရာယ်, မင်းအန္တရာယ်, လူအန္တရာယ်, နိုးသူ အန္တရာယ်, ဘီလူးအန္တရာယ်, သားရဲတိရစ္ဆာန်အန္တရာယ်, မြွေအန္တရာယ် အသက်အန္တရာယ်, အကျင့်အန္တရာယ်,ဟူ၍(၁၀)ပါးဖြစ်ပါသည်။

(ဆောင်) မီး ,ရေ ,မင်း ,လူ ,၊ နိုးသူ ,ဘီလူး ,သားရှဲ ,မြွေ ,သက် , ကျင့်မြတ်ဖျက်၊ ဆယ်ချက်အန္တရာယ်။

မေး။ အဘယ်သူကို စွမ်းနိုင်သူ ဟုခေါ်ပါသနည်း။

ဖြေ။ ရဟန်းတစ်ပါးထံသို့ သွားလာနိုင်, ပြောကြားခြင်းငှါလည်း တတ်နိုင် သော ရဟန်းကို "စွမ်းနိုင်သူ 'ဟုခေါ်ပါသည်။

မေး။ ဒေသနာပြောကြားသောရဟန်း၏ လိုရင်းပမာဏကို ရေးခဲ့ပါ။

ဖြေ။ ဒေသနာပြောကြားရာ၌ ဥပဇ္ဈာယ်စသောအဖြစ်သည် လိုရင်း ပမာဏမဟုတ်၊ သဘောတူသော သဘာဂပုဂ္ဂိုလ်ဖြစ်မှုသာ လိုရင်း ပမာဏဖြစ်ပါသည်။

မေး။ ပရိဝါသ်နေရမည့် ကာလအပိုင်းအခြားကို သတ်မှတ်၍ပြခဲ့ပါ။

ဖြေ။ ဖုံးလွှမ်းအပ်သည့်နေ့မှစ၍ ဒေသနာပြောကြားရာ နေ့တိုင်အောင် သော ကာလပတ်လုံး နေ့, ပက္ခ, ရက်,လ,နှစ်တို့ကို ရေတွက်၍ ပရိဝါသ် နေရပါသည်။

မေး။ ပရိဝါသ်အပြားကို ရေးခဲ့ပါ။

ဖြေ။ (၁)ပဋိစ္ဆန္နပရိဝါသ်၊ (၂)သုဒ္ဓန္တပရိဝါသ် ၊ (၃)သမောဓာနပရိဝါသ် အားဖြင့် သုံးပါးရှိပါသည်။

http://www.dhammadownload.com



မေး။ အဘယ်ပရိဝါသ်ကို ပဋိစ္ဆန္နပရိဝါသ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဖုံးလွှမ်းအပ်သောအာပတ်ကြောင့် ပေးအပ်သောပရိဝါသ်ကို "ပဋိစ္ဆန္နပရိဝါသ်"ဟုခေါ်ပါသည်။

မေး။ ပရိဝါသ်တောင်းပုံကို အကျဉ်းချုပ်ရေးခဲ့ပါ။

ဖြေ။ အာပတ်တစ်ခုကို တစ်ရက်ဖုံးထားလျှင်"အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ ဧကာဟပဋိစ္ဆန္နံ"ဟုဆို၍ တောင်းရမည်၊ နှစ်ရက်မှစ၍ (၁၄)ရက်တိုင်အောင် "ဒွီဟပဋိစ္ဆန္နံ ,တီဟပဋိစ္ဆန္နံ"စသည်ဖြင့် စုဒ္ဒသာဟပဋိစ္ဆန္နံ ဟုဆိုရမည်။

(၁၅)ရက်ဖုံးထားလျှင်ကား "ပက္ခပဋိစ္ဆန္နံ" ဟုဆိုရမည်၊ (၁၅)ရက်ထက်ကျော်ပြီးနောက် (၂၉)ရက်တိုင်အောင်ကား "အတိရေကပက္ခပဋိစ္ဆန္နံ"ဟုဆိုရမည်၊ တစ်လပြည့်လျှင် "မာသပဋိစ္ဆန္နံ"ဟုဆိုရပြီး၊ တစ်လထက်ကျော်လျှင် "အတိရေကမာသပဋိစ္ဆန္နံ ,ဒွေမာသပဋိစ္ဆန္နံ , အတိရေကဒွေမာသပဋိစ္ဆန္နံ"စသည်ဖြင့်ဆိုရမည်။

အာပတ်နှစ်ခု ,သုံးခုသင့်လျှင် "ဒွေ အာပတ္တိယော , တိဿော အာပတ္တိယော"ဟုဆိုရပြီး၊ သုံးခုအထက် တစ်ရာ, တစ်ထောင်ပင်ဖြစ်စေကာမူ "သမ္ဗဟုလာ"ဟုသာ ဆိုရမည်။

နာနာဝတ္ထုကအာပတ်တို့ကို (၁)အရေအတွက်၏အစွမ်းအားဖြင့်၄င်း၊ (၂)နာမည်နှင့်တကွဝတ္ထုကို ပြောကြားခြင်း၏အစွမ်းအားဖြင့်၄င်း၊ (၃)သံဃာဒိသေသ်ဟူသော အမည်မျှ၏အစွမ်းအားဖြင့်၄င်း၊ ပြောကြားနိုင်ပါသည်။

မေး။ ပရိဝါသ်ဆောက်တည်ပုံနှင့် ပရိဝါသ်ချပုံကို ရေးခဲ့ပါ။

ဖြေ။ <u>ပရိဝါသ်ဆောက်တည်ပုံ</u>။ "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"ဟု

http://www.dhammadownload.com



သုံးကြိမ်ရွတ်ဆို၍ ဆောက်တည်ရပါမည်။

ပရိဝါသ်ချပုံ။ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု သုံးကြိမ်ရွတ်ဆို၍ ဝါသ်ချရပါသည်။

**မေး။** ဝါသ်ဆောက်တည်ခြင်း , ဝါသ်ချခြင်းတို့၌ တစ်ပုဒ်တည်းဖြင့်ပင် ဝတ်ဆောက်တည်မှု ,ဝါသ်ချမှုဖြစ်နိုင် / မဖြစ်နိုင်ရေးခဲ့ပါ။

**ဖြေ။** တစ်ပုဒ်တည်းဖြင့်လည်း ပြီးနိုင်ပါသည်၊သို့သော် နှစ်ပုဒ်တို့ဖြင့်ကား ကောင်းစွာဆောက်တည်အပ်သည် , ချအပ်သည်မည်နိုင်ပါသည်။

**မေး။** ပရိဝါသ်ချထားရခြင်းအကျိုးကို ရေးခဲ့ပါ။

**ဖြေ။** ပရိဝါသ်ချထားပြီးရာအခါမှစ၍ ပကတတ်ရဟန်းအရာ၌ တည်ခွင့်အကျိုးရှိပါသည်။

**မေး။** ပရိဝါသ်စသော ဝိနည်းကမ္မဝါစာ၌ အသုံးပြုရွတ်ဆိုနိုင်သောအမည်တို့ကို ရေးခဲ့ပါ။

**ဖြေ။** "သံဃာဒိသေသော'ဟူသော သဇာတိသာဓာရဏအမည်အားဖြင့် ဖြစ်စေ၊ "အာပတ္တိ "ဟူသော သဗ္ဗသာဓာရဏအမည်အားဖြင့်ဖြစ်စေ၊ ရွတ်ဆိုဖတ်နိုင်ပါသည်။

*(မှတ်ချက်)* ပရိဝါသ်စသော ဝိနည်းကံကို (၁)ဝတ္ထု၏အစွမ်းအားဖြင့်၄င်း၊ (၂)အနွယ်၏အစွမ်းအားဖြင့်၄င်း၊ (၃)နာမည်၏အစွမ်းအားဖြင့်၄င်း၊ (၄)အာပတ်၏အစွမ်းအားဖြင့်၄င်း အသုံးပြုနိုင်ပါသည်။

ထိုတွင် သုက္ကဝိဿဋ္ဌိ ဟူသောအမည်သည် ဝတ္ထုလည်းမည်၏၊ ဂေါတ္တလည်းမည်၏၊ သံဃာဒိသေသော ဟူသောအမည်သည် နာမလည်းမည်၏၊ အာပတ္တိလည်းမည်၏။

http://www.dhammadownload.com



မေး။ သုဒ္ဓန္တပရိဝါသ်အဓိပ္ပါယ်နှင့် အပြားကိုရေးခဲ့ပါ။

ဖြေ။ အာပတ်အပိုင်းအခြား ,ညဥ့်အပိုင်းအခြားကိုမသိသော ရဟန်းအား ပေးအပ်သောပရိဝါသ်သည် သုဒ္ဓန္တပရိဝါသ်မည်၏။ ထိုသုဒ္ဓန္တပရိဝါသ်သည် (၁)စူဠသုဒ္ဓန္တပရိဝါသ် (၂)မဟာသုဒ္ဓန္တပရိဝါသ် ဟူ၍နှစ်မျိုးရှိပါသည်။

မေး။ သုဒ္ဓန္တပရိဝါသ်ပေးရာ၌ အာပတ်နှင့်ညဥ့်အပိုင်းအခြားနှစ်မျိုးတို့တွင် အဘယ်ကိုမသိမှုသည် လိုရင်းဖြစ်ပါသနည်း။

ဖြေ။ စူဠ ,မဟာသုဒ္ဓန္တပရိဝါသ်နှစ်မျိုးလုံးကို ညဥ့်အပိုင်းအခြားအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ မသိ ,မမှတ်မိ ,ယုံမှားရှိသောရဟန်းအား ပေးရပါသည်။ အာပတ်အပိုင်းအခြား သိမှု/မသိမှုသည် လိုရင်းမဟုတ်ပါ။

မေး။ သမောဓာနပရိဝါသ်အပြားကို ရေးခဲ့ပါ။

ဖြေ။ (၁)ဩဓာနသမောဓာနပရိဝါသ်၊ (၂)အဂ္ဃသမောဓာနပရိဝါသ်၊ (၃)မိဿကသမောဓာနပရိဝါသ်ဟူ၍ သုံးမျိုးရှိပါသည်။

မေး။ ဩဓာနသမောဓာနပရိဝါသ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပရိဝါသ်နေစဉ်အကြား၌ အခြားသောအာပတ်သို့ရောက်၍ ဖုံးလွှမ်းသောရဟန်းအား ပရိဝါသ်နေပြီးသောနေ့တို့ကို ခါတွက်, ချေဖျက်၍ ရှေ့အာပတ်၏ မူလနေ့အပိုင်းအခြား၌ နောက်ထပ်သင့်သော အာပတ်ကို ထည့်သွင်း၍ ပေးအပ်သောပရိဝါသ်ကို "ဩဓာနသမောဓာနပရိဝါသ် "ဟုခေါ်ပါသည်။

**********************

http://www.dhammadownload.com



မေး။ အဋ္ဌသမောဓာနပရိဝါသ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အာပတ်များစွာတို့တွင် အားလုံးသောအာပတ်တို့ထက် ကြာမြင့်စွာ ဖုံးထားအပ်သောအာပတ်တို့၏ ညဥ့်အပိုင်းအခြား၏အစွမ်းအားဖြင့် ပေါင်း၍ ကြွင်းသော ယုတ်လျော့စွာဖုံးထားအပ်သော အာပတ်တို့ကြောင့် ပေးအပ်သောပရိဝါသ်သည် "အဋ္ဌသမောဓာနပရိဝါသ်"မည်၏။

မေး။ မိဿကသမောဓာနပရိဝါသ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အထူးထူးသောဝတ္ထုရှိသောအာပတ်တို့ကို တစ်ပေါင်းတည်းပြု၍ ပေးအပ်သောပရိဝါသ်သည် " မိဿကသမောဓာနပရိဝါသ်" မည်၏။

မေး။ မာနတ်အပြားကို အဓိပ္ပါယ်နှင့်တကွရေးခဲ့ပါ။

ဖြေ။ မာနတ်သည် ပဋိစ္ဆန္နမာနတ် ,အပဋိစ္ဆန္နမာနတ်ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် မဖုံးလွှမ်းအပ်သောအာပတ်ရှိသောရဟန်းအား ပရိဝါသ်ကိုမပေးဘဲ မာနတ်ကိုသာ ပေးရသောမာနတ်သည် 'အပ္ပဋိစ္ဆန္နမာနတ်"မည်၏။

အာပတ်ကိုဖုံးလွှမ်းသောရဟန်းအား ပရိဝါသ်၏အဆုံး၌ ပေးအပ်သော မာနတ်သည် "ပဋိစ္ဆန္နမာနတ်" မည်၏။

ထိုတွင် <u>ပဋိစ္ဆန္နမာနတ်ကို ဤ၌ယူရပါသည်။</u>

မေး။ ပရိဝါသ်ဆောက်တည်ချိန် ,မာနတ်ကျင့်ချိန်၌ အနည်းဆုံး ရဟန်းမည်မျှနှင့် နေရပါသနည်း။

ဖြေ။ ပရိဝါသ်ဆောက်တည်ချိန်၌ အနည်းဆုံး ရဟန်းတစ်ပါးနှင့် အတူ နေရပါသည်၊ မာနတ်ကျင့်ရာ၌ကား အနည်းဆုံး ရဟန်းလေးပါးနှင့်အတူနေရပါသည်။

http://www.dhammadownload.com



မေး။ တေ ၈ ဘိက္ခူ ဂါရယှာ–အရ အဘယ်ရဟန်းကို ယူရပါသနည်း။

ဖြေ။ နှစ်ဆယ်အောက် ယုတ်လျော့မှန်းသိပါလျက် အဖွှာန်သွင်းကြသော ရဟန်းတို့ကို ယူရပါသည်။

## ❰ ဆံဖြာအဝိသေသ်ကဏ္ဍပြီး၏ ❱

### အနိယတကဏ္ဍ

### ပဌမအနိယတသိက္ခာပုဒ်

မေး။ မာတုဂါမအရ ယူသင့်သောမိမ္ဘကို ရေးခဲ့ပါ။

ဖြေ။ ထိုနေ့ဖွါးခါ၈ အသက်ရှင်ဆဲဖြစ်သော လူမိမ္ဘကို ယူရပါသည်။

မေး။ ရဟောအရ ယူသင့်သော ရဟာကို ရေးခဲ့ပါ။

ဖြေ။ ရဟ–အရ စက္ခုရဟာကိုသာ ယူရပါသည်။

*(ရှင်းလင်းချက်)* တံခါးပိတ်ထားသော အခန်းတံခါးအနီး၌ထိုင်နေသော တတ်သိနားလည်သောယောကျ်ားရှိသော်လည်း အာပတ်မသင့်အောင် မပြုနိုင်။

မြင်နိုင်လောက်သော (၁၂)တောင်အတွင်း၌ထိုင်နေသော မျက်စိမြင်သောသူသည် စိတ်ပြန့်လွင့်သော်လည်း ,ငိုက်နေသော်လည်း အာပတ်မသင့်အောင် ပြုနိုင်ပါသည်။

အနီး၌တည်သော မျက်စိကန်းနေသောသူသည် အာပတ်မသင့်အောင် မပြုနိုင်။ မျက်စိကောင်းသောသူသည် အိပ်ပျော်နေသူပင်ဖြစ်သော်လည်း အာပတ်မသင့်အောင်ပြုနိုင်၏။ မိမ္ဘတစ်ရာသည်လည်း အာပတ်မသင့်အောင် မပြုနိုင်၊ ထို့ကြောင့်

http://www.dhammadownload.com



စကျွရဟာကိုသာ ယူရပါသည်။

မေး။ နိသဒ္ဒံ ကပ္ပေယျ–ဟုဆိုသဖြင့် အိပ်နေလျှင် အာပတ်သင့်/ မသင့် ရေးခဲ့ပါ။

ဖြေ။ အိပ်ခြင်းကိုလည်း ထိုင်ခြင်းဖြင့်ပင် သိမ်းယူရသောကြောင့် အာပတ်သင့်နိုင်ပါသည်။

မေး။ အရိယာသာဝိကာမ က ပြောဆိုပါလျှက် အဘယ်ကြောင့် ရဟန်း၏ ဝန်ခံမှုဖြင့်သာ ဆုံးဖြတ်ရပါသနည်း။

ဖြေ။ မြင်အပ်သောအရာမည်သည် မြင်သည့်အတိုင်းလည်း ဖြစ်နိုင်၏၊ တစ်မျိုးတစ်ဖုံလည်း ဖြစ်နိုင်၏၊ ထို့ကြောင့် ဝန်ခံမှုဖြင့်သာ ဆုံးဖြတ်ရပါသည်။

မေး။ အဘယ်ကြောင့် အနိယတ ဟုခေါ်ပါသနည်း။

ဖြေ။ ဝန်ခံသောအာပတ် ,ဝန်ခံအပ်သောဝတ္ထု၏ အစွမ်းအားဖြင့် ဆုံးဖြတ်ထိုက်သောကြောင့် မမြဲသည့်အတွက်"အနိယတ"ဟုခေါ်ပါသည်။

**_(အာပတ်သင့်ပုံ)_**

အမျိုးသမီးထံသွားလို၍ ပြင်ဆင်ခြင်းလုလ္လပယောဂအားလုံးတို့၌ ဒုက္ကဋ်အာပတ်သင့်ပါသည်။

ဆိတ်ကွယ်သော အမျိုးသမီးရှိရာအရပ်သို့ သွားပြီး ရဟန်းနှင့်မိမ္မ တစ်ဦးဦးက ရှေးဦးစွာထိုင်၍ ကျန်တစ်ဦးက နောက်မှထိုင်သည်ဖြစ်စေ၊ နှစ်ဦးလုံး တစ်ပြိုင်နက်အတူ ထိုင်သည်ဖြစ်စေ ပါစိတ်အာပတ်သင့်သာ။

ကာယသံသဂ္ဂသို့ဖြစ်စေ ,မေထုန်သို့ဖြစ်စေ ရောက်လျှင် ဆိုင်ရာ သိက္ခာပုဒ်များဖြင့် ဆုံးဖြတ်ရမည်။

အိပ်လဲမပျော်, မျက်စိလဲ မကန်းသော သိကြားလိမ္မာသော(ဝိညူ

http://www.dhammadownload.com



(ပုရိသ)ပုဂ္ဂိုလ်သည် (၁၂)တောင် ဥပစာအတွင်း၌ရှိလျှင် ဆိတ်ကွယ်ရာအရပ်၌ နေလိုစိတ်မရှိပါက အာပတ်မသင့်ပါ။

## ဒုတိယအနိယတ သိက္ခာပုဒ်

မေး။ ဤသိက္ခာပုဒ်၌ အာပတ်မသင့်အောင်ပြုနိုင်သောပုဂ္ဂိုလ်တို့ကို ရေခဲ့ပါ။

ဖြေ။ မိန်းမဖြစ်စေ, ယောက်ျားဖြစ်စေ (၁)တတ်သိနားလည်သော (၂)မျက်စိမကန်းသော (၃)နားမထိုင်းသော (၄)ဆဲ့နှစ်တောင်အတွင်း၌ တည်သောသူဖြစ်လျှင် စိတ်ပြန့်လွင့်နေသူပင်ဖြစ်စေ, ငိုက်မြည်းနေသူပင်ဖြစ်စေ အာပတ်မသင့်အောင်ပြုနိုင်၏။

နားထိုင်းပြီး, မျက်စိမြင်သူဖြစ်လျှင်၄င်း၊ မျက်စိကန်းပြီး နားထိုင်းသူဖြစ်လျှင်၄င်း၊ အာပတ်မသင့်အောင် မပြုနိုင်။

## အနိယတကဏ္ဍ ပြီး၏

## နိဿဂ္ဂိယကဏ္ဍ

### စီဝရဝဂ် + ကထိန သိက္ခာပုဒ်

မေး။ အဘယ်သင်္ကန်းမျိုးကို နိဋ္ဌိတစီဝရဟု ခေါ်ပါသနည်း။

ဖြေ။ အပ်ချုပ်မှုပြီးဆုံးခြင်းဖြင့်သော်၄င်း၊ ပျောက်ခြင်း, ပျက်ခြင်း, မီးလောင်ခြင်း, သင်္ကန်း၌ဖြစ်သော အာသာပြတ်စဲခြင်း ဤလေးမျိုးတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာဖြင့်သော်၄င်း၊သင်္ကန်းကိစ္စပြီးဆုံးခြင်းကို "နိဋ္ဌိတစီဝရ "ဟုခေါ်ပါသည်။

***********************

http://www.dhammadownload.com



မေး။ စီဝရပလိဗောဓ ပြတ်စဲခြင်းကို အဘယ်ကြောင့် နိဋ္ဌိတစီဝရဟု ခေါ်နိုင်ပါသနည်း။

ဖြေ။ ကထိန်ခင်းပြီးသောရဟန်းအား သင်္ကန်းပျောက်ခြင်းစသော အခြင်းအရာတို့ဖြင့် စီဝရပလိဗောဓမပြတ်စဲသေးသမျှကာလပတ်လုံး ကထိန်အာနိသင်ကို ရနိုင်သောကြောင့် "နိဋ္ဌိတစီဝရ "ဟု ခေါ်နိုင်ပါသည်။

မေး။ ကထိန်ခင်းခြင်းကို အဘယ်ရဟန်းတို့အား ခွင့်ပြုအပ်ပါသနည်း၊ ရဟန်းမည်မျှရှိမှ ကထိန်ခင်းနိုင်ပါသနည်း။

ဖြေ။ ကထိန်ခင်းခြင်းကို ပုရိမဝါမှထသော ရဟန်းတို့အား ဘုရားခွင့်ပြုတော်မူပါသည်၊ ရဟန်းငါးပါးရှိမှသာ ကထိန်ခင်းနိုင်ပါသည်။

မေး။ ကထိန်ခင်းပုံအစီအစဉ်ကို အကျဉ်းချုပ်ရေးခဲ့ပါ။

ဖြေ။ (၁)ပုရိမဝါကပ်သောရဟန်းလေးပါး, သုံးပါး, နှစ်ပါး, တစ်ပါးရှိသောကျောင်း၌ ပစ္ဆိမဝါကပ်သောရဟန်းတို့ကို ငါးပါးဂိုဏ်းပြည့်အောင်ပြုလုပ်၍ ကထိန်ခင်းရမည်၊

(၂)ကထိန်သင်္ကန်းရလာလျှင် ကထိန်ခံထိုက်သောရဟန်းအား ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရမည်၊

(၃)ထိုကထိန်ခံထိုက်သောရဟန်းသည် ထိုလှူသောနေ့၌ပင် ငါးပိုင်းသော်၄င်း, ငါးပိုင်းထက်ပို၍သော်၄င်း ဖြတ်၍ ဒုကုဋ် ,ကေသိ, သင်းပိုင် တစ်မျိုးမျိုးချုပ်ရမည်၊ ကြွင်းသောရဟန်းတို့ကလည်း အဖော်အဖြစ်ကူညီ၍ ချုပ်ရမည်၊

*ချုပ်ပြီးသားရလျှင်ကား အပ်စပ်ကောင်းမွန်သည်သာ ဖြစ်ပါသည်။*

(၄)ကထိန်ခံသောရဟန်းသည် ခင်းလိုသောသင်္ကန်းအဟောင်းကို ပစ္စုဒ္ဓိရ်ပြုရမည်၊

http://www.dhammadownload.com



(၅)သက်န်းအသစ်ကို အဓိဋ္ဌာန်တင်ရမည်၊

(၆)ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ ， ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ၊ ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ ဟုဆို၍ ကထိန်ခင်းရမည်။

(၇)ကထိန်ခင်းပြီးနောက် ကထိန်ခင်းသောရဟန်းက ပုရိမဝါမှ ထပြီး ဥပစာရသိမ်(ကျောင်းတိုက်)အတွင်းရှိရဟန်းတို့ကို "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ"ဟုဆို၍ အနုမောဒနာပြုရန် တိုက်တွန်းရမည်။

(၈)ကြွင်းသောရဟန်းတို့ကလည်း "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ "ဟုငှင်း၊ အနုမောဒါမိ ဟုငှင်း ဆို၍ အနုမောဒနာပြုရမည်။

မေး။ ကထိန်သင်္ကန်းကို အဘယ်ပုဂ္ဂိုလ်များ လှူနိုင်ပါသနည်း။

ဖြေ။ လူ ,ရသေ့ ရဟန်းတို့တွင် မည်သူမဆို တစ်ယောက်ယောက်သည် တရားနှင့်ညီညွတ်စွာ လှူနိုင်ပါသည်။

မေး။ ချုပ်ပြီးသောသင်္ကန်း ,မဖြတ်မချုပ်ရသေးသောသင်္ကန်းဖြင့် ကထိန်ခင်းကောင်း/မခင်းကောင်းရေးခဲ့ပါ။

ဖြေ။ ချုပ်ပြီးသောသင်္ကန်းဖြင့် ကထိန်ခင်းကောင်းပါသည်၊ မဖြတ်ရသေးမချုပ်ရသေးသောသင်္ကန်းဖြင့် ကထိန်မခင်းကောင်းပါ။

မေး။ အဘယ်ပုဂ္ဂိုလ်များ ကထိန်ခင်းရာရောက်ပါသနည်း။

ဖြေ။ ပုရိမဝါမှထသောရဟန်းတို့တွင် အနုမောဒနာပြုသောရဟန်းများသာ ကထိန်ခင်းရာရောက်ပါသည်။

http://www.dhammadownload.com



မေး။ ပုဂ္ဂိုလ်ဝါမှတ်သောရဟန်းအားလုံး ကထိန်အာနိသင်ရပါသလား။

ဖြေ။ မရနိုင်ပါ၊ အနုမောဒနာပြုသောရဟန်းတို့သာ ကထိန်ခင်းရာရောက်၍ အာနိသင်ရပါသည်။

မေး။ ကထိန်အာနိသင်ကို အဘယ်ကာလမှ အဘယ်ကာလတိုင်ရပါသနည်း။

ဖြေ။ အနုမောဒနာပြုရာအခါမှစ၍ (တပေါင်းလပြည့်နေ့အတွင်း) ကထိန်နှုတ်ရာကာလတိုင်အောင် ရပါသည်။

မေး။ ကထိန်အာနိသင်ငါးပါးကို ရေတွက်ပြပါ။

ဖြေ။ (၁)အနာမန္တစာရ=အောင်မှုးရှိသောရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ သွားနိုင်ခြင်း၊

(၂)အသမာဒါနစာရ=အဓိဋ္ဌာန်တင်အပ်သောသင်္ကန်းကို အရပ်တစ်ပါးသို့ မယူဘဲသွားနိုင်ခြင်း၊

(၃)ယာဝဒတ္ထစီဝရ=အဓိဋ္ဌာန် ,ဝိကပ္ပနာမပြုဘဲ သင်္ကန်းများကို အလိုရှိသလောက်ထားနိုင်ခြင်း၊

(၄)ဂဏဘောဇန=ရဟန်းလေးပါးနှင့် လေးပါးအထက်ရဟန်းအပေါင်းအား မအပ်သောဝိညတ်ဖြင့် ပင့်ဖိတ်သော ဘောဇဉ်များကို အတူတကွခံယူ ,ဘုဉ်းပေးနိုင်ခြင်း၊

(၅)ယော စ တတ္ထ စီဝရုပ္ပါဒ=ကထိန်ခင်းရာကျောင်းတိုက်အတွင်းဖြစ်ပေါ်လာသမျှ သင်္ကန်းအားလုံးသည် အာနိသင်ရသောရဟန်းများနှင့်သာ သက်ဆိုင်ရခြင်း။

6
A

မေး။ ကထိန်အာနိသင်ကြောင့် အပြစ်မှကင်းလွတ်ခွင့်ရသော သိက္ခာပုဒ်

http://www.dhammadownload.com



တို့ကို ရေးခဲ့ပါ။

ဖြေ။ (၁)အနာမတ္တစာရကြောင့် စာရိတ္တသိက္ခာပုဒ်၊
(၂)အသမာဒါနစာရကြောင့် ဒုတိယကထိနသိက္ခာပုဒ်၊
(၃)ယာဝဒတ္ထစီဝရကြောင့် ပဌမကထိနသိက္ခာပုဒ်၊
(၄)ဂဏဘောဇနကြောင့် ဂဏဘောဇနသိက္ခာပုဒ်မှအသီးသီးကင်းလွတ်ခွင့်ရကြပါသည်။

မေး။ ကထိန်နုတ်ခြင်း မာတိကာရှစ်ပါးသရုပ်ကို ရေတွက်ပြပါ။

ဖြေ။ (၁)ပက္ကမနန္တိကာ= ဖဲသွားခြင်းအဆုံးရှိသော နုတ်ခြင်း၊
(၂)နိဋ္ဌာနန္တိကာ = သင်္ကန်းပြီးဆုံးခြင်းအဆုံးရှိသော နုတ်ခြင်း၊
(၃)သန္နိဋ္ဌာနန္တိကာ= ဆုံးဖြတ်ခြင်းအဆုံးရှိသော နုတ်ခြင်း၊
(၄)နာသနန္တိကာ= သင်္ကန်းလျာအဝတ် ပျောက်ဆုံးခြင်းအဆုံးရှိသော နုတ်ခြင်း၊
(၅)သဝနန္တိကာ=ကထိန်နုတ်ကြသတဲ့ ဟုကြားခြင်းအဆုံးရှိသော နုတ်ခြင်း၊
(၆)အာသာဝစ္ဆေဒိကာ= အာသာပြတ်စဲခြင်းရှိသောနုတ်ခြင်း၊
(၇)သီမာတိက္ကမနန္တိကာ= ဥပစာသိမ်အပြင်၌ သင်္ကန်းကာလကို လွန်ခြင်းရှိသော နုတ်ခြင်း၊
(၈)သဟုဗ္ဘာရာ= အတူတကွနုတ်ခြင်းရှိသော နုတ်ခြင်းဟု မာတိကာရှစ်မျိုးရှိပါသည်။

မေး။ ဥဒ္ဒုတသ္မိံ ကထိနေ-ဟူသောပါဌ်ဖြင့် အဘယ်ကိုညွှန်ပြပါသနည်း။ 6

ဖြေ။ အာဝါသပလိဗောဓ မရှိခြင်းကို ညွှန်ပြပါသည်၊ နိဋ္ဌိတစီဝရသ္မိံ B
ဟူသောပါဌ်ဖြင့် စီဝရပလိဗောဓ မရှိခြင်းကိုညွှန်ပြပါသည်။

http://www.dhammadownload.com



မေး။ ပလိမောက္ခစ်ပါ:၌ ပါဝင်သော မာတိကာတို့ကို အသီးသီးရေးခဲ့ပါ။

ဖြေ။ စီဝရပလိမောဝပြတ်စဲရာ၌ နိဿာနက္ကကာ ,နာသနက္ကကာ ,အာသာဝစ္ဆေဒိကာ,ဟူသောကထိန်နှုတ်ခြင်းဖြင့် မာတိကာသုံးပါး ပါဝင်ပါသည်။

အာဝါသပလိမောဝပြတ်စဲရာ၌ ကြွင်းသောကထိန်နှုတ်ခြင်း မာတိကာငါးပါး ပါဝင်ပါသည်။

မေး။ အဘယ်သင်္ကန်းမျိုးကို အတိရေကစီဝရဟုခေါ်ပါသနည်း။

ဖြေ။ အဓိဋ္ဌာန်တင်အပ်သောသင်္ကန်း ,ဝိကပ္ပနာပြုအပ်သောသင်္ကန်းတို့၌ မပါဝင်သောကြောင့် · အပိုအလျှံသင်္ကန်းကို "အတိရေကစီဝရ(အပိုသင်္ကန်း)ဟုခေါ်ပါသည်။

မေး။ အတိရေကစီဝရံ–၌ စီဝရအရကို မူလအားဖြင့်၄င်း၊ အနုလောမအားဖြင့်၄င်း၊ ခွဲခြားပြပါ။

ဖြေ။ *မူလစီဝရအနေအားဖြင့်*

(၁)ခေါမ= ခေါမတိုင်း၌ဖြစ်သောသင်္ကန်း၊

(၂)ကပ္ပါသိက= ဝါချည်ဖြင့် ရက်အပ်သောသင်္ကန်း၊

(၃)ကောသေယျ= ပိုးချည်ဖြင့် ရက်အပ်သောသင်္ကန်း၊

(၄)ကမ္ဗလ= သားမွေးဖြင့် ရက်အပ်သောသင်္ကန်း၊

(၅)သာဏ= ပိုက်ဆံလျှော်ချည်ဖြင့် ရက်အပ်သောသင်္ကန်း၊

(၆)ဘင်္ဂ= ငါးမျိုးစုံ ရော၍ ရက်အပ်သောသင်္ကန်း။

*အနုလောမအနေအားဖြင့်*

(၁)ဒုကူလ= ဘွဲပြူအဝတ်သင်္ကန်း၊

(၂)ပတ္တုဏ္ဏ= ပတ္တုဏ္ဏတိုင်း၌ဖြစ်သော ပိုးချည်အဝတ်သင်္ကန်း၊

(၃)သောမာရပဋ္ဋ= သောမာရတိုင်း၌ဖြစ်သောအဝတ်၊

http://www.dhammadownload.com



(၄)စိနပဋ္ဌ=ဓိနိ့တိုင်း၌ဖြစ်သောအဝတ်သင်္ကန်း၊
(၅)ဣဒ္ဓိမယ=ပေဟိ ဘိက္ခုဟု ခေါ်တော်မူသောအခါ ကုသိုလ်ကြောင့် ဖြစ်သောအဝတ်သင်္ကန်း
(၆)ဒေဝဒိန္န=နတ်တို့လှူအပ်သော အဝတ်သင်္ကန်း။

မေး။ အတိရေကစီဝရံ-၌ သင်္ကန်း၏ဇာတိနှင့်ပမာဏကို ရေးခဲ့ပါ။
ဖြေ။ ခေါမသင်္ကန်းစသော မူလသင်္ကန်း(၆)မျိုးတို့တွင် တစ်မျိုးမျိုးသည်၎င်း၊ အနုလောမသင်္ကန်း(၆)မျိုးတို့တွင် တစ်မျိုးမျိုးသည်၎င်း၊ သင်္ကန်း၏ဇာတိဖြစ်ပါသည်။
ဤသိက္ခာပုဒ်၌ ဝိကပ္ပနာပြုလောက်သော နောက်ဆုံးသင်္ကန်းကိုယူရ၏။

မေး။ ဝိကပ္ပနာပြုရမည့် အငယ်ဆုံးသင်္ကန်းပမာဏကို ရေးခဲ့ပါ။
ဖြေ။ အလျားတစ်တောင်ထွာ , အနံ တစ်ထွာခြောက်သစ်ရှိသော အဝတ်သင်္ကန်းသည် ဝိကပ္ပနာပြုလောက်သော အငယ်ဆုံးသင်္ကန်းပမာဏဖြစ်ပါသည်။

မေး။ သင်္ကန်း(၉)မျိုးနှင့် အဓိဋ္ဌာန်,ဝိကပ္ပနာပြုရမည့်ကာလအပိုင်းအခြားကို ရေးခဲ့ပါ။
ဖြေ။ သင်္ကန်းသည် သင်းပိုင် , ကောသိ ,ဒုကုဋ် ,အိပ်ယာခင်း ,မျက်နှာသုတ်ပဝါ ,ပရိက္ခာရစောဠ ,နိသီဒိုင်,မိုးရေခံသင်္ကန်း ,အမာလွှမ်းသင်္ကန်းဟု (၉)မျိုးရှိပါသည်။
*(ဆောင်ပုဒ်)* သင်း ,ကိုယ် ,ဒု ,အိပ် ,မျက် ,ပရိက်။
နိသီဒ် ,မိုး ,အမာ။
ထိုသင်္ကန်း(၉)မျိုးတို့တွင် တိစီဝရိက်ကို သံဃာဋိ ,ဥတ္တရာသင်္ဂ, စသော

http://www.dhammadownload.com



အမည်ဖြင့် အဓိဋ္ဌာန်တင်ရမည်၊ သံဃာဒိသေသအမည်ဖြင့် ဝိကပ္ပနာမပြုရ၊ သို့သော် "စီဝရ"ဟူသောအမည်သာမညဖြင့်ကား ဝိကပ္ပနာပြုကောင်းပါသည်။

မိုးရေခံသင်္ကန်းကို မိုးလေးလပတ်လုံး (ဝဿိကသာဋိက)အမည်ဖြင့် အဓိဋ္ဌာန်တင်၍ မိုးလေးလလွန်သောအခါ "စီဝရ"ဟူသောအမည်သာမညဖြင့် ဝိကပ္ပနာပြုရမည်။

နိသီဒိန်ကို "ဣမံ နိသီဒနံ အဓိဋ္ဌာမိ "ဟုမိမိအမည်ဖြင့် အဓိဋ္ဌာန်တင်၍ ဝိကပ္ပနာပြုရာ၌ကား "စီဝရ "ဟူသောအမည်သာမညဖြင့်သာ ဝိကပ္ပနာပြုရမည်။

အပေါ်လွှမ်းအိပ်ရာခင်းကို ပစ္စတ္ထရဏအမည်ဖြင့် အဓိဋ္ဌာန်တင်၍ စီဝရဟူသောအမည်သာမညဖြင့်သာ ဝိကပ္ပနာပြုရမည်။

အမာလွှမ်းသင်္ကန်းကို အနာပျောက်သည်တိုင်အောင် မိမိအမည်ဖြင့် အဓိဋ္ဌာန်တင်ပါ၊ အနာပျောက်ပြီးသောအခါ စီဝရဟူသောအမည်ဖြင့်သာ ဝိကပ္ပနာပြုရပါမည်။

မျက်နှာသုတ်ပုဝါ, ပရိက္ခာရအဝတ်တို့ကို မိမိအမည်ဖြင့် အဓိဋ္ဌာန်တင်၍ စီဝရဟူသောအမည်သာမညဖြင့်သာ ဝိကပ္ပနာပြုရပါမည်။

**မေး။** တိစီဝရိက်အဓိဋ္ဌာန်တင်သောရဟန်း ပြုလုပ်ရမည့် အစီအစဉ်ကို ရေးခဲ့ပါ။

**ဖြေ။** တိစီဝရိက်အဓိဋ္ဌာန်တင်သောရဟန်းသည် ရှေးဦးစွာ ဆိုးပြီး၍ ကပ္ပဗိန္ဒုထိုးကာ ပမာဏနှင့်ယှဉ်သောသင်္ကန်းကိုသာ အဓိဋ္ဌာန်တင်ရပါသည်

**မေး။** အဓိဋ္ဌာန်တင်လောက်သော တိစီဝရိက်၏ ပမာဏကို ရေးခဲ့ပါ။

**ဖြေ။** ဥက္ကဋ္ဌပရိစ္ဆေဒ(အကြီးဆုံး)အားဖြင့် ဘုရားရှင်၏ သင်္ကန်းတော်

http://www.dhammadownload.com



ပမာဏအောက် ငယ်သောပမာဏရှိလျှင် အပ်၏၊ အငယ်ဆုံး အပိုင်းအခြားအားဖြင့် ခုကုဋ်နှင့်ကေသီသည် အလျားအားဖြင့် မုဋ္ဌိပဉ္စက (တောင်ဆုပ်အားဖြင့် ငါးတောင်၊ (ဝါ)ငါးတောင်,တောင်ဆုပ်)ရှိရ၏။

အနံအားဖြင့် မုဋ္ဌိတိက(တောင်ဆုပ်သုံးတောင်၊(ဝါ)သုံးတောင်, တောင်ဆုပ်)ပမာဏရှိရပါသည်။

<u>သင်းပိုင်သည်</u> အလျားအားဖြင့် မုဋ္ဌိပဉ္စက=တောင်ဆုပ်ငါးတောင် ရှိရမည်။ အနံအားဖြင့် နှစ်တောင်ရှိပါသည်။ ၎င်းပမာဏထက်ကြီး လျှင် , ငယ်လျှင် ပရိက္ခာရစောဠဟု အဓိဋ္ဌာန်တင်ရပါသည်။

မေး။ တိစီဝရက်ကို ပစ္စုဒ္ဓိုရ်ပြုပုံ , အဓိဋ္ဌာန်တင်ပုံကို ရေးခဲ့ပါ။

ဖြေ။ <u>ပစ္စုဒ္ဓိုရ်ပြုပုံ</u>။ ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ၊
ဣမံ ဉတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ၊
ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ၊

<u>အဓိဋ္ဌာန်တင်ပုံ</u>။ ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊
ဣမံ ဉတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊
ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ၊

***(မှတ်ချက်)***။ ဟတ္ထပါသ်အတွင်း၌ဖြစ်လျှင် "ဣမံ "ဟု၎င်း၊ ဟတ္ထပါသ အပြင်ဘက်ဖြစ်၍ ဝေးလျှင် "ဧတံ "ဟု၎င်း ဆိုရပါသည်။

မေး။ တိစီဝရိက်ကို အဘယ်အကျိုးငှါ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ရ သနည်း။

ဖြေ။ လွယ်ကူစွာသုံးစွဲနိုင်ခြင်းအကျိုးငှါ တိစီဝရိက်ကို ပရိက္ခာရစော အဓိဋ္ဌာန်တင်ရပါသည်။

****************

http://www.dhammadownload.com



မေး။ မိုးရေခံသင်္ကန်းကို အဓိဋ္ဌာန်တင်ရာ၌ အဘယ်မျှလောက် ဆိုးရည် ဆိုးရပါသနည်း။

ဖြေ။ အဆင်းပျက်ရုံမျှ ဆိုးပြီးလျှင် သုံးဆောင်ခြင်းငှါအပ်ပါသည်၊သို့သော် နှစ်ထည်ကား မအပ်ပါ။

မေး။ ပစ္စတ္ထရဏ(အပေါ်လွှမ်းအိပ်ရာခင်း)၏ ပမာဏနှင့်အဆင်းကို ရေး ခဲ့ပါ။

ဖြေ။ ပစ္စတ္ထရဏ(အပေါ်လွှမ်းအိပ်ရာခင်း)သည် ကြီးသော်၎င်း ,တစ် ထည်တည်းသော်၎င်း, များသော်၎င်း အပ်ကုန်၏။ <u>အဆင်းအားဖြင့်</u> နီလ ,ပီတစသည်အားလုံးအပ်၏၊ အမြိတ်ဆာရှိလျှင် လည်း အပ်တော့၏။

မေး။ သင်္ကန်း(၉)ထည် အဓိဋ္ဌာန်တင်ရာ၌ တင်နိုင်သောသင်္ကန်းအရေ အတွက်ကို အသီးသီးခွဲခြားပြပါ။

ဖြေ။ တိစီဝရိက် ,မိုးရေခံသင်္ကန်း ,နိသီဒိုန် ,အမာလွှမ်းသင်္ကန်း ,ဟူသော သင်္ကန်း(၆)ထည်တို့ကို တစ်ထည်တည်းစီသာ အဓိဋ္ဌာန်တင်ရမည်။ ပစ္စတ္ထရဏ ,မုခပုဉ္ဆန ,ပရိက္ခာရစောဠ သုံးမျိုးတို့ကို အရေအတွက်အလို ရှိသလောက် အဓိဋ္ဌာန်တင်နိုင်၏။

မေး။ ကျောင်းအသုံးအဆောင်အတွက် လျှုဒါန်းသည်ကို အဓိဋ္ဌာန်တင်ရန် လိုအပ်ပါသလော။

ဖြေ။ ညောင်စောင်းပေါ်ခင်းသောဘုံလျှို(မဉ္စဘိသိ)၊ အင်းပျဉ်ပေါ်ခင်း သော ဘုံလျှို(ပီဌဘိသိ)၊ခေါင်းအုံး,ခြုထည်,ကော်ဇောတို့၌၎င်း၊ သေနာ သနအသုံးအဆောင်အတွက်လှုုအပ်သောအခင်း၌၎င်း၊ အဓိဋ္ဌာန်

http://www.dhammadownload.com



တင်စရာမလိုပါ။

မေး။ သင်္ဘိတ် ,ရေစစ်တို့ကို အဘယ်သို့ပြုရပါမည်နည်း။

ဖြေ။ ဝိကပ္ပနာပြုလောက်သော ပမာဏရှိလျှင် ပရိက္ခာရစောဠဟူ၍ အဓိဋ္ဌာန်တင်ရပါသည်။

မေး။ အဓိဋ္ဌာန်ကျကြောင်း ,ပျက်ကြောင်းအင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)သူတစ်ပါးအားပေးခြင်း၊ (၂)လုယူခြင်း၊ (၃)အကျွမ်းဝင်၍ ယူခြင်း၊ (၄)လူထွက်ခြင်း၊ (၅)သိက္ခာချခြင်း၊ (၆)သေခြင်း၊ (၇)လိင်ပြန်ခြင်း၊ (၈)ပစ္စုဒ္ဓိုရ်ပြုခြင်း ဟူ၍ရှစ်မျိုးရှိပါသည်။

***(ဆောင်)*** ပေးစွန့် ,နိုးဂုတ် ,ဝိဿာသဂ် ,လူထွက် ,ချသိက္ခာ။
သေဆုံး ,လိင်ပြန် ,ပစ္စုဒ္ဓ , ရှစ်တန် ကျဓိဋ္ဌာန်။

မေး။ တိစီဝရိက်အဓိဋ္ဌာန်ပျက်နိုင်လောက်သော အပေါက်၏ပမာဏကို ရေးခဲ့ပါ။

ဖြေ။ တိစီဝရိက်သည် လက်သန်း၏ လက်သည်းခွံပမာဏပေါက်လျှင် အဓိဋ္ဌာန်ပျက်၏။

***(ဆောင်)*** လက်သန်းသည်းမျှ ပေါက်လတ်က သုံးဝ စီဝရိက်မှာ။

***(မှတ်ချက်)*** ထိုလက်သည်းခွံ ပမာဏအပေါက်သည်လည်း ထုတ်ချင်းပေါက်သော အပေါက်ဖြစ်မှသာ အဓိဋ္ဌာန်ပျက်၏၊ အပေါက်၏ အလယ်အတွင်း၌ ချည်မျှင်တစ်မျှင်မျှ မပြတ်သေးလျှင် အဓိဋ္ဌာန်မပျက်သေးပါ။

မေး။ အဓိဋ္ဌာန်ပျက်နိုင်သော အပေါက်၏နေရာအရပ်ကို ရေးခဲ့ပါ။

ဖြေ။ ဒုကုဋ်နှင့်ကေသိတို့၏ အလျားအစွန်းမှ တစ်ထွာ၊ အနံအစွန်းဘက်မှ

http://www.dhammadownload.com



လက်ရှစ်သစ်ပမာဏရှိသောအရပ်၏ အတွင်းဘက်၌ ပေါက်သော အပေါက်သည် အဓိဋ္ဌာန်ပျက်နိုင်၏။

သင်းပိုင်၌ကား အလျားအစွန်းမှ တစ်ထွာ၊ အနံအစွန်းမှလက်လေးသစ်အရပ်ဘက်အတွင်းမှ ပေါက်လျှင် အဓိဋ္ဌာန်ပျက်၏၊ ထိုပမာဏရှိသောအရပ်၏ အပြင်ဘက်၌ ပေါက်သောအပေါက်သည် အဓိဋ္ဌာန်မပျက်နိုင်ပါ။

မေး။ မိုးရေခံသင်္ကန်း ,အမာလွှမ်းသင်္ကန်းတို့၏ အဓိဋ္ဌာန်ပျက်ရာကာလကို ရေးခဲ့ပါ။

ဖြေ။ မိုးရေခံသင်္ကန်းသည် မိုးလလွန်သောအခါ အဓိဋ္ဌာန်ပျက်၏၊ အမာလွှမ်းသင်္ကန်းသည် အနာပျောက်သောအခါ အဓိဋ္ဌာန်ပျက်၏။

မေး။ ဆယ်ရက်လွန်ရာ၌ အဘယ်ကြောင့် နိဿဂ္ဂိဖြစ်ရပါသနည်း။

ဖြေ။ အတိရေကသင်္ကန်းမဖြစ်အောင် မပြုလုပ်သောကြောင့် နိဿဂ္ဂိဖြစ်ရပါသည်။

မေး။ ဒသာဟပရမံ–အရ ဆယ်ရက်ကို အဘယ်သို့ရေတွက်ရပါသနည်း။

ဖြေ။ သင်္ကန်းဖြစ်ရာနေ့၏ လွန်ပြီးသောအရုဏ်သည် ထိုသင်္ကန်းဖြစ်ရာနေ့ကို မှီသောကြောင့် သင်္ကန်းရသောနေ့နှင့်တကွ ဆယ်ရက်ကို ရေတွက်ရပါသည်။

မေး။ ဆယ်ရက်လွန်၍ နိဿဂ္ဂိဖြစ်သောသင်္ကန်းကို စွန့်ပုံကို ရေးခဲ့ပါ။

ဖြေ။ ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

http://www.dhammadownload.com



မေး။ ဤသိက္ခာပုဒ်၌ နိဿဂ္ဂီပါစိတ်အာပတ် ကုစားပုံအစီအစဉ်အကျဉ်းချုပ်ကို ရေးခဲ့ပါ။

ဖြေ။ (က)နိဿဂ္ဂီဖြစ်သောသင်္ကန်းကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တစ်ဦးဦးထံ၌ စွန့်ရပါမည်၊
(ခ)ဗျတ္တ,ပဋိဗလရဟန်းတစ်ပါးက ထိုအာပတ်ကို ခံယူပါမည့်အကြောင်း ဉတ်ထား၍ သံဃာကိုသိစေရမည်၊
(ဂ)ဒေသနာပြောကြားရမည်၊
(ဃ)ဒေသနာကြားပြီးလျှင် စွန့်အပ်သောသင်္ကန်းကို ဉတ်ထား၍ ပြန်ပေးရမည်။

မေး။ သင်္ကန်းစွန့်ပုံပါဠိကို မဆိုတတ်လျှင် အဘယ်သို့ပြုလုပ်ရပါမည်နည်း။

ဖြေ။ မိမိနားလည်သော ဘာသာစကားတစ်မျိုးမျိုးဖြင့် ပြောဆိုနိုင်ပါသည်။

မေး။ ဝိနည်းကံအရ စွန့်အပ်သောသင်္ကန်းကို ပြန်လည်မပေးအပ်လျှင် အဘယ်အပြစ်များဖြစ်နိုင်ပါသနည်း။

ဖြေ။ "ငါ့အား ပေးအပ်ပြီ "ဟူသောသညာဖြင့် စွန့်အပ်သောသင်္ကန်းကို ပြန်၍မပေးလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်၊ ဥစ္စာရှင်ရဟန်း၏ပစ္စည်းမှန်း သိလျက် မပေးလျှင် ပိုင်ရှင်ရဟန်း၏ ရနိုင်မျှော်မှန်း(ဆုံးဖြတ်ချက်ချမှုပြုသောအခါ ဘဏ္ဍာကို တန်ဘိုးဖြတ်၍ ဆုံးဖြတ်ရမည်။

## *(အနှုပညတ်)* ဒုသာဟာပရမ်

မေး။ အာပတ်(၇)ပုံတို့ကို သီလဝိပ္ပတ္တိစသည်ဖြင့် ခွဲခြားပြခဲ့ပါ။

ဖြေ။ ပါရာဇိက နှင့် သံဃာဒိသေသ်အာပတ်တို့သည် သီလဝိပ္ပတ္တိဖြစ်၏။ ကြွင်းသောအာပတ်တို့သည် အာစာရဝိပ္ပတ္တိဖြစ်၏၊

http://www.dhammadownload.com



အာစိဝဝိပွတ္တိနှင့် ဒိဋ္ဌိဝိပွတ္တိဖြစ်သောအာပတ်ဟူ၍ တိုက်ရိုက်မရှိပါ။ သို့သော် အာစိဝဝိပွတ္တိဟူသောအကြောင်းကြောင့် ဒုဗ္ဘာသိအာပတ်မှ တစ်ပါးသော ကြွင်းသောအာပတ်(၆)ခုတို့ကို ပညတ်အပ်၏။

ဒိဋ္ဌိဝိပွတ္တိဟူသောအကြောင်းကြောင့် ပါစိတ်နှင့်ဒုက္ကဋ်အာပတ်တို့ကို ပညတ်အပ်ကုန်၏။

မေး။ ဤသိက္ခာပုဒ်၌ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)ခာတ် ,ပမာဏနှင့်ပြည့်စုံသောသက်န်း၏ မိမိဥစ္စာဖြစ်ခြင်း၊ (၂)နေ့ ရက် အရေအတွက်သို့ရောက်ခြင်း၊ (၃)ပလိဗောဓပြတ်ပြီးခြင်း၊ (၄)အတိရေကသင်္ကန်းဖြစ်ခြင်း၊ (၅)ဆယ်ရက်လွန်ခြင်း၊ဟူ၍အင်္ဂါ ငါးပါးဖြစ်ပါသည်။

## ဥဒ္ဒေါသိတသိက္ခာပုဒ်

မေး။ နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ–ဖြင့် အဘယ်အဓိပ္ပါယ်ကို သိနိုင်ပါသနည်း။

ဖြေ။ သင်္ကန်းပြီးဆုံးခြင်း, ကထိန်နှုတ်ခြင်းတို့ဖြင့် ပလိဗောဓပြတ်စဲခြင်းတို့ကို သိနိုင်ပါသည်။

မေး။ တိစီဝရေန ဝိပ္ပဝသေယျ–အရ သင်္ကန်းသုံးထည်လုံးနှင့် ကင်း၍နေမှ ဝိပ္ပဝါသမည်၍ အာပတ်သင့်နိုင်ပါသလော။

ဖြေ။ သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်နှင့် ကင်း၍နေလျှင်လည်း ဝိပ္ပဝါသမည်၍ အာပတ်သင့်နိုင်ပါသည်။

မေး။ သင်္ကန်းထားကောင်းသောအရပ်တို့ကို ရေတွက်ပြပါ။

http://www.dhammadownload.com



ဖြေ။ ရွာ, အိမ်, ဘဏ္ဍာတိုက်, ပြအိုး, တန်ဆောင်းဝန်း, ပြသာဒ်, ပြသာဒ်ဦးပြည်း, လှေ, လှည်း(လှည်းကုန်သည်, လှေကုန်သည်တို့၏ အပေါင်း) လယ်ယာ, ကောက်နယ်တလင်း, အာရာမ်, ကျောင်းတိုက်, သစ်ပင်အနီးအောက်, လွင်တီးခေါင် ဟူ၍ (၁၅)မျိုးရှိပါသည်။

(ဆောင်) ရွာ,အိမ်နှင့်, တိုက်၊ ထီးစိုက်ဦးပြည်း။
လှေ ,လှည်း ,ပြ ,လယ်၊ ကောက်နယ် ,သစ်ပင်။
လွင် ,အာရာမ် ,ကျောင်း၊ တန်ဆောင်းဆဲ့ငါး။
သင်္ကန်းထား၊ မှတ်သားအရပ်တည်း။

မေး။ အညတြ ဘိက္ခုသမုတိယာ–၌ အဘယ်သူက အဘယ်ရဟန်းအား အဘယ်သမ္မုတိပေးရပါသနည်း။

ဖြေ။ သံဃာက ဂိလာနရဟန်းအား တိစီဝရေန အဝိပ္ပဝါသသမ္မုတိကို ပေးရပါသည်။

မေး။ အဝိပ္ပဝါသသမ္မုတိရသောရဟန်းသည် ရောဂါပျောက်လျှင် သင်္ကန်းနှင့်ကင်း၍ နေသင့်/မနေသင့် ရေးခဲ့ပါ။

ဖြေ။ ရောဂါဝေဒနာပျောက်လျှင် သင်္ကန်းရှိရာအရပ်သို့ ပြန်လာရမည်၊ သို့မဟုတ် ထိုရောဂါပျောက်ရာအရပ်မှနေ၍ ပစ္စုဒ္ဓိုရ်ပြုရမည်၊ အကယ်၍ ထိုရောဂါဖြစ်စေ ,အခြားရောဂါတစ်ခုခုဖြစ်စေ ပြန်ဖြစ်လာလျှင် နောက်ထပ် သမ္မုတိတောင်းစရာမလိုပါ။

မေး။ ပထမနှင့်ဒုတိယ ကထိနသိက္ခာပုဒ်တို့၏ အထူးကိုရေးခဲ့ပါ။

ဖြေ။ ပထမကထိနသိက္ခာပုဒ်၌ အဓိဋ္ဌာန်မတင်ခြင်း, ဝိကပ္ပနာမပြုခြင်းသည် ပကြိယ(ပြုထိုက်သည်ကို မပြုခြင်း)မည်၏။

http://www.dhammadownload.com



ဒုတိယကထိနသိက္ခာပုဒ်၌ ပစ္စုဒ္ဓါရ်မပြုခြင်းသည် အင်္ဂါ(ပြု ထိုက်သည်ကို မပြုခြင်း)မည်၏။

မေး။ ဤသိက္ခာပုဒ်၌ နိဿဂ္ဂိသက်နိုးစွန့်ပုံကို ရေးခဲ့ပါ။

ဖြေ။ ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

မေး။ ဤသိက္ခာပုဒ်၌ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)တိစီဝရိက်အဓိဋ္ဌာန်တင်ပြီးသောသင်္ကန်းဖြစ်ခြင်း၊ (၂)ကထိန် မခင်းခြင်း၊ (၃)အဝိပ္ပဝါသသမ္မုတိမရခြင်း၊ (၄)ညဉ့်ကင်းခြင်း၊ဟူ၍ လေးပါးဖြစ်ပါသည်။

<u>အကာလစီဝရသိက္ခာပုဒ်</u>

မေး။ အကာလစီဝရံ-၌ ကာလ ,အကာလခွဲခြားပြပါ။

ဖြေ။ <u>ကထိန်မခင်းလျှင်</u> သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လသည်၄င်း၊

<u>ကထိန်ခင်းလျှင်</u> သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် ငါးလသည်၄င်း၊ ကာလမည်၏။

<u>ကထိန်မခင်းလျှင်</u> တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် (၁၁)လသည်၄င်း၊

<u>ကထိန်ခင်းလျှင်</u> တပေါင်းလပြည့်ကျော်တစ်ရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့တိုင်အောင်(၇)လသည်၄င်း၊ အကာလမည်၏။

မေး။ အဘယ်သင်္ကန်းမျိုးကို အကာလသင်္ကန်းဟုခေါ်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ သင်္ကန်းကာလမှအခြားသော အကာလ၌ဖြစ်သောသင်္ကန်းသည်၎င်း သင်္ကန်းကာလ၌ "ဤသင်္ကန်းသည် အကာလသင်္ကန်းပါတည်း"ဟု ပြော၍ သံဃာအား လှူအပ်သောသင်္ကန်းသည်၎င်း၊ "ဤသင်္ကန်းကို အရှင်ဘုရားအား လှူပါ၏"ဟု ပုဂ္ဂိုလ်အား လှူအပ်သောသင်္ကန်း သည်၎င်း၊ အကာလစီဝရမည်ပါသည်။

မေး။ ဥပသမ္ပန္နေယျ-၌ သင်္ကန်းရရန် နည်းအမျိုးမျိုးကို ရေးခဲ့ပါ။

ဖြေ။ (၁)မိမိ၏ဝေစုရခြင်း၏အစွမ်းအားဖြင့် သံဃာမှရရှိခြင်း၊
(၂)သုတ္တန္တိကစသောဂိုဏ်းမှ ရရှိခြင်း၊
(၃)ဆွေမျိုးထံမှ ရရှိခြင်း၊
(၄)မိတ်ဆွေထံမှ ရရှိခြင်း၊
(၅)ပံသုကူသင်္ကန်းရရှိခြင်း၊
(၆)မိမိ၏ဝါဂွမ်းစသောဥစ္စာဖြင့် ရရှိခြင်း၊
(၇)မာတိကာရှစ်မျိုးတို့တွင် တစ်မျိုးမျိုးမှ ရရှိခြင်း၊အားဖြင့် (၇)မျိုးရှိပါသည်။

မေး။ သင်္ကန်းဖြစ်ပေါ်ကြောင်း မာတိကာရှစ်ပါးကို ရေတွက်ပြပါ။

ဖြေ။ (၁)သိမ်၌လှူခြင်း၊ (၂)ကတိကဝတ်၌လှူခြင်း၊ (၃)ဆွမ်းဝတ်တည်ရာအရပ်၌လှူခြင်း၊ (၄)သံဃာအားလှူခြင်း၊ (၅)ဉဘတောသံဃာအား လှူခြင်း၊ (၆)ဝဿံဝုဋ္ဌသံဃာအားလှူခြင်း၊ (၇)ရည်ညွှန်း၍လှူခြင်း၊ (၈)ပုဂ္ဂိုလ်အားလှူခြင်း ဟူ၍မာတိကာရှစ်ပါးဖြစ်ပါသည်။

***(ဆောင်)*** သီမာ ,ကတိ ,ဆွမ်းကျွေးသည့် ၊ သံဃိလှူ သုံးဖြာ။
ရည်ညွှန်း ,ပိုင်းခြား ၊ ပုဂ္ဂိုလ်အား ,လှူငြား မာရှစ်ဖြာ။

မေး။ သီမာယ ဒေတိ-၌ သိမ်အပြားကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ (၁)ခဏ္ဍာသိမ် (၂)ဥပစာရသိမ် (၃)သမာနသံဝါသသိမ်
(၄)အဝိပ္ပဝါသသိမ် (၅)လာဘာသိမ် (၆)ဂါမသိမ်
(၇)နိဂမသိမ် (၈)နဂရသိမ် (၉)အဗ္ဘန္တရသိမ်
(၁၀)ဥဒကုက္ခေပသိမ်(၁၁)ဇနပဒသိမ် (၁၂)ရဋ္ဌသိမ်
(၁၃)ရဇ္ဇသိမ် (၁၄)ဒီပသိမ် (၁၅)စက္ကဝါဠသိမ်
ဟူ၍ (၁၅)မျိုးရှိပါသည်။

**(ဆောင်)** ခဏ်,ဥ,သမာ,အဝိပ္ပါ၊ လာ,ဂါ,နိ,န,အဗ္ဘန္တ။
ဥဒကုက်,ဇန၊ရဋ္ဌ,ရဇ္ဇာ၊ဒီ,စက္ကဝါ၊ သိမာဘေဒ၊ ပန္နရ။

မေး။ အဘယ်ကို ဥပစာရသိမ်ဟုခေါ်ပါသနည်း။

ဖြေ။ အကာအရံရှိသောကျောင်းတိုက်၏ အကာအရံအတွင်းသည်၎င်း၊ အကာအရံမရှိသောကျောင်းတိုက်၏ အကာအရံဖြစ်ထိုက်သော အရပ်အတွင်းသည်၎င်း၊ ဥပစာရသိမ်မည်၏။

**(တနည်း)** ရဟန်းတို့အမြဲစုဝေးရာအရပ်မှ၎င်း၊ အမြဲနေရာကျောင်းမှ၎င်း၊ ထာမမဇ္ဈိမပုရိသ၏ ခဲနှစ်ကျတို့၏အတွင်းသည် ဥပစာရသိမ်မည်၏။

**(မှတ်ချက်)** ဥပစာရသိမ်သည် ကျောင်းတိုးပွါးလာလျှင် သိမ်လည်းတိုးပွါးလာ၏၊ ကျောင်းယုတ်လျော့သွားသော် သိမ်လည်း ယုတ်လျော့သွား၏၊ ကျောင်းတိုးပွါးလာလျှင် ယူဇနာတစ်ရာတိုင်အောင်လည်း ဥပစာရသိမ် ကျယ်ပြန့်လာနိုင်၏။

မေး။ ဥပစာရသိမ်ဖြင့် ပိုင်းခြားသတ်မှတ်အပ်သော အစီအရင်တို့ကို ရေးခဲ့ပါ။

ဖြေ။ ဘိက္ခုနီမတို့၏အရာမ်အတွင်းသို့ဝင်ခြင်း၊သေနာသနကို ခွင့်ပန်ခြင်း

http://www.dhammadownload.com



တို့ကိုငှင်း၊ ပရိဝါသ်, မာနတ်လျှောက်ထားခြင်း, ဝါကျိုးခြင်း, နိဿယ်ယူခြင်း၊ ကျောင်းခံယူခြင်းစသောအစီအရင်အားလုံးကို ဥပစာရ သိမ်ဖြင့် ပိုင်းခြားသတ်မှတ်အပ်ပါသည်။

မေး။ အဘယ်ကို လာဘသိမ်ဟုခေါ်ပါသနည်း။

ဖြေ။ မင်း ,အမတ်ကြီးစသည်တို့က ကျောင်းဆောက်ပြီး၍ တစ်ဂါဝုတ်, ယူဇနာဝက်, တစ်ယူဇနာအရပ်ကို ကျောင်းတိုက်ပတ်ဝန်းကျင်၌ ပိုင်းခြား သတ်မှတ်ပြီးထားအပ်သောသိမ်သည် လာဘသိမ်မည်၏။

မေး။ အဘယ်သိမ်ကို နေပဒသိမ် ဟုခေါ်ပါသနည်း။

ဖြေ။ ကာသိတိုင်း, ကောသလတိုင်းစသောတိုင်းတို့၏ အတွင်း၌ရှိသော ဇနပုဒ်များရွာတို့တွင် တစ်ခုသောဇနပုဒ်အပိုင်းအခြားသည် နေပဒသိမ် မည်၏။

မေး။ အဘယ်သိမ်ကို ရဋ္ဌသိမ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကာသိတိုင်း, ကောသလတိုင်းစသောတိုင်းတို့၏ အပိုင်းအခြားသည် ရဋ္ဌသိမ်မည်၏။

မေး။ အဘယ်သိမ်ကို ရဇ္ဇသိမ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရှင်ဘုရင်တစ်ဦး၏ အာဏာဖြစ်ရာအရပ်သည် ရဇ္ဇသိမ်မည်၏။

မေး။ အဘယ်သိမ်ကို ဒီပသိမ်ဟု ခေါ်ပါသနည်း။

ဖြေ။ သမုဒ္ဒရာဖြင့်ပိုင်းခြားအပ်သောကျွန်းကြီးသည်၄င်း, အကြား၌တည် သောကျွန်းငယ်သည်၄င်း ဒီပသိမ်မည်၏။

http://www.dhammadownload.com



မေး။ အဘယ်သိမ်ကို စက္ကဝါဠသိမ်ဟု ခေါ်ပါသနည်း။

ဖြေ။ စကြာဝဠာတောင်တစ်ခုဖြင့် ပိုင်းခြားအပ်သော အကာအရာမ် အတွင်းသည် စက္ကဝါဠသိမ်မည်၏။

မေး။ သိမ် နှင့် ပစ္စည်းအသီးသီးကို ရ/ မရအနေအားဖြင့် ပိုင်းခြားဝေဘန်ပြပါ။

ဖြေ။ ခဏ္ဍသိမာယ ဒေမ–ဟုဆို၍ လှူအပ်သောပစ္စည်းဝတ္ထုသည် ခဏ္ဍသိမ်၌တည်သောရဟန်းများသာ ရနိုင်၏၊ ခဏ္ဍသိမ်အပြင်ဘက် သိမန္တရိက်၌တည်သော ရဟန်းများသော်မှလည်း မရနိုင်ပါ။

ဥပစာရသိမာယ ဒေမ–ဟုဆို၍ လှူလျှင်ကား ထိုဥပစာသိမ်အပိုင်းအခြား၌ရှိသော ခဏ္ဍသိမ်၌၄င်း, သိမန္တရိက်တို့၌၄င်း, တည်သောရဟန်းများလည်း ရနိုင်ပါသည်။

မေး။ သိမ်၏အမည်ထူးများကို မသတ်မှတ်ဘဲ သာမညအားဖြင့် "သိမာယ ဒမ္မိ "ဟုဆို၍လှူခဲ့လျှင် အဘယ်သိမ်၌တည်သောရဟန်းများ ဝေဘန်ရပါမည်နည်း။

ဖြေ။ ဥပစာရသိမ်၌တည်သောရဟန်းများ ဝေဘန်ရပါသည်။

မေး။ ကတိကဝတ်ဟူသည် အဘယ်ကို ခေါ်ပါသနည်း။

ဖြေ။ တူသောလာဘ်ရှိအောင် ပြုအပ်သော ကတိကဝတ် ကို ခေါ်ပါသည်။

8 မေး။ "သံဃာအား လှူပါ၏ "ဟုဆို၍လှူခဲ့လျှင် အဘယ်ပုဂ္ဂိုလ်များ ရနိုင်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ ဥပစာရသိမ်၌ရှိသောရဟန်းတို့သည်၎င်း, ထိုသိမ်၌ရှိသောရဟန်းတို့နှင့် တစ်စပ်တည်းစပ်၍နေသော ဥပစာရသိမ်အပြင်ဘက်၌ ရှိသောရဟန်းတို့သည်၎င်း ရနိုင်ပါသည်။

မေး။ "ဥဘတောသံဃာနှင့် အရှင်ဘုရားအား လှူပါ၏" ဟုဆိုလျှင် အဘယ်ကဲ့သို့ ဝေဘန်ရပါမည်နည်း။

ဖြေ။ ဘိက္ခုသံဃာ(၁၀)ပါး, ဘိက္ခုနီသံဃာ(၁၀)ပါးအားဖြင့် အပါး(၂၀)ရှိလျှင် ဝေစု(၂၁)စုခွဲဝေ၍ တစ်စုကို ပုဂ္ဂိုလ်အားပေးပြီး ကျန်အစု(၂၀)ကို ဥဘတောသံဃာခွဲဝေယူရပါသည်။

ပုဂ္ဂလိကဝေစုတစ်စုရသောပုဂ္ဂိုလ်သည် သံဃာမှလည်း ဝေစုတစ်စု ရနိုင်ပါသေးသည်၊ *(အကြောင်းကား)* ဥဘတောသံဃာသဒ္ဒါဖြင့် ထိုပုဂ္ဂိုလ်ကို ယူရသောကြောင့်တည်း။

မေး။ ဘိက္ခုသံဃာအား၎င်း, ဘိက္ခုနီမတို့အား၎င်း လှူပါ၏ " ဟုဆိုလျှင် အဘယ်ကဲ့သို့ ဝေဘန်ရပါမည်နည်း။

ဖြေ။ တစ်ဝက်စီခွဲ၍ မပေးရပါ၊ ရဟန်းနှင့်ရဟန်းမတို့ကို ရေတွက်၍ ပေးရပါသည်။

မေး။ ဘိက္ခုသံဃာအား၎င်း, ဘိက္ခုနီမတို့အား၎င်း, အရှင်ဘုရားအား၎င်း လှူပါ၏ ,ဟုဆို၍ လှူလျှင် အဘယ်ကဲ့သို့ ဝေဘန်ရပါမည်နည်း။

ဖြေ။ ပုဂ္ဂလိကသီးခြားဝေစုတစ်စုကို ပုဂ္ဂိုလ်အား မပေးဘဲ ဘိက္ခု -ဘိက္ခုနီ အပါးအရေအတွက်ကို ရေတွက်၍သာ ခွဲခြမ်းဝေဘန်ရမည်။

မေး။ "ဝဿံ ဝုဋ္ဌသံဃာအား လှူပါ၏ "ဟုဆို၍လျှင် အဘယ်ပုဂ္ဂိုလ်များ ရ

နိုင်ပါသနည်း။

ဖြေ။ ဝါမကျိုးသော ပုရိမဝါမှ ထသောရဟန်းများ ရနိုင်ပါသည်။

မေး။ "ခိပ္ပမေဝ ကာရေတဗ္ဗံ "အရ အဘယ်မျှလောက် လျှင်မြန်အောင် ပြုလုပ်ရပါမည်နည်း။

ဖြေ။ ဆယ်ရက်အတွင်း၌ပင် မြန်မြန်ပြုရပါသည်။

မေး။ "နော စသ ပါရိပူရိ "အရ အဘယ်မျှလောက် မပြည့်စုံ မလုံလောက်ခြင်းကို ခေါ်ပါသနည်း။

ဖြေ။ အစိဋ္ဌာန်တင်နိုင်လောက်သော သင်္ကန်းဖြစ်အောင် မချုပ်လောက် သောအားဖြင့် မပြည့်စုံခြင်းကို "နော စသ ပါရိပူရိ "ဟုခေါ်ပါသည်။

မေး။ "သတိယာ ပစ္စာသာယ"အရ သင်္ကန်းလျာပုဆိုး ရနိုင်သော မျှော် လင့်ချက်ရှိရာဌာနတို့ကို ရေးခဲ့ပါ။

ဖြေ။ (၁)ငါ့အတွက် သင်္ကန်းလျာအဝတ် ရလိမ့်မည်ဟု သံဃာ,ဂိုဏ်း,ဆွေ မျိုး, မိတ်ဆွေတို့တွင် တစ်နေရာရာမှသော်၎င်း၊ (၂)ပံသုကူရလိမ့်မည် ဟု၎င်း၊ (၃)ငွေ-းစသော ကပ္ပိယဘဏ္ဍာဖြင့် သင်္ကန်းလျာအဝတ် ရဘို့ ရန် မျှော်လင့်ချက်များကို "ပစ္စာသာယ" အရယူရပါသည်။

မေး။ "တဝတော စေ ဥတ္တရိ"အရ တစ်လထက်ပိုလွန်အောင် ထားနိုင်ရန် အဘယ်သို့ပြုလုပ်ရပါမည်နည်း။

ဖြေ။ မူလသင်္ကန်းက နူးညံ့ပြီး ပစ္စာသာသင်္ကန်းက ကြမ်းတမ်းကာ ရော နှော၍ ချုပ်ခြင်းငှါ မဖြစ်နိုင်လျှင် တစ်လမပြည့်သေးပါက အခြားပစ္စာ သာ သင်္ကန်းရမှသာ တစ်လအတွင်း၌ ပြုလုပ်ရမည်။

http://www.dhammadownload.com



အကယ်၍ အခြားသောပစ္စာသာသက်န်းမရခဲ့လျှင် ပထမရခဲ့သော သက်န်းကို ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ရမည်။

သို့မဟုတ် မူလသက်န်းက ကြမ်းပြီး ပစ္စာသာသက်န်းက နူးညံ့နေလျှင် မူလသက်န်းကို ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ ပစ္စာသာသက်န်းကိုပင် မူလသက်န်းပြုကာ နောက်ထပ်တစ်လထားနိုင်ခွင့်ရှိ၏။

*(ထပ်ဆင့်ရှင်းလင်းချက်)* မူလသက်န်းက နူးညံ့၍ ပစ္စာသာသက်န်းက ကြမ်းနေလျှင် နှစ်ထည်လုံးကို ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ထားရမည်။

သို့မဟုတ် မူလသက်န်းက ကြမ်း၍ ပစ္စာသာသက်န်းက နူးညံ့လျှင် မူလသက်န်းကို ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပြီး ပစ္စာသာသက်န်းကိုပင် မူလသက်န်းပြုကာ တစ်လ,တစ်လထားနိုင်လောက်အောင်သောနည်းဖြင့် ဆက်ကာဆက်ကာပြုလုပ်သွားပါက တစ်လထက်ပိုလွန်အောင် ထားနိုင်ပါသည်။

မေး။ ပထမကထိနသိက္ခာပုဒ်နှင့် အကာလစီဝရသိက္ခာပုဒ်တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပထမကထိနသိက္ခာပုဒ်၌ ဆယ်ရက်လွန်ခြင်းဖြစ်၏၊ တတိယကထိနဟုသော အကာလစီဝရသိက္ခာပုဒ်၌ တစ်လလွန်ခြင်းဖြစ်၏။

## ပုရာဏစီဝရသိက္ခာပုဒ်

မေး။ အညာတိကာယအရ ဆွေမျိုးမတော်သောပုဂ္ဂိုလ်များကို ညွှန်ပြပါ။

ဖြေ။ အမိဘက်မှငှင်း ,အဖဘက်မှငှင်း ,ခုနစ်ဆက်+ခုနစ်ဆက်တိုင်အောင် မည်သည့်အခြင်းအရာဖြင့်မှ မစပ်သူကို "အညာတိကာယ= ဆွေမျိုး မတော်သူ"ဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ ဘိက္ခုနီအရ အဘယ်ဘိက္ခုနီမများကို ယူရပါသနည်း။

ဖြေ။ သာကီဝင်မင်းသမီးများကဲ့သို့ ဘိက္ခုသံဃာသက်သက်၌သော်၎င်း, ဥဘတောသံဃာ၌သော်၎င်း၊ ရဟန်းဖြစ်သောဘိက္ခုနီမများကို ယူရပါသည်။

မေး။ ပုရာဏစီဝရအရ အဘယ်သင်္ကန်းမျိုးကို သင်္ကန်းအဟောင်းဟု ခေါ်ပါသနည်း။

ဖြေ။ (၁)ဆိုးပြီး, ကပ္ပဗိန္ဒုထိုးပြီး၍ တစ်ကြိမ်မျှ ဝတ်ရုံပြီးသော သင်္ကန်းသည်၎င်း၊ (၂)အောက်ထစ်ဆုံးအားဖြင့် သုံးစွဲသည့်အနေအားဖြင့် ပုခုံး, ဦးခေါင်းထိပ်၌ တင်၍ ခရီးသွားဘူးသောသင်္ကန်းသည်၎င်း၊(၃)ခေါင်းအုံးပြုလုပ်၍ အိပ်ဘူးသောသင်္ကန်းသည်၎င်း၊ ပုရာဏစီဝရ=သင်္ကန်းအဟောင်းဟုခေါ်ပါသည်။

မေး။ ဓောဝါပေယျအရ ဖွပ်စေပုံအခြင်းအရာတို့ကို ရေးခဲ့ပါ။

ဖြေ။ (၁)ဖွပ်ပါဟု နှုတ်ကခိုင်း၍ ဖွပ်စေခြင်း၊ (၂)ကိုယ်အမူအရာဖြင့် ဖွပ်စေခြင်း၊ (၃)မိမိလက်ဖြင့် ဘိက္ခုနီမလက်၌ တိုက်ရိုက်ပေး၍ ဖွပ်စေခြင်း၊ (၄)ခြေရင်း၌ချထား၍ ဖွပ်စေခြင်း၊ (၅)ဆဲ့နှစ်တောင်အတွင်း၌ တည်ပြီး ပစ်ပေး၍ ဖွပ်စေခြင်း၊ (၆)အခြားသူ၏လက်၌ ပို့ခိုင်း၍ ဖွပ်စေခြင်းအားဖြင့် ဖွပ်စေပုံအခြင်းအရာ(၆)မျိုးရှိပါသည်။

မေး။ လုမ, သာမဏေမ, သိက္ခမာန်မ အားဖွပ်စေရာ၌ ရဟန်းဖြစ်ပြီးမှ ဖွပ်လျှင် အဘယ်အပြစ်ဖြစ်ပါသနည်း။

ဖြေ။ ရဟန်းဖြစ်ပြီးမှ ဖွပ်လျှင်လည်း နိဿဂ္ဂိပါစိတ်အာပတ်ပင် သင့်ပါသည်၊ အမျိုးသားနှင့် သာမဏေအားဖွပ်စေရာ၌ လိင်ပြန်ပြီးနောက်

http://www.dhammadownload.com



ရဟန်းခံကာ ဖွပ်လျှော်လျှင်လည်း နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

ရဟန်းတစ်ပါးကို ဖွပ်စေရာ၌ ထိုရဟန်းက လိင်ပြန်ပြီးမှ ဖွပ်လျှော် လျှင်လည်း နိဿဂ္ဂိပါစိတ်အာပတ်မသင့်ပါသည်။

မေး။ ဖွပ်လျှော်ခိုင်းအပ်သောသင်္ကန်းသည် အဘယ်အခါ နိဿဂ္ဂိဖြစ်ပါ သနည်း။

ဖြေ။ ဖွပ်လျှော်ပြီး၍ မြောက်အပ်ပြီးကာမျှဖြစ်သော်၄င်း, ဆိုးအပ်ပြီးကာ မျှဖြစ်သော်၄င်း, ထုရိုက်ပြီးကာမျှဖြစ်သော်၄င်း နိဿဂ္ဂိဖြစ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ သင်္ကန်းစွန့်ပုံ ပါဠိအသီးသီးကို ရေးခဲ့ပါ။

ဖြေ။ (က)ဓောဝါပနသင်္ကန်းဖြစ်လျှင်= ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာ တိကာယ ဘိက္ခုနိယာ ဓောဝါပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

(ခ) ရဇာပနသင်္ကန်းဖြစ်လျှင်= ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာ တိကာယ ဘိက္ခုနိယာ ရဇာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

(ဂ) အာကောဋာပိတသင်္ကန်းဖြစ်လျှင်= ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ အာကောဋာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

မေး။ ဖွပ်လျှော်ခြင်း, ဆိုးခြင်း, ထုရိုက်ခြင်း သုံးမျိုးလုံးကိုခိုင်းရာ၌ အဘယ် ကဲ့သို့ အာပတ်သင့်ပါသနည်း။

ဖြေ။ တစ်မျိုးကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၍ ကျန်နှစ်မျိုးကြောင့် ဒုက္ကဋ်နှစ်ချက်သင့်ပါသည်။

http://www.dhammadownload.com



မေး။ (က)ဆွမ်းဖျိုးတော်သောဘိက္ခုနီမကို ဆွမ်းဖျိုးမတော်ဟူသောအမှတ်ဖြင့် ခိုင်းသော်၄င်း၊ (ခ)ဆွမ်းဖျိုးမတော်သောဘိက္ခုနီမကို ဆွမ်းဖျိုးတော်၏ဟူသောအမှတ်ဖြင့် ခိုင်းသော်၄င်း၊ အဘယ်အာပတ်များသင့်ပါသနည်း။

ဖြေ။ (က)ဒုက္ကဋ်အာပတ်သင့်ပါသည်။
(ခ)နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်များကို ဖေါ်ပြပါ။

ဖြေ။ (၁)ဆွမ်းဖျိုးတော်သောဘိက္ခုနီမ၏ သူငယ်ချင်းဖြစ်သောဘိက္ခုနီမ ဖွပ်လျှော်လျှင်၄င်း၊ (၂)မပြောဆို,မစေခိုင်းအပ်ဘဲ ဖွပ်လျှင်၄င်း၊ (၃)မသုံးစွဲအပ်သေးသော သင်္ကန်းအသစ်ကို ဖွပ်လျှင်၄င်း၊ (၄)သိက္ခမာန်, သာမဏေမတို့ ဖွပ်လျှင်၄င်း၊ (၅)ဥမ္မတ္တကစသည်တို့အား၄င်း၊ အာပတ်မသင့်ကြပါ။

မေး။ ဤသိက္ခာပုဒ်၌ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)သင်္ကန်းဟောင်းဖြစ်ခြင်း၊ (၂)ဆဲ့နှစ်တောင်ဥပစာ၌တည်၍ ဆွမ်းဖျိုးမတော်သောဘိက္ခုနီမကို စေခိုင်းခြင်း၊ (၃)ထိုဘိက္ခုနီမက ဖွပ်, ဆိုးခြင်းစသည်ကို ပြုခြင်းအားဖြင့် သုံးမျိုးဖြစ်ပါသည်။

## စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်

မေး။ ဤသိက္ခာပုဒ်၌ စီဝရအရ အဘယ်သင်္ကန်းကို ယူရပါသနည်း။

ဖြေ။ ခေါ်မစသောသင်္ကန်း(၆)မျိုးတို့တွင် ဝိကပ္ပနာလောက်သော သင်္ကန်းတစ်မျိုးမျိုးကို ယူရပါသည်။

***************

http://www.dhammadownload.com



မေး။ ပဋိဂ္ဂဟဆောယျအရ အလှူခံမြောက်နိုင်သောအခြင်းအရာကို ရေးခဲ့ပါ။

ဖြေ။ (၁)လက်ဖြင့် လက်၌ (ဝါ)လက်, လက်ချင်းပေးသည်ကိုငင်း၊ (၂)ရဟန်း၏ရှေ့ရင်း၌ ချထားသည်ကိုငင်း၊ (၃)တရားဟောစဉ် ဆဲ့နစ်တောင် ဉပစာကိုလွှတ်၍ ရဟန်းအပေါ်၌ ပစ်ချထားသည်ကိုငင်း၊ သာယာလျှင် ခံယူသည်ပင်မည်တော့၏။

မေး။ အဘယ်ကဲ့သို့ ခံယူလျှင် အာပတ်မသင့်နိုင်ပါသနည်း။

ဖြေ။ (၁)လူ,သာမဏေ၏လက်၌ ပေးပို့စေလွှတ်သည်ကို ခံယူလျှင်ငင်း၊ (၂)ဘိက္ခုနီက ပံသကူပစ်ထားသည်ကိုပံသကူဟုအဓိဋ္ဌာန်၍ယူလျှင်ငင်း
(၃)အကျွမ်းဝင်သဖြင့် ယူလျှင်ငင်း၊
(၄)စေတ္တခဏငှါးရမ်းလျှင်ငင်း၊
(၅)သပိတ်အိပ်စသော အဓိဋ္ဌာန်မတင်ရသော ပရိက္ခရာကိုခံယူလျှင်ငင်
(၆)သိက္ခမာန်, သာမဏေမတို့ လက်မှခံယူလျှင်ငင်း၊ အာပတ်မသင့်ပါ။

မေး။ အညတြ ပါရိဝတ္တကာ ၌ လဲလှယ်မှုမြောက်ပုံကို ရေးခဲ့ပါ။

ဖြေ။ အောက်ထစ်ဆုံးအားဖြင့် သျှစ်ရှားသီးပိုင်းမျှကို ပေး၍ဖြစ်စေ၊ ပေမည်ဟု နှလုံးသွင်း၍ဖြစ်စေ လဲလှယ်လျှင် လဲလှယ်မှုမြောက်ပါသည်။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းဖြစ်ခြင်း၊ (၂)လဲလှယ်ခြင်း မရှိခြင်း၊ (၃)ဆွေမျိုးမတော်သော ဘိက္ခုနီမလက်မှ ခံယူခြင်းအားဖြင့် သုံးမျိုးရှိပါသည်။

■■■■■■■■■■■■■■■■■

http://www.dhammadownload.com



## အညာတကဝိညတ္တိသိက္ခာပုဒ်

**မေး။** ဂဟပတိ, ဂဟပတာနိအရတို့ကို ရေးခဲ့ပါ။

**ဖြေ။** ရဟန်းတို့အထံ၌ ရဟန်း မပြုသောလူကို "ဂဟပတိ"အရယူရပါသည်။ ဘိက္ခုနီမတို့အထံ၌ ဘိက္ခုနီ မပြုသောလူမိန်းမကို "ဂဟပတာနီ"အရ ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)အဓိဋ္ဌာန်,ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း၊ (၂)သမယ မဟုတ်ခြင်း၊ (၃)ဆွေမျိုးမတော်သူကို တောင်းခြင်း၊ (၄)တောင်း၍ ရခြင်းအားဖြင့် လေးပါးဖြစ်ပါသည်။

## တတုတ္တရိသိက္ခာပုဒ်

**မေး။** တဒ္ဓေ ဘိက္ခုံ ၌ ဘိက္ခုအရ အဘယ်ရဟန်းမျိုးကို ယူရပါသနည်း။

**ဖြေ။** ခိုးသူလုယက်သောသင်္ကန်းရှိသောရဟန်းနှင့် ပျောက်သောသင်္ကန်း ရှိသောရဟန်းတို့ကို ယူရပါသည်။

**မေး။** အဘိဟဋ္ဌုံ ပဝါရေယျ၌ အဘယ်သို့ဖိတ်ခြင်းကို ယူရပါသနည်း။

**ဖြေ။** အလိုရှိသလောက် အဝတ်သင်္ကန်းကို ခံယူပါဟု ဖိတ်ခြင်းကို ယူရပါသည်။ (တနည်း) အနီးသို့ဆောင်ယူလာ၍ ရှေ့၌ချထားကာ ကိုယ်ဖြင့်သော်၎င်း၊ "တပည့်တော်တို့၏ အဝတ်ဂိုဒေါင်မှ အလိုရှိသလောက် ခံယူပါ" ဟုပြောကာ နှုတ်ဖြင့်သော်၎င်း၊ ဆောင်၍ဖိတ်ခြင်းကို ယူရပါသည်။

**မေး။** သန္တရုတ္တရပရမံ ၌ အဘယ်မျှလောက်သောသင်္ကန်းကို ခံယူရပါသနည်း။

http://www.dhammadownload.com



ဖြေ။ သင်းပိုင်နှင့်တကွ အပေါ်ရုံကေသီကို ခံယူရပါသည်။
(မှတ်ချက်) သင်းပိုင်နှင့်တကွ အပေါ်ရုံကေသီကို "သန္တရုတ္တရပရမ" ဟုခေါ်ပါသည်ဟု ဆိုလိုပါသည်။

မေး။ သင်္ကန်းဖြင့်အလိုရှိသလောက် ဖိတ်ရာ၌ အဘယ်ကဲ့သို့ အလှူခံရပါမည်နည်း။
ဖြေ။ သင်္ကန်းသုံးထည်ပျောက်လျှင် နှစ်ထည်ကိုသာ အလှူခံရမည်၊ နှစ်ထည်ပျောက်လျှင် တစ်ထည်ကိုသာ အလှူခံရမည်၊ ပင်ကိုယ်ကတည်းကပင် သင်းပိုင်နှင့်ကေသိ နှစ်ထည်တည်းသာ ရှိသူသည် ၄င်းနှစ်ထည်လုံး ပျောက်လျှင်ကား နှစ်ထည်ကို ခံယူနိုင်ပါသည်။
သုံးထည်တို့တွင် တစ်ထည်ပျောက်ပါက တစ်ထည်ကိုမျှ အလှူမခံထိုက်ပါ။ သင်္ကန်းနှစ်ထည်ရှိသူသည် ထိုနှစ်ထည်တို့တွင် တစ်ထည်ပျောက်ပါက တစ်ထည်ကို သာယာနိုင်၏။
တစ်ထည်တည်းသာရှိလျက် ၄င်းတစ်ထည်ပျောက်လျှင် နှစ်ထည်သာယာနိုင်ပါသည်။

မေး။ ဘိက္ခုနီမများအတွက် သင်္ကန်းခံယူထိုက်ပုံကို ရေးခဲ့ပါ။
ဖြေ။ (၅)ထည်ပျောက်လျှင် နှစ်ထည်ကို သာယာနိုင်,ခံယူနိုင်၏၊
၄-ထည်ပျောက်လျှင် တစ်ထည်ကို လက်ခံ,သာယာနိုင်၏၊
၃-ထည်,၂-ထည်, တစ်ထည်ပျောက်လျှင် တစ်ထည်ကိုမျှ အလှူမခံရ။
***(အကြောင်းကား)*** မည်သူမဆို သင်းပိုင်နှင့်တကွ ကေသိအပိုင်းအခြားရှိသူအဖြစ်၌သာ တည်ရမည်ဖြစ်သောကြောင့်တည်း။ 9 B

မေး။ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ (၁)သင်္ကန်းနှစ်ထည်ပြုလုပ်ပြီး အကြွင်းကို ပြန်ပို့မည်ဟုပြောကာ ခံယူသောရဟန်း၊ (၂)အစ္ဆိန္နစီဝရ,နဋ္ဌစီဝရဟူသောအကြောင်းကြောင့် လျှော်အပ်သည်မဟုတ်ဘဲ(အခြားအကြောင်းကြောင့် လျှော်အပ်သည်ကို) ခံယူသောရဟန်း၊ (၃)အကြွင်းသည် အရှင်ဘုရားအတွက်ဖြစ်ပါစေဟု ပြောဆိုအပ်သောရဟန်း၊ (၄)ဉာတက,ပဝါရိတတို့ကို တောင်းသော ရဟန်း၊ (၅)မိမိဉစ္စာဖြင့် ခံယူသောရဟန်း၊ (၆)ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)သင်းပိုင်, ကောသီထက်ပိုလွန်ခြင်း၊ (၂)အစ္ဆိန္နစသောအကြောင်း ရှိခြင်း၊ (၃)အညာတကဝိညတ္တိဖြစ်ခြင်း၊ (၄)တောင်း၍ရခြင်း ဟူ၍ လေးပါးရှိပါသည်။

## ဥပက္ခဋသိက္ခာပုဒ်

မေး။ စီဝရစေတာပန္နအရ အဘယ်ကို ယူရပါသနည်း။

ဖြေ။ ငွေစသော သင်္ကန်းဘိုးကို ယူရပါသည်။

မေး။ ဝိကပ္ပံ အာပဇ္ဇေယျ ဌ္ဌ အဘယ်သို့ စီမံခြင်းကို ဝိကပ္ပဟု ခေါ်ပါ သနည်း။

ဖြေ။ ထူးအောင် ,ပိုလွန်အောင် စီမံခြင်းကို "ဝိကပ္ပ "ဟုခေါ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်များကို ထုတ်ပြပါ။

ဖြေ။ (၁)အဖိုးတန်ဝယ်လိုသော ဒါယကာကို အဖိုးနည်းသောသင်္ကန်းကို လျှော်ခိုင်းသောရဟန်း၊ (၂)ဉာတက,ပဝါရိတတို့ကို တောင်းသောရဟန်း၊

http://www.dhammadownload.com



(၄)မိမိဥစ္စာဖြင့် ယူသောရဟန်း၊

(၅)ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)သက်နှိုး၌ ကောင်းသည်ကိုအလိုရှိခြင်း၊ (၂)အညာတကဝိညတ္တိဖြစ်ခြင်း၊ (၃)တောင်းသဖြင့် ရခြင်းဟူ၍ သုံးပါးရှိပါသည်။

## ဒုတိယဉပက္ခဋသိက္ခာပုဒ်

မေး။ ပထမနှင့် ဒုတိယဥပက္ခဋသိက္ခာပုဒ်တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ။ ပထမဥပက္ခဋသိက္ခာပုဒ်၌ ဒါယကာတစ်ယောက်ကို နှိပ်စက်မှုပြု၏၊ ဒုတိယဥပက္ခဋသိက္ခာပုဒ်၌ ဒါယကာနှစ်ယောက်တို့ကို နှိပ်စက်မှုပြု၏၊ ဤသို့ထူး၏

***(မှတ်ချက်)*** ဒုတိယဥပက္ခဋသိက္ခာပုဒ်သည် ပထမဥပက္ခဋသိက္ခာပုဒ်၏ အနုပညတ်သဘောရှိပါသည်။

မေး။ "ဥဘိန္နံ " ဟုဆိုသဖြင့် နှစ်ယောက်ထက်ပိုလွန်သော ဒါယကာတို့ကို နှိပ်စက်လျှင် အာပတ်မသင့်နိုင်ပါသလော။

ဖြေ။ များစွာသောဒါယကာတို့ကို နှိပ်စက်မှုပြု၍ ယူလျှင်လည်း အာပတ်သင့်ပါသည်။

## ရာဇသိက္ခာပုဒ်

မေး။ အဘယ်ကဲ့သို့သောပုဂ္ဂိုလ်မျိုးကို ရာဇဘောဂ္ဂဟုခေါ်ပါသနည်း။

ဖြေ။ မင်း၏အထံမှ ရအပ်သောစီးစိမ်ရှိသောအမတ်ကို "ရာဇဘောဂ္ဂ" ဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ ဤသိက္ခာပုဒ်၌ စီဝရစေတာပန္နအရ အဘယ်ကိုယူရပါသနည်း။
ဖြေ။ ငွေစသောအကပ္ပိယဝတ္ထုကို ယူရပါသည်။

မေး။ အာဂမနသုဒ္ဓိ=လာခြင်းစင်ကြယ်ပုံကို ညွှန်ပြကြောင်းစကားရပ်ကို ရေးခဲ့ပါ။
ဖြေ။ ဣမိနာ စီဝရစေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ။

မေး။ ဣဒံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ= ဤသင်္ကန်းဘိုးကို လှူပါ” ဟု ပို့စေလျှင် ကပ္ပိယညွှန်းကောင်း/မညွှန်းကောင်း ရေးခဲ့ပါ။
ဖြေ။ အာဂမနသုဒ္ဓိမဖြစ်သောကြောင့် ကပ္ပိယကာရကမညွှန်းကောင်းပါ။

မေး။ “န ခေါ မယံ အာဝုသော ”စသည်ဖြင့် ပယ်မြစ်ရခြင်း၏ အကြောင်းရင်းကို ရေးခဲ့ပါ။
ဖြေ။ မူလက အပ်သောနည်းဖြင့် ဆောင်ယူအပ်သော်လည်း တမာန်၏ စကားကြောင့် မအပ်တော့သည်အတွက် ပယ်မြစ်ရပါသည်။

မေး။ ဤသိက္ခာပုဒ်၌ စီဝရစေတာပန္နအရ နိဿဂ္ဂိယဝတ္ထု ,ဒုက္ကဋဝတ္ထုတို့ကို ခွဲခြားပြခဲ့ပါ။
ဖြေ။ (က)ရွှေ, ငွေ,အသပြာ,ပဲပိုက်ဆံ, ဤလေးမျိုးတို့သည် နိဿဂ္ဂိယဝတ္ထုများ ဖြစ်ပါသည်။

(ခ)ပုလဲ, ပတ္တမြား, ကြောင်မြက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်, စပါးမျိုး(၇)ပါး, ကျွန်မမွေ, ကျွန်

http://www.dhammadownload.com



ယောက်ျား, လယ်ယာ, ပန်းခြံ, သစ်သီးခြံ,စသည်တို့သည် ဒုက္ကဋ် ဝတ္ထုများ ဖြစ်ကြပါသည်။

(မှတ်ချက်) ငွေ်းနိဿဂ္ဂိယဝတ္ထု,ဒုက္ကဋဝတ္ထုတို့ကို မိမိအတွက် ဖြစ်စေ,စေတီ,သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်အတွက်ဖြစ်စေ အလှူမခံကောင်း၊ မသာယာကောင်းပါ။

မေး။ စီဝရစ္ဆ ခေါ မယံ ပဋိဂ္ဂဏှာမ ဟူသောစကားကို ပြောဆိုကောင်းခြင်း၏ အကြောင်းရင်းကို ရေးခဲ့ပါ။

ဖြေ။ မိမိကိုရည်စူး၍ ဆောင်ယူအပ်သောကြောင့် ပြောဆိုကောင်းပါသည်။

မေး။ အဘယ်ပုဂ္ဂိုလ်မျိုးကို "ဝေယျာဝစ္စကရ=ဝေယျာဝစ္စပြုသူ" ဟုခေါ်ပါသနည်း။

ဖြေ။ ရဟန်းတော်များအတွက် အပ်စပ်အောင်ပြုလုပ်ပေးတတ်သောသူကို "ဝေယျာဝစ္စပြုသူ"ဟုခေါ်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ ဝေယျာဝစ္စပြုသူကို ညွှန်ပြထိုက်ခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ အတ္ထိ ပနာယသ္မတော ကောစိ ဝေယျာဝစ္စကရော ဟု အပ်သောစကားဖြင့် တမာန်ကလျှောက်ထားအပ်သောကြောင့် ကပ္ပိယညွှန်ပြကောင်းပါသည်။

မေး။ ဤသိက္ခာပုဒ်၌ ကပ္ပိယကာရကဖြစ်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးခဲ့ပါ။

ဖြေ။ သီတင်းသုံးဖေါ်ဝါးဦးတို့မှတစ်ပါး အခြားသော မည်သူမဆို ကပ္ပိယ

http://www.dhammadownload.com



ဖြစ်နိုင်ပါသည်။

"အာရာမိကောဝါ ဥပါသကောဝါ "ဟူသောစကားကိုကား သာရုပ္ပဖြစ်သောကြောင့် သိက္ခာပုဒ်၌ဆိုပါသည်။

မေး။ တမာန်က ကပ္ပိယထံ သင်္ကန်းဘိုးကို အပ်နှံသွားရုံဖြင့် တောင်းကောင်း/မတောင်းကောင်း ရေးခဲ့ပါ။

ဖြေ။ ကပ္ပိယလက်၌ ပေးအပ်၍သွားရုံမျှဖြင့် မတောင်းကောင်းပါ၊ "သညတ္တော သော မယာ "စသည်ပြောသွားမှသာ တောင်းကောင်းပါသည်။

တမန်က ရဟန်းမျက်မှောက်၌ပင် ကပ္ပိယလက်၌ သင်္ကန်းဘိုးကို ပေးအပ်ပြီး သင်္ကန်းဝယ်လှူလိုက်ပါဟုမှာထားသွားလျှင် တောင်းကောင်းပါသည်

မေး။ ဒူတေနဟုဆိုသဖြင့် အလှူရှင်ကိုယ်တိုင် သင်္ကန်းဘိုးလာလှူရာ၌ အလှူခံသင့် /မခံသင့်ရေးခဲ့ပါ။

ဖြေ။ ဒူတေနဟူသောစကားသည် ဒေသနာတော်မျှသာဖြစ်၏၊ အလှူရှင်ကိုယ်တိုင် လာရောက်လှူရာ၌လည်း ဤသိက္ခာပုဒ်အတိုင်းပင် ကျင့်ရမည်ဖြစ်သောကြောင့် အလှူမခံကောင်းပါ။

မေး။ အတ္ထော မေ အာဝုသော စီဝရေန ဟု သင်္ကန်းတောင်းရာ၌ ပါဠိဘာသာစကားဖြင့်သာ တောင်းကောင်းပါသလော။

ဖြေ။ မည်သည့်ဘာသာစကားဖြင့်မဆို " အတ္ထော မေ" စသောစကားကိုငှ်း၊ ထိုစကား၏ အနက်အဓိပ္ပါယ်ကိုငှ်း၊ ပြောဆိုကောင်းပါသည်။

*(မှတ်ချက်)* ဒေဟိ မေ, သ...ဟရ မေ= ငါ့အား သင်္ကန်းကို ပေးပါ၊ ငါ့အတွက် သင်္ကန်းကို ယူခဲ့ပါ စသည်ဖြင့် မတောင်းကောင်းပါ။

http://www.dhammadownload.com



**မေး။** ခြောက်ကြိမ်ရပ်ခြင်းကို ပြုလုပ်ရာ၌ မပြုလုပ်သင့်သော အကြောင်းအရာတို့ကို ရေးခဲ့ပါ။

**ဖြေ။** သက်နှိုးကိုရည်ရွယ်၍ ရပ်ရာ၌=

(၁)မထိုင်ရ၊

(၂)အာမိသကို မခံယူရ၊

(၃)တရားမဟောရ၊

(၄)အဘယ်ကြောင့် ကြွလာပါသလဲ ဟုမေးလျှင်ကား "ဒါယကာ သိပါ" ဟူသောစကားမျှကိုသာ ပြောရမည်။

**မေး။** ရပ်ခြင်း, တောင်းခြင်းကိုပြုရာ၌ အကြိမ်မည်မျှ ရပ်နိုင်, တောင်းနိုင်ပါသနည်း။

**ဖြေ။** ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်းတို့ကို ခွင့်ပြုတော်မူအပ်သည့်အတွက် တစ်ကြိမ်တောင်းခြင်းသည် နှစ်ကြိမ်ရပ်ခြင်းနှင့် ညီမျှရာရောက်သောကြောင့် တောင်းရုံသာတောင်း၍ မရပ်လျှင် ခြောက်ကြိမ်တောင်းမကောင်းပါသည်။

ရပ်ရုံသာရပ်၍ မတောင်းလျှင် (၁၂)ကြိမ်ရပ်ကောင်းပါသည်။

**မေး။** ခြောက်ကြိမ်တောင်းခြင်း, (၁၂)ကြိမ်ရပ်ခြင်းတို့ကို ပြုလုပ်နည်း အမျိုးမျိုးကွဲပြားပုံကို ရေးခဲ့ပါ။

**ဖြေ။** (၁)တစ်နေ့တည်း၌ပင် အကြိမ်ကြိမ်သွား၍ ခြောက်ကြိမ်တောင်းလျှင်၎င်း၊

(၂)တစ်နေ့တည်း၌ တစ်ကြိမ်သာသွားပြီး " အဩော မေ အာဝုသော စီဝရေန "ဟု ခြောက်ကြိမ်တောင်းလျှင်၎င်း၊

(၃)တစ်နေ့တည်း၌ပင် အကြိမ်ကြိမ်သွား၍ ဆဲ့နှစ်ကြိမ်ရပ်လျှင်၎င်း၊

http://www.dhammadownload.com



(၄)တစ်နေ့တည်း၌ တစ်ကြိမ်သာသွား၍ နေရာအမျိုးမျိုး၌ ဆဲ့နှစ်ကြိမ် ရပ်လျှင်ငှင်း၊ တောင်းခြင်း ,ရပ်ခြင်း အင်္ဂါမြောက်တော့၏။ နေ့ရက် အမျိုးမျိုး၌ကား ပြောဆိုစရာပင် မရှိတော့ပါ။

မေး။ အကြိမ်များစွာတောင်းကောင်းသော ကပ္ပိယကာရကရှိလျှင် ရေးခဲ့ပါ။

ဖြေ။ အလှူရှင်ကိုယ်တိုင် ညွှန်ပြအပ်သော ကပ္ပိယကာရကတို့ကို အကြိမ် များစွာ တောင်းကောင်းပါသည်။

မေး။ ကပ္ပိယကာရကတစ်ကျိပ်ကို ရေတွက်ပြပါ။

ဖြေ။ (၁)ရဟန်း၏ရှေ့၌ရှိသောကပ္ပိယကို ရဟန်းကညွှန်ပြသည်ဖြစ်၍ သင်္ကန်းဘိုးကို ပေးအပ်ကာ တမန်က ပြန်လည်လျှောက်ထားသွားသော ကပ္ပိယ၊

(၂)မျက်ကွယ်၌ရှိသောကပ္ပိယကို ရဟန်းကညွှန်ပြအပ်သည်ဖြစ်၍ သင်္ကန်းဘိုးကို အပ်နှံပြီး တမန်ကိုယ်တိုင် ပြန်၍လည်လျှောက်ထားသွား သော ကပ္ပိယ၊

(၃)တမန်ကိုယ်တိုင် ပြန်လည်မလျှောက်ထားဘဲ အခြားသူတစ် ယောက်ကို ပြန်လည်လျှောက်ထားခိုင်းသောကပ္ပိယ၊

(၄)သင်္ကန်းဘိုးကို ကပ္ပိယထံမအပ်နှံမီကပင် တမန်ကိုယ်တိုင် လျှောက်ထားခဲ့ပြီး၍ အပ်နှံခဲ့သောကပ္ပိယ၊ ဟူ၍ ရဟန်းညွှန်ပြသော ကပ္ပိယလေးယောက်၊

ထို့အတူ တမန်ကညွှန်ပြ၍ ရဟန်းရှေ့၌ သင်္ကန်းဘိုးအပ်နှံထား သော ကပ္ပိယတစ်ယောက်၊ မျက်ကွယ်၌ အပ်နှံထားသော ကပ္ပိယ သုံးယောက်ဟူ၍ တမန်ညွှန်ပြသောကပ္ပိယလေးယောက်၊

10
A

(၉)ရဟန်းကလည်း မညွှန်, တမန်ကလည်း မညွှန်အပ်ဘဲ ကပ္ပိယကိုယ်

http://www.dhammadownload.com



တိုင် မိမိဘာသာထုတ်ဖေါ်ပြောဆိုပြီး ကပ္ပိယပြုလုပ်သော မုခဝေဝ ဋိက ကပ္ပိယ၊

(၁၀)ရဟန်း၏မျက်ကွယ်၌ပင် သင့်တော်သူတစ်ဦးဦးထံ သင်္ကန်း ဘိုးအပ်နှံထားသော ပရမ္မုခကပ္ပိယဟူသော အနိဒ္ဒိဋ္ဌကပ္ပိယနှစ်ယောက် အားဖြင့် ကပ္ပိယတစ်ကျိပ်ဖြစ်ပါသည်။

*(လိုက်နာကျင့်ရမှု)* ရဟန်းညွှန်ပြအပ်သော ကပ္ပိယလေးယောက်၌ ရာဇသိက္ခာပုဒ်အတိုင်း (၃)ကြိမ်တောင်းခြင်း၊ ခြောက်ကြိမ်ရပ်ခြင်း ဟူသောနည်းဖြင့် ကျင့်သုံးရမည်။

တမန်ညွှန်ပြအပ်သော ကပ္ပိယလေးယောက်၌ မေဏ္ဍကသိက္ခာပုဒ် အတိုင်းကျင့်ရမည်၊ အနိဒ္ဒိဋ္ဌကပ္ပိယနှစ်ယောက်၌ကား အညာတက အတိုင်းကျင့်ရမည်။

***(ဆောင်)***

(၁)ရဟန်းညွှန်ပြ၊ လေးယောက်မျှ၊ ဒူတညွှန်းလေးဖြာ။

(၂)အနိဒ္ဒိဋ္ဌ၊ ဒုဝိဓ၊ ပေါင်းကတစ်ကျိပ်သာ။

(၃)တစ်ဦးမျက်မှောက်၊ ကွယ်သုံးယောက်၊ ညွှန်းမြောက်ရဟန်းမှာ။

(၄)ရှေ့အပ်, ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည်ခါ။

(၅)တမန်ညွှန်းလည်း၊ လေးပါးတည်း၊ ဤနည်းယူလေပါ။

(၆)ရှေ့အပ်မကြား၊ ကွယ်အပ်သွား၊ နှစ်ပါးမညွှန်းရာ။

(၇)ရာဇ, မေဏ္ဍ၊ အညာတ၊ ကျင့်ရစဉ်တိုင်းသာ။

မေး။ အနိဒ္ဒိဋ္ဌကပ္ပိယကာရက နှစ်ယောက်ကို ရေးခဲ့ပါ။

ဖြေ။ (က)မုခဝေဝဋိကကပ္ပိယကာရက၊

(ခ)ပရမ္မုခကပ္ပိယကာရက ဟူ၍ အနိဒ္ဒိဋ္ဌကပ္ပိယကာရကနှစ်ယောက် ဖြစ်ပါသည်။

**မေး။** အဘယ် ကပ္ပိယမျိုးကို မုခဝေဝဋိကကပ္ပိယ ဟုခေါ်ပါသနည်း။

**ဖြေ။** ရဟန်းကလည်း မညွှန်း, တမန်ကလည်း မညွှန်းအပ်ဘဲ မိမိကိုယ်တိုင်ကပင် ကပ္ပိယကာရကပြုလုပ်ပါမည်ဟု ပြောဆိုသောပုဂ္ဂိုလ်ကို "မုခဝေဝဋိကကပ္ပိယကာရက"ဟုခေါ်ပါသည်။

**မေး။** အယံ တတ္ထ သာမီစိ အရ ပြုသင့်သောကျင့်ဝတ်ကိုမပြုလျှင် အဘယ်အပြစ်ဖြစ်ပါသနည်း။

**ဖြေ။** ဝတ္တရားပျက်ကွက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ နိဿဂ္ဂိသက်န်းစွန့်ပုံကို ရေးခဲ့ပါ။

**ဖြေ။** "ဣဒံ မေ ဘန္တေ စီဝရံ အတိရေကတိက္ခတ္တုံ စောဒနာယ အတိရေကဆက္ခတ္တုံ ဌာနေန အဘိနိပ္ဖါဒိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁)အပိုမတောင်းဘဲ ရအပ်သောသက်န်းကို ခံယူသောရဟန်း၊

(၂)အလှူရှင်တို့က တောင်း၍ပေးလှူအပ်သောသက်န်းကို ခံယူသောရဟန်း။

(၃)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)ရဟန်း [illegible] ကပ္ပိယဖြစ်ခြင်း၊

(၂ [illegible]ကို အပ်နှံခြင်း၊

http://www.dhammadownload.com



(၃)သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်းထက်ပို၍ အားထုတ်ခြင်း (၄)ထိုအားထုတ်မှုကြောင့် ရရှိခြင်း၊အားဖြင့် အင်္ဂါ(၄)ပါးရှိပါသည်။

စီဝရဝဂ် ပြီး၏

## ကောသိယဝဂ်

### ကောသိယ သိက္ခာပုဒ်

မေး။ ကောသိယမိဿကံ ၌ မိဿကအရ အဘယ်မျှလောက်သော ပိုးချည်နှင့် ရောနှောသောအခင်းကို ယူရပါသနည်း။

ဖြေ။ အောက်ထစ်ဆုံးအားဖြင့် အခင်းပြုလုပ်ရာအရပ်၌ လေတိုက်၍ကျလာသော ပိုးချည်တစ်မျှင်ဖြင့်သော်လည်း ရောနှော၍ပြုလုပ်အပ်သော အခင်းကို ယူရပါသည်။

မေး။ ပိုးချည်မျှင်နှင့်ရောနှောသော(ကောသိယမိဿက)အခင်း ပြုလုပ်ပုံ ရေးခဲ့ပါ။

ဖြေ။ ညီညွတ်သောမြေအပြင်၌ ပိုးချည်တို့ကို အဆင့်ဆင့်အထပ်ထပ် ဖြန့်ခင်း၍ ကစီရည်စသည်တို့ဖြင့် သွန်းဖြန်းပြီး ပြုလုပ်ရပါသည်။

မေး။ သူတစ်ပါးအတွက်ပြုလုပ်လျှင် အဘယ်အာပတ်သင့်ပါသနည်း။

ဖြေ။ သူတစ်ပါးအတွက်ပြုလုပ်လျှင် / ပြုစေလျှင်၄င်း၊ သူတပါးပြုလုပ်အပ်ပြီးသည်ကိုရ၍ သုံးဆောင်လျှင်၄င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး။ ပိုးချည်နှင့်ရော၍ပြုလုပ်ကောင်းသောပစ္စည်းတို့ကို ရေးခဲ့ပါ။

ဖြေ။ ဈက်နှာကျက်စသည်တို့ကို ပြုလုပ်ကောင်းပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်၏အင်္ဂါတို့ကို ရေးခဲ့ပါ။
**ဖြေ။** (၁)ပိုးချည်နှင့်ရောနှောခြင်း၊ (၂)မိမိအတွက်အခင်းပြုခြင်း/ပြုစေခြင်း၊ (၃)ရရှိခြင်းအားဖြင့် သုံးပါးရှိပါသည်။

## ဒွေဘာဂ သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ အခင်းပြုလုပ်ရာဝယ် သိုးမွေးအမျိုးမျိုးတို့ကို ယူရမည့် အချိုးအစားကို ရေးခဲ့ပါ။
**ဖြေ။** အခင်းပြုလုပ်မည့်သိုးမွေးတို့ကို ချိန်တွယ်၍ မည်းနက်သောသိုးမွေး နှစ်စု နှစ်ပုံကို၄င်း၊ ဖြူသောသိုးမွေး တစ်စုတစ်ပုံကို၄င်း၊ ကြောင်သော သိုးမွေး တစ်စုတစ်ပုံကို၄င်း၊ ပါဝင်စေ၍ ပြုလုပ်ရပါသည်။
*(ဥပမာ)* သိုးမွေးတစ်ပိဿာဖြင့် အခင်းပြုလုပ်မည်ဆိုလျှင် အမည်းရောင် သိုးမွေး(၅၀)ကျပ်သား၊ အဖြူရောင်သိုးမွေး(၂၅)ကျပ်သား၊ ကြောင်သောသိုးမွေး(၂၅)ကျပ်သား၊ ပါဝင်စေ၍ ပြုလုပ်ရမည်ဟု ဆိုလိုပါသည်။

**မေး။** နိဿဂ္ဂိအာပတ်သည် အမည်းရောင်သိုးမွေး မည်မျှပိုခြင်းကြောင့် သင့်နိုင်ပါသနည်း။
**ဖြေ။** အမည်းရောင်သိုးမွေး တစ်မျှင်မျှသော်လည်း ပိုလွန်ခြင်းကြောင့် နိဿဂ္ဂိအာပတ်သင့်နိုင်ပါသည်၊ လျော့လျှင်ကား အာပတ်မသင့်ပါ။
***(မှတ်ချက်)*** အဖြူရောင်သိုးမွေးနှင့် ကြောင်သောအဆင်းရှိသောသိုးမွေး များ ပိုလျှင်ကား အာပတ်မသင့်ပါ။
***(အထူးမှတ်ချက်)*** ကောသိယမိဿကအခင်း၊ သုဒ္ဓကာဠကအခင်း၊ ဒွေဘာဂအခင်းတို့ကို ဝိနည်းကံအရ စွန့်ပြီး၍ပြန်ရလျှင်လည်း မသုံးစွဲကောင်းပါ။

http://www.dhammadownload.com



## ဆဗ္ဗသ သိက္ခာပုဒ်

မေး။ ဘိက္ခုသမ္မုတိယာအရ အဘယ်သမ္မုတိကို ယူရပါသနည်း။

ဖြေ။ ဂိလာနရဟန်းအား သံဃာသည်ပေးအပ်သော "သန္ထတသမ္မုတိ"ကို ယူရပါသည်။

မေး။ ဤသိက္ခာပုဒ်၌ သန္ထတသမ္မုတိကို အဘယ်မျှကြာအောင် ရရှိနိုင်ပါသနည်း။

ဖြေ။ ရောဂါမပျောက်သေးသမျှ ကာလပတ်လုံးငှင်း၊ ပျောက်ပြီးသော်လည်း နောက်ထပ်ပြန်၍ ရောဂါထသေး,ဖြစ်သေးသမျှကာလပတ်လုံးငှင်း၊ ရရှိနိုင်ပါသည်၊ ထိုအတောအတွင်း ရောက်တိုင်းရောက်တိုင်းသောအရပ်၌ နှစ်စဉ်အခင်းပြုလုပ်ကောင်းပါသည်။

*(မှတ်ချက်)* ဤသိက္ခာပုဒ်၌ သူတစ်ပါးအတွက် ပြုလုပ်ခြင်းငှါငှင်း၊ ပြုလုပ်ပြီးသည်ကို ရ၍သုံးစွဲခြင်းငှါငှင်း၊ အပ်ပါသည်။

## နိသီဒနသိက္ခာပုဒ်

မေး။ အဘယ်အခင်းမျိုးကို "ပုရာဏသန္ထတ"ဟု ခေါ်ပါသနည်း။

ဖြေ။ တစ်ကြိမ်မျှ ထိုင်ဘူး,လျောင်းဘူးသောအခင်းသည် ပုရာဏသန္ထတမည်ပါသည်။

မေး။ အခင်းဟောင်း၏ပတ်ဝန်းကျင်မှ အဘယ်ကဲ့သို့ ဖြတ်ယူရပါသနည်း။

ဖြေ။ အခင်းဟောင်း၏ဘေးတစ်ဘက်မှ အဝိုင်းသော်ငှင်း, လေးဒေါင့်သော်ငှင်း၊ တစ်ထွာမျှဖြတ်၍ယူရပါသည်။

http://www.dhammadownload.com



မေး။ ဖြတ်ယူအပ်သောအခင်းဟောင်း၏ အစိတ်အပိုင်းကို အဘယ်ကဲ့သို့ ခင်းရပါသနည်း။

ဖြေ။ အခင်းသစ်၏တစ်စိတ်တစ်ဒေသ၌သော်လည်း ဖြန့်ခင်းရ၏၊ ဖြေ ရှင်း၍ သိုးမွေးအသစ်နှင့် ရောပြီးသော်လည်း ဖြန့်ခင်းရပါသည်။

မေး။ ဖြေရှင်းပြီးသော သိုးမွေးအသစ်နှင့် ရော၍ခင်းရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

ဖြေ။ ဖြေရှင်း၍ ဖြန့်ခင်းလျှင် သာ၍ခိုင်ခန့်ခြင်းအကျိုးရှိပါသည်။

မေး။ အခင်းဟောင်းမရှိလျှင် အဘယ်ကဲ့သို့ ပြုလုပ်ရပါသနည်း။

ဖြေ။ အခင်းဟောင်းမရှိလျှင် အခင်းဟောင်း၏ အစိတ်အပိုင်းကို မယူဘဲ လည်း ပြုလုပ်ကောင်းပါသည်။

**(မှတ်ချက်)** ဤသိက္ခာပုဒ်၌ အခြားသူအတွက် ပြုလုပ်ခြင်းငါ့ငင်း၊ သူတစ်ပါးတို့ ပြုလုပ်ပြီးသည်ကို ရလျှင်သုံးဆောင်ခြင်းငါ့ငင်း၊အပ်ပါ သည်။

## ဧဠကလောမသိက္ခာပုဒ်

မေး။ အဒ္ဓါနမဂ္ဂပဋိပန္နဿ ဟူသောစကားအရ ခရီးသွားစဉ်ရမှသာ အလျှုခံကောင်းပါသလော။

ဖြေ။ အဒ္ဓါနမဂ္ဂပဋိပန္နဿဟူသောစကားသည် ဝတ္ထုကို ပြကြောင်းစကား မျှသာဖြစ်ပါသည်၊ အမှန်စင်စစ်မှာ မည်သည့်အရပ်၌မဆို တရားသဖြင့် ရလာလျှင် ခံယူကောင်းပါသည်၊ အပြစ်မရှိပါ။

http://www.dhammadownload.com



မေး။ တိယောဇနပရမံအရ သုံးယူစနာကို အဘယ်အရပ်မှစ၍ သတ်မှတ်ရပါသနည်း။

ဖြေ။ သိုးမွေးကို ခံယူရာအရပ်မှစ၍ သုံးယူဇနာကို တိုင်းတာသတ်မှတ်ရပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အဘယ်သို့ဆောင်ယူသွားလျှင် အာပတ်သင့်နိုင်ပါသနည်း။

ဖြေ။ အောက်ထစ်ဆုံးအားဖြင့် နားလေထွက်သောရောဂါကို ကုစားခြင်းအကျိုးငှါ ချည်မျှင်ဖြင့် မဖွဲ့မသီဘဲ နားပေါက်၌ထည့်၍ ဆောင်ယူသွားလျှင်လည်း သုံးယူဇနာကို ခြေတစ်လှမ်းလွန်လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။ ဒုတိယခြေတစ်လှမ်းလွန်လျှင် နိဿဂ္ဂိအာပတ်သင့်ပါသည်။

မေး။ အာပတ်မသင့်နိုင်ပုံကို ရေးခဲ့ပါ။

ဖြေ။ (၁)သုံးယူဇနာကို အသွား, အပြန်ဆောင်ယူလျှင်၄င်း၊ (၂)နေလိုသဖြင့် သွားပြီးနောက် ထိုအရပ်မှ အခြားတစ်ပါးသောအရပ်သို့ ဆောင်ယူလျှင်၄င်း၊ (၃)ခိုးသူစသည်တို့ လုယက်အပ်သောသိုးမွေးနှင့် ဝိနည်းကံနှင့်အညီ စွန့်အပ်ပြီးသောသိုးမွေးတို့ကို ပြန်ရ၍ဆောင်ယူလျှင်၄င်း၊ (၄)သူတစ်ပါးကို ဆောင်ယူစေလျှင်၄င်း၊ (၅)အနည်းဆုံးအားဖြင့် ချည်မျှင်ငယ်ဖြင့် ဖွဲ့ချည်အပ်သောဘဏ္ဍာကို ဆောင်ယူလျှင်၄င်း၊ အာပတ်မသင့်ပါ။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)သိုးမွေးတို့၏ ဘဏ္ဍာမပြုရသေးခြင်း၊ (၂)ပဌမရခြင်း၊ (၃)ကိုယ်တိုင်ယူ၍ဖြစ်စေ, လှည်းသမားကိုမသိစေဘဲ လှည်းပေါ် တင်၍

http://www.dhammadownload.com



ဖြစ်စေ သုံးယူနောက်ကိုကျော်လွန်ခြင်း၊ (၄)အသွားဆောင်မှု, အပြန်ဆောင်မှုမဟုတ်ခြင်း၊ (၅)နေဘို့ရန် ရည်ရွယ်ချက်မရှိခြင်းဟူ၍ အင်္ဂါငါးပါးရှိပါသည်။

(မှတ်ချက်) သိုးမွေးတို့ကို တစ်စုံတစ်ခုအဝတ်ဘဏ္ဍာပြုပြီးသော သိုးမွေးအဝတ်ကို၎င်း၊ သိုးမွေးများကို ချည်မျှင်ဖြင့် ဖွဲ့ချည်တုပ်နှောင်ထားလျှင်၎င်း၊ ဘဏ္ဍာပြုပြီးဖြစ်၍ သယ်ယူကောင်းသည်ဟု ဆိုလိုပါသည်။

## ဇာတရူပသိက္ခာပုဒ်

မေး။ ဇာတရူပရဇတံ၌ ရဇတအရ အဘယ်ကိုယူရပါသနည်း။

ဖြေ။ ငွေတုံးငွေခဲ, အသပြာနှင့်ရောင်းဝယ်၍ရနိုင်သောကြေးပဲ,သစ်သားပဲ,ချိပ်ပဲ,စသောပဲပိုက်ဆံတို့ကို(ငွေစက္ကူများပါ)ရဇတအရယူရပါသည်။

မေး။ ဥဂ္ဂဏှေယျအရ အဘယ်ရွှေငွေကို ခံယူခြင်းကို ယူရပါသနည်း။

ဖြေ။ မိမိအတွက်လှူအပ်သောရွှေငွေကိုဖြစ်စေ, တစ်စုံတစ်ခုသောအရပ်၌တည်သော ပိုင်ရှင်မရှိသောရွှေငွေကိုဖြစ်စေ, ကိုယ်တိုင်ကိုင်ယူခြင်းကို ယူရပါသည်။

မေး။ "ဥပနိက္ခိတ္တံ သာဒိယေယျ"၌ အဘယ်ကို "ဥပနိက္ခိတ္တသာဒိယန" ဟု ခေါ်ပါသနည်း။

ဖြေ။ "ဤရွှေငွေသည် အရှင်ဘုရားအတွက်ဖြစ်ပါစေ"ဟု မျက်မှောက်၌တည်သောရွှေငွေကိုဖြစ်စေ, "ဤမည်သောအရပ်၌ရှိသော ကျွန်ုပ်၏ရွှေငွေသည် အရှင်ဘုရားအတွက်ဖြစ်ပါစေ"ဟု မျက်ကွယ်၌ရှိသောရွှေငွေကိုဖြစ်စေ၊ "အရှင်ဘုရားအတွက်"ဟုပြောဆို၍ စကားသက်သက်ဖြင့်၎င်း, လက်အမူအရာဖြင့်၎င်း၊ စွန့်လွှတ်အပ်သည်ကို ကိုယ်နှုတ်တို့

http://www.dhammadownload.com



ဖြင့် မပယ်ဘဲ စိတ်ဖြင့်လက်ခံသာယာခြင်းကို"ဥပနိက္ခိတ္တသာဒိယန" ဟုခေါ်ပါသည်။

**မေး။** ဥပနိက္ခိတ္တသာဒိယနအရ အပြစ်မဖြစ်နိုင်သောပုဂ္ဂိုလ်များကို ရေးခဲ့ပါ။

**ဖြေ။** (၁)စိတ်ဖြင့်သာယာလျက် ခံယူလိုသော်လည်း ကိုယ်နှုတ်ဖြင့် "မအပ်ပါ"ဟု ပယ်မြစ်သောရဟန်း၊ (၂)ကိုယ်နှုတ်ဖြင့်မပယ်ဘဲ စင်ကြယ်သောစိတ်ရှိလျက် "ငါတို့အား မအပ်ပါ" ဟုပြော၍ မသာယာသော ရဟန်းတို့ အာပတ်မသင့်ပါ။

**မေး။** နိဿဂ္ဂိဖြစ်သောရွှေငွေကို စွန့်ပုံအစီအစဉ်ကို ရေးခဲ့ပါ။

**ဖြေ။** (၁) အဟံ ႇန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ၊ ဟုဆို၍ သံဃာအလယ်၌ စွန့်ရမည်၊

(၂) ထိုစွန့်ရာအရပ်သို့ လူတစ်ယောက်ယောက်လာလျှင်"ဒါကို သိပါ" ဟုပြောဆိုရမည်၊

(၃) ဒါယကာက အဘယ်ကိုဆောင်ရပါမည်နည်းဟု မေးလျှင် "ထောပတ် စသည်တို့သည် ရဟန်းတို့အား အပ်စပ်ကုန်၏"ဟု ပြောဆိုရမည်၊

(၄) ထောပတ်စသည်ရလာခဲ့လျှင် ရွှေငွေအလှူခံသောရဟန်းမှတစ်ပါး အခြားသောရဟန်းအားလုံး သုံးကောင်း၏၊

(၅) ဒါယကာက အပ်စပ်သည်ကို မဆောင်ယူလိုလျှင် "ဤရွှေငွေကို စွန့် လိုက်ပါ" ဟုပြောဆိုရမည်၊

(၆) ထို ရွှေငွေကို ထားခဲ့လျှင်၄င်း၊ ယူသွားလျှင်၄င်း၊ မတားမြစ်ရပါ၊

(၇) ရွှေငွေကိုထားခဲ့လျှင် အင်္ဂါငါးပါးရှိသောရဟန်းကို "ရူပိယဆဍ္ဍက သမ္မုတိ" ပေးရမည်၊

(၈) သမ္မုတိရသောရဟန်းသည် အမှတ်အသားမပြုဘဲ မစင်ကဲ့သို့ ထိုရွှေ

http://www.dhammadownload.com



ငွေကို စွန့်ရမည်။

မေး။ ရွှေငွေအလှူခံသောရဟန်းအား အပြစ်ကြီးလေးပုံကို ရေးခဲ့ပါ။

ဖြေ။ ထိုရွှေငွေကြောင့်ဖြစ်ပေါ်လာသော အပ်စပ်သောဝတ္ထုကို အခြားသူတစ်ဦးကရ၍ တစ်ဆင့်ပေးလှူ အပ်သော်၎င်း၊ အောက်ထစ်ဆုံးအားဖြင့် ထိုအပ်စပ်သောဝတ္ထုမှ ဖြစ်ပေါ်လာသော သစ်ပင်အရိပ်ကိုသော်၎င်း၊ သုံးစွဲခြင်းငှါမအပ်တော့ပါ။(သစ်ပင်ရိပ်ကိုပင် မခိုရဟု ဆိုလိုပါသည်)

မေး။ ရူပိယဆဍ္ဍကရဟန်းသည် နေရာအမှတ်အသားပြ၍ ရွှေငွေကိုစွန့်လျှင် မည်သည့်အပြစ်ဖြစ်ပါသနည်း။

ဖြေ။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

*(မှတ်ချက်)* သံဃာ,စေတီစသည်တို့အတွက် အလှူခံလျှင်၎င်း၊ ပုလဲ, ပတ္တမြားစသောဝတ္ထုကို အလှူခံလျှင်၎င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး။ ဤသိက္ခာပုဒ်၌ ကြိယသမုဋ္ဌာန်,အကြိယသမုဋ္ဌာန်ဖြစ်ပုံကို ရေးခဲ့ပါ၊

ဖြေ။ ခံယူခြင်းဖြင့် သင့်ရောက်သောကြောင့် ကြိယသမုဋ္ဌာန်၊ ပယ်မြစ်မှုကို မပြုသောကြောင့် အကြိယသမုဋ္ဌာန်ဖြစ်၏။

မေး။ ဓာတရူပရဇတသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေးခဲ့ပါ။

ဖြေ။ (၁)ရွှေငွေဖြစ်ခြင်း၊ (၂)မိမိအတွက်ဖြစ်ခြင်း၊ (၃)ကိုယ်တိုင်ခံယူခြင်းစသည်တို့တွင် တစ်ပါးပါးဖြစ်ခြင်းအားဖြင့် အင်္ဂါ(၃)ပါးရှိ၏။

## ရူပိယသံဝေါဟာရသိက္ခာပုဒ်

မေး။ ရူပိယသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရသိက္ခာပုဒ်တို့၏ တားမြစ်ချက်

http://www.dhammadownload.com



အထူးကိုရေးခဲ့ပါ။

ဖြေ။ ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုတို့ကို ခံယူမှုကို တားမြစ်ပါသည်၊ ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုတို့ကို လဲလှယ်ခြင်းကို တားမြစ်ပါသည်။

*(မှတ်ချက်)* ရူပိယသိက္ခာပုဒ်ဟူသည် ဇာတရူပသိက္ခာပုဒ်ကိုခေါ်ပါသည်

__*အာပတ်ဆုံးဖြတ်ပုံအချုပ်*__

ရောင်းသူ၊ဝယ်သူနှစ်ဦးတို့တွင် တစ်ဖက်ဖက်၌ နိဿဂ္ဂိယဝတ္ထုပါလျှင် နိဿဂ္ဂိပါစိတ်အာပတ်ဟု ဆုံးဖြတ်ရမည်၊ ဒုက္ကဋဝတ္ထုသာပါဝင်လျှင်ကား ဒုက္ကဋ်အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)လဲလှယ်အပ်သောပစ္စည်းဝတ္ထု၊ လဲလှယ်ကြောင်းပစ္စည်းဝတ္ထုနှစ်ခုတို့တွင် တစ်ခုခုဘက်၌ ရွှေငွေဖြစ်ခြင်း၊ (၂)လဲလှယ်ခြင်း ဟူ၍ အင်္ဂါနှစ်ပါးရှိပါသည်။

__ကယဝိက္ကယသိက္ခာပုဒ်__

မေး။ ရူပိယသံဝေါဟာရသိက္ခာပုဒ်နှင့် ကယဝိက္ကယသိက္ခာပုဒ်တို့၌ လာသော နာနာပ္ပကာရကနှစ်ခုအထူးကို ရေးခဲ့ပါ။

ဖြေ။ ရူပိယသံဝေါဟာရသိက္ခာပုဒ်၌ တန်ဆာပြုလုပ်အပ်ပြီးသောရွှေငွေ၊ မပြုလုပ်အပ်သေးသောရွှေငွေ စသည်ပြားသော အကပ္ပိယဝတ္ထုကို ယူရပါသည်။

ကယဝိက္ကယသိက္ခာပုဒ်၌ သင့်တင့်လျောက်ပတ်သောကပ္ပိယဘဏ္ဍာကို ယူရပါသည်၊ ဤသို့နာနာပ္ပကာရကနှစ်ခုထူးပါသည်။

http://www.dhammadownload.com



မေး။ ကယနှင့် ဝိက္ကယအထူးကို ရေးခဲ့ပါ။

ဖြေ။ "ဤဝတ္ထုဖြင့် ဤဟာကိုပေးပါ" ၊"ဤဟာကို ယူပါ" လဲပါ ,ဝယ်ပါ" ဟုပြောဆိုပြီး သူတစ်ပါး၏ကပ္ပိယဘဏ္ဍာကိုယူခြင်းသည် "ကယ"မည်၏၊ မိမိ၏ ကပ္ပိယဘဏ္ဍာကို ပေးခြင်းသည် 'ဝိက္ကယ"မည်၏။

မေး။ ဤသိက္ခာပုဒ်၌ အဘယ်သူနှင့်လဲလှယ်ခြင်းကို ယူရပါသနည်း။

ဖြေ။ သီတင်းသုံးဖေါ်ငါးဦးမှတစ်ပါး အခြားမည်သူနှင့်မဆို ကပ္ပိယဘဏ္ဍာ အချင်းချင်း လဲလှယ်ခြင်းကို ယူရပါသည်။ <u>ထိုသို့လဲလှယ်လျှင် အမေ့ပစ္စည်းပင် ဖြစ်စေကာမူ နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။</u>

မေး။ ရူပိယ ,ရူပိယသံဝေါဟာရ, ကယဝိက္ကယသိက္ခာပုဒ်သုံးခုတို့၏ နိဿဂ္ဂိယဝတ္ထုစွန့်ရမည့်နေရာအထူးကို ရေးခဲ့ပါ။

ဖြေ။ ရူပိယ, ရူပိယသံဝေါဟာရသိက္ခာပုဒ်တို့၌ သံဃာအလယ်၌သာ စွန့်ရပါသည်။ ကယဝိက္ကယသိက္ခာပုဒ်၌ကား သံဃာ, ဂိုဏ်း ,ပုဂ္ဂိုလ် တစ်ဦးဦးထံ စွန့်ရပါသည်။

မေး။ ကယဝိက္ကယပြုလုပ်ရာ၌ စွန့်ရမည့်ဝတ္ထု ထင်ရှားရှိ/ မရှိဖြစ်ခဲ့သော် အဘယ်သို့ပြုလုပ်ရပါသနည်း။

ဖြေ။ စွန့်ရမည့်ဝတ္ထုပစ္စည်းထင်ရှားရှိလျှင် ဝတ္ထုကိုစွန့်ပြီးမှသာ ဒေသနာ ကြားရပါသည်၊ ဝတ္ထုထင်ရှားမရှိလျှင်ကား ပါစိတ်အာပတ်ကိုသာ ဒေသနာကြားရမည်။

*(မှတ်ချက်)* "ဒီဟာစား၍ ဒါလုပ်ပေးပါ" ၊"ဒီဟာယူ၍ ဒါလုပ်ပေးပါ"ဟု တစ်ဆက်တည်းခိုင်းလျှင် ကယဝိက္ကယဖြစ်သည်ဟု မှတ်ရမည်။

http://www.dhammadownload.com



မေး။ ဤသိက္ခာပုဒ်၌ အာပတ်မသင့်သောပုဂ္ဂိုလ်များကို ရေးခဲ့ပါ။

ဖြေ။ (၁)ဤပစ္စည်းဘယ်လောက်တန်သလဲဟု တန်ဘိုးကို မေးသောရဟန်း၊

(၂)ဈေးသည်စသော ပစ္စည်းရှင်မှတစ်ပါး အခြားသော အောက်ထစ်ဆုံး အားဖြင့် ဈေးသည်၏သား, ညီစသူတို့ကို ကပ္ပိယပြုလုပ်နိုင်း၍ "ဤပစ္စည်းဖြင့် လဲပေးစမ်းပါ"ဟု ပြောသောရဟန်း၊

(၃)ငါ့မှာ ဤပစ္စည်းရှိ၏၊ ဤပစ္စည်းဖြင့် ငါတို့အား အလိုမရှိဟု ပြော၍ ရလာသည်ကို ယူသောရဟန်း၊

(၄)သိတင်းသုံးဖေါ်ငါးဦးတို့နှင့် လဲလှယ်သောရဟန်း၊

(၅)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

*(လို့ရှင်းအကျဉ်း)* အကပ္ပိယဝတ္ထုအချင်းချင်းသော်၎င်း၊ အကပ္ပိယဝတ္ထုနှင့် ကပ္ပိယဝတ္ထုကိုသော်၎င်း၊ လဲလှယ်လျှင် ရူပိယသံဗောဟာရ သိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသည်။

ကပ္ပိယဝတ္ထုအချင်းချင်း လဲလှယ်လျှင်ကား ကယဝိက္ကယသိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသည်။

မေး။ ကယဝိက္ကယသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁)လဲလှယ်သောပစ္စည်း၏ ကပ္ပိယဝတ္ထုဖြစ်ခြင်း၊ (၂)သိတင်းသုံး ဖေါ် မဟုတ်ခြင်း၊ (၃)ကယဝိက္ကယသဘောသို့ ရောက်ခြင်း၊ ဟူ၍ သုံးမျိုးရှိပါသည်။

**ကောသိယဝဂ် ပြီး၏**

**<u>ပတ္တဝဂ် ၊ပတ္တသိက္ခာပုဒ်</u>**

မေး။ အဘယ်သပိတ်ကို အပိုသပိတ်(အတိရေကပတ္တ)ဟုခေါ်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ အဝိဒ္ဓါန်,ဝိကပ္ပနာမပြုရသေးသောသပိတ်ကို အပိုသပိတ်(အတိ ရေကပတ္တ)ဟုခေါ်ပါသည်။

မေး။ သပိတ်(၉)လုံးတို့ကို ရေတွက်ပြပါ။

ဖြေ။ ဥက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, ဩမကသပိတ်ဟူသော မူလသပိတ် သုံးလုံးတို့တွင် တစ်လုံးတစ်လုံး၌ (၁)ဥက္ကဋ္ဌသပိတ် (၂)ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်၊ (၃)ဥက္ကဋ္ဌောမကသပိတ်ဟု ဥက္ကဋ္ဌသပိတ်၌သုံးလုံး၊
(၄)မဇ္ဈိမသပိတ် (၅)မဇ္ဈိမုက္ကဋ္ဌသပိတ် (၆)မဇ္ဈိမောမကသပိတ်ဟု မဇ္ဈိမသပိတ်၌သုံးလုံး၊
(၇)ဩမကသပိတ် (၈)ဩမကုက္ကဋ္ဌသပိတ် (၉)ဩမကောမကသပိတ် ဟု ဩမကသပိတ်၌သုံးလုံး၊ ဤသို့(၉)လုံးဖြစ်ပါသည်။

မေး။ ဥက္ကဋ္ဌသပိတ်၏ အရွယ်အစားပမာဏကို ရေးခဲ့ပါ။

ဖြေ။ ကောင်းစွာထောင်း၍ သန့်ရှင်းသော မကျိုးမပြတ်သော သလေးဆန် ဟောင်း မဂဓတိုင်းကွမ်းစား နှစ်ကွမ်းစား(ဆန်တစ်ပြည်)ကို မမာလွန်း, မပျော့လွန်း, မထွေးမခဲ, သန့်ရှင်းပြီး သင်းခွေပန်းအပုံနှင့်တူအောင် ထမင်းရေမငဲ့ဘဲ ချက်အပ်သောထမင်းကို သပိတ်၌အကုန်ထည့်ကာ မပြစ်လွန်း, မကျဲလွန်းသော လက်ကော်၍ရသောဆွမ်း၏ လေးဖို့တစ်ဖို့ ပမာဏရှိသော ပဲနောက်ဟင်းကိုထည့်ရမည်၊

ဆွမ်းလုပ်တိုင်းအား လျော်ပြီး နောက်ဆုံး ဆွမ်းလုပ်တိုင်အောင် လောက်ငသော ငါး,အမဲစသော ဟင်းလျာကိုလည်း ထည့်ရမည်၊

အားလုံးထည့်ပြီးလျှင် သပိတ်နှုတ်ခမ်းရစ်၏ အောက်အနားရေးနှင့် ညီမျှအောင်ဆန့်လျှင် "ဥက္ကဋ္ဌသပိတ်"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



*(အကျဉ်းချုပ်)* ဆန်တစ်ပြည်ကိုချက်၍ရသော ထမင်းနှစ်ပြည်၊ လက်ကော်၍ရသော ပဲဟင်းတစ်ခွက်သား၊ ငါး,အမဲစသောဟင်းလျာတစ်ခွက်သား၊ အားလုံးပေါင်း သုံးပြည်ဆန့်သောသပိတ်သည် "ဥက္ကဋ္ဌသပိတ်" မည်၏။

သပိတ်နခမ်းရစ်၏ အောက်အနားရေးကို ကျော်၍ မို့မောက်လျက် (ဝါ)စို့စို့တက်လျက် တည်ခဲ့သော်"ဥက္ကဋ္ဌောမကသပိတ်"ဟုခေါ်ပါသည်၊ သပိတ်နခမ်းရစ်၏ အောက်အနားရေးသို့ မရောက်ဘဲ သပိတ်အတွင်း၌သာ ဆွမ်းတည်ခဲ့သော် ၎င်းသပိတ်ကို "ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်" ဟု ခေါ်ပါသည်။

မေး။ မဇ္ဈိမသပိတ်, ဩမကသပိတ်တို့၏ ပမာဏကို ရေးခဲ့ပါ။

ဖြေ။ ဥက္ကဋ္ဌသပ်တ်၏ ထက်ဝက်ပမာဏရှိသောသပိတ်သည် "မဇ္ဈိမသပိတ်"မည်၏၊ ၎င်းမဇ္ဈိမသပိတ်၏ ထက်ဝက်ပမာဏရှိသောသပိတ်သည် "ဩမကသပိတ်"မည်၏။

*(မှတ်ချက်)* ကြွင်းသော မဇ္ဈိမုက္ကဋ္ဌ ,မဇ္ဈိမောမက , ဩမကုက္ကဋ္ဌ , ဩမကောမက, သပိတ်လေးလုံးတို့ကိုလည်း အထက်ပါနည်းအတိုင်း မှတ်သားရမည်။

မေး။ သပိတ်ဖြစ်ပါလျက် သပိတ်မခေါ်ထိုက်သော သပိတ်ကိုရေးခဲ့ပါ။

ဖြေ။ ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်နှင့်ဩမကောမကသပိတ်တို့သည် သပိတ်ဖြစ်သော်လည်း သပိတ်မခေါ်ထိုက်သော သပိတ်မည်ပါသည်။ ၎င်းသပိတ်(၂)လုံးကို အဓိဋ္ဌာန်, ဝိကပ္ပနာ မတင်ရပါ၊ ကြွင်းသော သပိတ်(၇)လုံးတို့ကိုသာ ပမာဏယုတ္တဖြစ်၍ အဓိဋ္ဌာန်,ဝိကပ္ပနာပြုရပါသည်။

http://www.dhammadownload.com



**မေး။** သပိတ်အပြားကို ဓာတ်ဘေဒအားဖြင့် ရေတွက်ပြပါ။

**ဖြေ။** (၁)သံသပိတ် (၂)မြေသပိတ်ဟု ဓာတ်ဘေဒအားဖြင့် နှစ်မျိုးရှိပါသည်။

**မေး။** ငှါးရမ်းလာသောသပိတ်ကို အဓိဋ္ဌာန်တင်စရာလို ၊ မလို ရေးခဲ့ပါ။

**ဖြေ။** အဓိဋ္ဌာန်တင်စရာမလိုပါ၊ အဘိုးအခပေးရန် တစ်ချင့်ရွေးမျှကျန်နေသေးလျှင်လည်း အဓိဋ္ဌာန်တင်စရာမလိုပါ။

**မေး။** သပိတ်အဟောင်းကို ပစ္စုဒ္ဓိရ်မပြုလိုလျှင် သပိတ်အသစ်ကို အဘယ်ကဲ့သို့ပြုရပါမည်နည်း။

**ဖြေ။** ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ ဟု ဝိကပ္ပနာပြုရမည်။

**မေး။** သပိတ်(၁၀)လုံးရသောရဟန်းသည် အားလုံးကို မိမိချည်းသာ သုံးလိုလျှင် အဘယ်ကဲ့သို့ပြုလုပ်ရပါမည်နည်း။

**ဖြေ။** သပိတ်တစ်လုံးကို အဓိဋ္ဌာန်တင်၍ နောက်တစ်နေ့၌ ထိုသပိတ်ကို ပစ္စုဒ္ဓိရ်ပြုပြီး အခြားနောက်တစ်လုံးကို အဓိဋ္ဌာန်တင်သောနည်းဖြင့် အနှစ်တစ်ရာတိုင်တိုင်ဆောင်ယူသုံးစွဲနိုင်ပါသည်။

**မေး။** မည်သည့်နေရာ၌ မည်မျှလောက်သောအပေါက် ပေါက်လျှင် အဓိဋ္ဌာန်ကျနိုင်ပါသနည်း။

**ဖြေ။** သပိတ်နခမ်းရစ်မှအောက်၌ လက်နှစ်သစ်ရှိသောအရပ်မှစ၍ မည်သည့်နေရာ၌မဆို ဆပ်ဆန်ထမင်းလုံး ထွက်လောက်ရုံမျှ ပေါက်လျှင် အဓိဋ္ဌာန်ကျပါသည်။ ထိုသပိတ်မျိုးကို အဓိဋ္ဌာန်တင်စရာမလိုပါ၊

12
A

http://www.dhammadownload.com



ထိုအပေါက်ကို ဖာထေးပြီးမှ အစိဋ္ဌာန်တင်ရပါသည်။

ဦနပဉ္စမနုနပတ္တသိက္ခာပုဒ်

**မေး။** လုံးဝအဖွဲ့အတုပ်မရှိသောသပိတ်ကို "ဦနပဉ္စမနုနပတ္တ"ဟု ခေါ်နိုင်ပါသလော။

**ဖြေ။** အချင်းခပ်သိမ်း အဖွဲ့အတုပ်မရှိသည်၏အဖြစ်ကြောင့် ငါးဖွဲ့မပြည့်သေးသည့်အတွက် "ဦနပဉ္စမနုနပတ္တ"ဟုခေါ်နိုင်ပါသည်။

**မေး။** ငါးဖွဲ့ရှိသောသပိတ်ကို သပိတ်ဟု ခေါ်နိုင် / မခေါ်နိုင်ရေးခဲ့ပါ။

**ဖြေ။** ဦနပဉ္စမနုနေန ဟုဟောတော်မူအပ်သောကြောင့် ငါးဖွဲ့ရှိသောသပိတ်နှင့် ငါးဖွဲ့ ဖွဲ့လောက်သောအရပ်ရှိသောသပိတ်သည် သပိတ်မမည်တော့ပါ။

**မေး။** ကွဲအက်သောသပိတ်ကို အဘယ်ကဲ့သို့ ဖွဲ့တုပ်ရပါသနည်း။

**ဖြေ။** နခမ်းရစ်မှ အောက်၌ လက်နှစ်သစ်ပမာဏရှိလျှင် တစ်ဖွဲ့ ဖွဲ့တုပ် ရပါသည်၊ ထိုသို့ဖွဲ့တုပ်ရာ၌ ကွဲအက်ကြောင်း၏ အောက်အစွန်း၌ သပိတ်ထွင်းစူးငယ်ဖြင့် ဖေါက်၍ မီးပုတ်ပြီး ချည်ကြိုး၊ လျှော်ကြိုး၊ သလွဲမည်းချည်မျှင်ကြိုးငယ်တစ်မျိုးမျိုးဖြင့် ဖွဲ့တုပ်ရပါသည်။

ထိုဖွဲ့တုပ်သောနေရာ၌ ဆွမ်းစသောအာမိသများ မငြိကပ်ခြင်းငှာ သလွဲပြားဖြင့်သော်၎င်း၊ အစေးတစ်မျိုးမျိုးဖြင့်သော်၎င်း၊ ဖုံးအုပ်ထားရမည်။

**မေး။** သပိတ်ကို စူးဖြင့် ဖေါက်၍သာ ဖွဲ့တုပ်ကောင်းပါသလော။

**ဖြေ။** သိမ်မွေ့သေးငယ်သော အပေါက်ကို ဖေါက်၍သော်၎င်း၊ တင်လဲကို

http://www.dhammadownload.com



မီးဖြင့်ချက်၍ ကျောက်မှုန့်ဖြင့် ဖာထေး၍သော်၎င်း၊ ပြုလုပ်ကောင်းပါသည်။

**မေး။** သပိတ်ကွဲအက်ကြောင်းနှင့် ဖွဲ့တုပ်မှု အပိုင်းအခြားကို ရေးခဲ့ပါ။

**ဖြေ။** လက်နှစ်သစ်ပမာဏရှိသော ကွဲအက်ကြောင်းနှစ်ခုရှိလျှင်၎င်း၊ ကွဲအက်ကြောင်းရာတစ်ခုတည်းပင် လက်လေးသစ်ပမာဏရှိလျှင်၎င်း၊ နှစ်ဖွဲ့ဖွဲ့တုပ်ရပါသည်။ ကွဲအက်ကြောင်းရာ သုံးခုရှိလျှင်၎င်း၊ တစ်ကြောင်းတည်းပင် လက်ခြောက်သစ်ရှိလျှင်၎င်း၊ သုံးဖွဲ့ဖွဲ့ တုပ်ရပါသည်။

ကွဲအက်ကြောင်းရာ လေးခုရှိလျှင်၎င်း၊ တစ်ကြောင်းတည်းပင် လက်ရှစ်သစ်ပမာဏရှိလျှင်၎င်း၊ လေးဖွဲ့ဖွဲ့ရပါသည်။

ကွဲအက်ကြောင်းရာ ငါးခုရှိသောသပိတ်သည်၎င်း၊ တစ်ကြောင်းတည်းပင် လက်ဆယ်သစ်ရှိသောသပိတ်သည်၎င်း၊ ဖွဲ့သည်ဖြစ်စေ ၊ မဖွဲ့သည်ဖြစ်စေ သပိတ်ဟုပင် မခေါ်ထိုက်တော့ပါ၊ အခြားသပိတ်အသစ်ကို တောင်းနိုင်ပြီ။

**မေး။** သံသပိတ်၌ အခြားသောသပိတ်အသစ်ကို တောင်းခွင့်ရသောရဟန်း၊ တောင်းခွင့်မရသေးသောရဟန်းတို့ကို ခွဲခြားပြပါ။

**ဖြေ။** သံသပိတ်၌ ငါးပေါက်သော်၎င်း၊ ငါးပေါက်ထက်ပို၍သော်၎င်း၊ ပေါက်ခဲ့လျှင် သံမှုန့်ဖြင့်ဖြစ်စေ၊ စို့ဖြင့်ဖြစ်စေ၊ သံပြားဝိုင်းဖြင့်ဖြစ်စေ၊ ပြေပြစ်ညက်ညောအောင် ဖွဲ့တုပ်ဖာထေး၍ရလျှင် ထိုသပိတ်ကိုသာ သုံးရမည်၊ အခြားသပိတ်ကို မ‌တောင်းရပါ။

အပေါက်တစ်ပေါက်တည်းပင်ဖြစ်သော်လည်း အလွန်ကြီးကျယ် နေလျှင် သံပြားဝိုင်းဖြင့် ဖွဲ့၍သော်မှ ပြေပြစ်ညက်ညောမှု မရှိခဲ့သော် ဆွမ်းစသော အာမိသများ ငြိကပ်နိုင်သည့်အတွက် မအပ်တော့ပါ၊

http://www.dhammadownload.com



အခြားသပိတ် တောင်းနိုင်၏။

**မေး။** သပိတ်ကို မတောင်းသင့်ဘဲနှင့် တောင်းခဲ့လျှင် သင့်နိုင်သော အာပတ်နှင့် စွန့်ရမည့်နေရာကို ရေးခဲ့ပါ။

**ဖြေ။** တောင်းခြင်းလုလ္လပယောဂကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ ရခြင်းကြောင့် နိဿဂ္ဂိသင့်ပါသည်။ "ဘိက္ခုပရိသာယနိဿဇ္ဇိတဗ္ဗော" ဟုဟောတော်မူသောကြောင့် ထိုသပိတ်ကို သံဃာအလယ်၌သာ စွန့်ရပါသည်။

**မေး။** သပိတ်ကိုစွန့်ရာ၌ သံဃာတော်များ၏ ကျင့်ဝတ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁) သံဃာတော်များသည် မူလကပင် အဓိဋ္ဌာန်တင်ပြီးဖြစ်သော မိမိ မိမိတို့၏ သပိတ်ကိုယူ၍ စည်းဝေးရမည်၊

(၂) ပဏ္ဍဂ္ဂါဟာပကသမ္မုတိရသောရဟန်းသည် တောင်းအပ်သော နိဿဂ္ဂိသပိတ်၏ ထင်ရှားရှိသောဂုဏ်ကို လျှောက်ထားပြောဆိုပြီး မထေရ်ကြီးအား အလှူခံရန် ပြောဆိုရမည်၊

(၃) မထေရ်ကြီးက သပိတ်အသစ်ကို ယူခဲ့လျှင် မထေရ်ကြီး၏ သပိတ်အဟောင်းကို ဒုတိယမထေရ်အား ယူစေသောနည်းဖြင့် အငယ်ဆုံးရဟန်းတိုင်အောင်ယူစေရမည်၊

(၄) အငယ်ဆုံးရဟန်းစွန့်အပ်သော နောက်ဆုံးသပိတ်ကို သပိတ်တောင်းသောရဟန်းအား ပေးရမည်။

**မေး။** စွန့်အပ်သောသပိတ်ကိုမယူခြင်းကြောင့် အပြစ်မဖြစ်နိုင်ပုံနှင့် ဖြစ်နိုင်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ထိုစွန့်အပ်သောသပိတ်ကို မနှစ်သက်သောကြောင့်၄င်း၊ အလိုနည်း

http://www.dhammadownload.com



ခြင်း အပ္ပိစ္ဆတာဂုဏ်ကြောင့်၄င်း၊ မယူလျှင် အပြစ်မဖြစ်ပါ။ သပိတ်တောင်းသောရဟန်းအပေါ်၌ သနားငဲ့ညှာမှုဖြင့် မယူလျှင်ကား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** အဘယ်သပိတ်ကို ပတ္တပရိယန္တဟု ခေါ်ပါသနည်း။

**ဖြေ။** စည်းဝေးသောသံဃာတို့တွင် အငယ်ဆုံးရဟန်းသည် စွန့်အပ်သော သပိတ်သည် ပတ္တပရိယန္တမည်၏။

**မေး။** သပိတ်တောင်းသောရဟန်းသည် နောက်ဆုံးသပိတ်(ပတ္တပရိယန္တ)ကို အဘယ်ကဲ့သို့ သုံးစွဲရပါသနည်း။

**ဖြေ။** ပတ္တပရိယန္တသပိတ်ကို တောင်းလာသောသပိတ်အသစ်ကဲ့သို့ ရိရိသေသေ ကောင်းကောင်းမွန်မွန် သုံးစွဲရမည်။ အကယ်၍ထိုနောက်ဆုံးသပိတ်ကို စက်ဆုပ်ရွံရှာသည်ဖြစ်၍ မထားသင့်သောအရပ်၌ ထားခဲ့လျှင်၄င်း၊ မသုံးစွဲသင့်သောနည်းဖြင့် သုံးစွဲလျှင်၄င်း၊ သူတစ်ပါးအား ပေးစွန့်လျှင်၄င်း၊ ဒုက္ကဋ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ နိဿဂ္ဂိပါစိတ်အာပတ် တစ်ရာသင့်နိုင်ပုံ, ဖြစ်နိုင်ပုံကို ရေးခဲ့ပါ။

**ဖြေ။** မတောင်းကောင်းသောသပိတ်တို့သည်—

(၁)အဗန္ဓနပတ္တ (၂)ဧကဗန္ဓနပတ္တ (၃)ဒွိဗန္ဓနပတ္တ (၄)တိဗန္ဓနပတ္တ (၅)စတုဗန္ဓနပတ္တ (၆)အဗန္ဓနောကာသပတ္တ (၇)ဧကဗန္ဓနောကာသပတ္တ (၈)ဒွိဗန္ဓနောကာသပတ္တ (၉)တိဗန္ဓနောကာသပတ္တ (၁၀)စတုဗန္ဓနောကာသပတ္တ၊ အားဖြင့် ဆယ်လုံးရှိရာ

http://www.dhammadownload.com



တစ်လုံးလုံးကို မူတည်၍ ဆယ်လုံးစီ, ဆယ်လုံးစီကို တောင်းသော အားဖြင့် နိဿဂ္ဂိပါစိတ်အာပတ် တစ်ရာသင့်နိုင်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်တို့ကို ထုတ်ပြပါ။

**ဖြေ။** (၁) သပိတ်ပျောက်သောရဟန်း၊ (၂)သပိတ်ကွဲသောရဟန်း၊ (၃)မိမိ၏ဉာတက, ပဝါရိတ၌ တောင်းသောရဟန်း၊ (၄)အခြားသူအတွက် ဉာတက,ပဝါရိတထံ တောင်းသောရဟန်း၊(၅)ထိုအခြားသူအတွက်ပင် ထိုသူ၏ ဉာတက ပဝါရိတထံ တောင်းသောရဟန်း၊ (၆)မိမိဥစ္စာဖြင့် ခံယူသောရဟန်း၊(၇)ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

**မေး။** ဦနပဥ္စဗန္ဓနသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)အဓိဋ္ဌာန်တင်လောက်သော သပိတ်၏ ငါးဖွဲ့မပြည့်ခြင်း၊ (၂)မိမိအတွက်ဖြစ်ခြင်း၊ (၃)မဖိတ်မန်သူကို တောင်းခြင်း၊ (၄)တောင်းသဖြင့် ရခြင်း ဟူ၍ အင်္ဂါလေးပါးဖြစ်ပါသည်။

## ဘေသဇ္ဇ သိက္ခာပုဒ်

**မေး။** အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူ၍ သိမ်းထားအပ်ကုန်သော ထောပတ်စသည်တို့သည် ခုနစ်ရက်လွန်လျှင် နိဿဂ္ဂိထိုက် , မထိုက် ရေးခဲ့ပါ။

**ဖြေ။** အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူသော ထောပတ်စသည်တို့သည် သုံးဆောင်ခြင်းငှါ မထိုက်တော့သောကြောင့် (၇)ရက်လွန်သော်လည်း နိဿဂ္ဂိမထိုက်ပါ။ " ပဋိသာယနီယာနိ " ဟူသောပါဠ်ကို ထောက်ပါ။

**မေး။** ဘေသဇ္ဇာနိအရ ဆေးအတွက်အသုံးမပြုသော ထောပတ်စသည်တို့ကို

http://www.dhammadownload.com



ဘေသဇ္ဇ(ဆေး)ဟု ခေါ်နိုင် ၊ မခေါ်နိုင်ရေးခဲ့ပါ။

**ဖြေ။** ဆေးအတွက်သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ၊ ဘေသဇ္ဇ (ဆေး ဘက်ဝင်သောအစာ)ဟု ခေါ်ဝေါ်ထားသောကြောင့် ဘေသဇ္ဇဟုပင် ခေါ်ထိုက်ပါသည်။

**မေး။** သပ္ပိစသည်တို့၏ အရကို ရေးခဲ့ပါ။

**ဖြေ။** ထောပတ်နှင့် ဆီဦး(သပ္ပိ ၊ နဝနီတ)တို့၏အရ အသားစားကောင်းသော နွားစသောသတ္တဝါတို့၏ ထောပတ် ၊ ဆီဦးကို ယူရပါသည်။

ဆီ(တေလ)အရ နှမ်းစေ့ ၊ မုန်ညင်းစေ့ ၊ သစ်မည်စည်စေ့၊ ကြက်ဆူစေ့ ၊ အဆီခဲစသည်တို့မှ ဖြစ်စေအပ်၊ ထုတ်ယူအပ်သော ဆီကို ယူရပါသည်။

ပျား(မဓု)အရ=ပျားကောင်တို့ပြုအပ်သောပျားရည်ကိုသာ ယူရ ပါသည်။

တင်လဲ(ဖာဏိတ)အရ=ကြံရည်မှစ၍ မချက်အပ်သေးသည်ဖြစ်စေ(ကြံရည်အစိမ်းကိုဆိုလိုသည်) ဝတ္ထု(အဖတ်)မပါဘဲ ချက်အပ်သည်ဖြစ်စေ၊ ကြံ၏အထူးပြုအပ်သော(ကြံနှင့်ဆိုင်သမျှ)ပစ္စည်းအားလုံးကို ယူရပါသည်။

**မေး။** နွားနို့စသောဝတ္ထုကို အကပ်ခံ၍ ထောပတ်စသည်ချက်ထားသည် ကို ခုနစ်ရက်လွန်လျှင် အာပတ်သင့် ၊ မသင့်ရေးခဲ့ပါ။

**ဖြေ။** နွားနို့ကို ကိုယ်တိုင်အကပ်ခံ၍ ထောပတ်စသည်ချက်ထားလျှင် ခုနစ် ရက်လွန်သော်လည်း အာပတ်မသင့်ပါ။

*(အကြောင်းကား)*ဘာနိ ပဋိဂ္ဂဟေတွာအရ ထောပတ်စသောဆေးပစ္စည်းကိုသာ ယူရ၍ ထိုဆေးပစ္စည်းတို့၏တည်ရာဖြစ်သော နွားနို့စသည်ကို မယူရသောကြောင့်တည်း။

http://www.dhammadownload.com



မေး။ အဆီခဲမှုဖြစ်သော ဆီကို ကိုယ်တိုင်ချက်လျှင် အပ် ,မအပ်ရေးခဲ့ပါ။

ဖြေ။ အဆီခဲမှုဖြစ်သောဆီကို နံက်ချိန်၌ အကပ်ခံခြင်း , ချက်ခြင်း , စစ်ခြင်းစသည်ကို ပြုလုပ်လျှင် သတ္တာဟကာလိကဆီကို သုံးဆောင်နည်းဖြင့် သုံးဆောင်ကောင်းပါသည်။

မေး။ အဆီကိုချက်၍ အဘယ်ကဲ့သို့ သုံးဆောင်ရပါသနည်း။

ဖြေ။ လူ၏အဆီမှတပါး အဆီအားလုံးကို နံက်အခါ အကပ်ခံ၍ ကိုယ်တိုင်ချက်ပြီး ထုတ်ယူအပ်သောအဆီကို (၇)ရက်ပတ်လုံး ဆွမ်းစသော အာမိသနှင့် မရောဘဲ သုံးဆောင်ကောင်းပါသည်။

လူ,သာမဏေက ချက်ပေးလျှင်ကား အကပ်ခံသောနေ့ နံက်ပိုင်း၌ ဆွမ်းစသော အာမိသနှင့် ရော၍စားကောင်းပါသည်။

မေး။ ယာဝကာလိကဝတ္ထုကို ကိုယ်တိုင် ချက်ကောင်း / မချက်ကောင်း ရေးခဲ့ပါ ။

ဖြေ။ အဆီခဲမှုဖြစ်သောဆီ(ဝသာတေလ)မှတပါး နှီးရည်စသော ယာဝကာလိကဝတ္ထုကို ရဟန်းကိုယ်တိုင် မချက်ကောင်းပါ၊ ယာဝကာလိကဝတ္ထု လုံးဝမပါအောင် သီးခြားထုတ်အပ်ပြီးသော ထောပတ် , ဆီဦးတို့ကိုကား ရဟန်းကိုယ်တိုင် ချက်ကောင်းပါသည်။

သို့သော် ထိုကိုယ်တိုင်ချက်ထားသော ထောပတ် , ဆီဦးကို ထိုနေ့ နံက်ပိုင်းမှပင် ဆွမ်းစသောအာမိသနှင့် ရော၍မစားကောင်းပါ။

မေး။ ဆေးပစ္စည်းအကပ်ခံမှုနှင့် သုံးစွဲပုံကို ရေးခဲ့ပါ။

ဖြေ။ ပုရေဘတ္တအခါ အကပ်ခံသော ဆေးတို့သည် ထိုနေ့နံက်ပိုင်း၌ အာမိသနှင့်တကွ သုံးဆောင်ကောင်းပါသည်။

http://www.dhammadownload.com



ပစ္ဆာဘတ္တအခါမှစ၍ကား ထိုနေ့နံက်ပိုင်းက အကပ်ခံအပ်သော ဆေးတို့သည်၎င်း၊ မွန်းလွဲပိုင်း၌ အကပ်ခံအပ်သော ဆေးတို့သည်၎င်း၊ အာမိသမပါဘဲ သုံးဆောင်ကောင်း၏။

**မေး။** အနာလိမ်းရန်ဖြစ်သော ထောပတ်စသော ဆေးတို့သည် (၇)ရက် လွန်လျှင် အာပတ်သင့်နိုင်ပါသလော။

**ဖြေ။** ပရိဘုဉ္ဇိတဗ္ဗာနိ ဟုဟောတော်မူသောကြောင့် (၇)ရက်လွန်သော်လည်း အာပတ်မသင့်ပါ။

**မေး။** ဆီကြိတ်ရန် အကပ်ခံထားသော ယာဝဇီဝိကဖြစ်သော မုန်ညင်းစေ့၊ ကြက်ဆူစေ့စသည်ကို အဘယ်ကဲ့သို့ သုံးစွဲရပါသနည်း။

**ဖြေ။** ယာဝဇီဝိကဆီထွက်ပစ္စည်းတို့ကို ဆီကြိတ်ရန် အကပ်ခံပြီး ထိုနေ့မှာပင် ဆီကြိတ်ဖြစ်သော် (၇)ရက်ပတ်လုံး သုံးဆောင်ကောင်း၏။

ဒုတိယနေ့မှ ဆီကြိတ်ဖြစ်လျှင် (၆)ရက်သုံးဆောင်ကောင်း၏၊

ဤသို့လျှင် အကပ်ခံပြီးနောက် (၇)ရက်နေ့ရောက်မှ ဆီကြိတ်ဖြစ်သော် ထိုနေ့တစ်ရက်သာ သုံးဆောင်ကောင်း၏။

အရုဏ်တက်သွားလျှင်ကား နိဿဂ္ဂိပါစိတ်အာပတ်သင့်၏၊ အကပ်ခံပြီးနောက် (၈)ရက်မြောက်နေ့မှ ဆီကြိတ်လျှင် မစားသုံးထိုက်တော့ပါ၊ သို့သော် နိဿဂ္ဂိဝတ္ထုမဟုတ်သည့်အတွက် ခေါင်းလိမ်းဆီစသော ခန္ဓာကိုယ်အပြင်ပ၌ သုံးဆောင်ခြင်းငှါ အပ်စပ်၏။

13 A **မေး။** နိဿဂ္ဂိဖြစ်၍ စွန့်အပ်သော သတ္တာဟကာလိကဆေးကို ပြန်ရလျှင် စားကောင်းပါသလော။

**ဖြေ။** စွန့်ပြီး၍ ပြန်ရသော သတ္တာဟကာလိဆေးကို အနာစသည်လိမ်းငှါ၎င်း

http://www.dhammadownload.com



စားမျိုခြင်းငှါငှင်း မအပ်တော့ပါ။
မီးထွန်းရန်အတွက်ငှင်း၊ မည်းနက်သောအဆင်းအတွက်ငှင်း၊ ပြုလုပ်ကောင်း၏။

မေး။ နိဿဂ္ဂီဖြစ်သောဆေးပစ္စည်းကို စားကောင်းအောင် အဘယ်ကဲ့သို့ ပြုလုပ်ရပါသနည်း။

ဖြေ။ ငဲ့ကွက်မှုမရှိဘဲ (လူ,သာမဏေအား) ပေးစွန့်ရပါသည်၊ ထိုသို့ပေးစွန့်ပြီး၍ ပြန်ရလျှင်ကား စားခြင်းငှါ အပ်၏။

## ဝေသယိကလောင်ိက သိက္ခာပုဒ်

မေး။ မိုးရေခံသင်္ကန်းကို အဘယ်ကာလမှ အဘယ်ကာလတိုင်အောင် အဘယ် နည်းဖြင့် ရှာမှီးရပါသနည်း။

ဖြေ။ နယုံလပြည့်ကျော်တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် ကာလအတွင်း၌ (က) " မိုးရေခံသင်္ကန်း၏ အချိန်အခါတည်း " စသည်ဖြင့် သတိပေးကာ သံဃာအား ဗိတ်မန့်ထားရာမှငှင်း၊(ခ)"ငါ့အား မိုးရေခံသင်္ကန်း လှူကြပါ စသည်ဖြင့် ဉာတက, ပဝါရိတတို့ထံမှ တိုက်ရိုက်တောင်းခြင်းဖြင့်ငှင်း၊ ရှာမှီးရပါသည်။

မေး။ ဆွေမျိုးမတော်သူ ,မဖိတ်အပ်သူတို့ကို မိုးရေခံသင်္ကန်းလှူဘို့ သတိပေးလျှင် အဘယ်အပြစ် ဖြစ်ပါသနည်း။

ဖြေ။ ဝတ္တရားပျက်ကွက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။
"ဒေထ မေ " စသည်ဖြင့် တိုက်ရိုက်တောင်းလျှင် အညာတကဝိညတ္တိ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂီပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



**မေး။** မိုးရေခံသင်္ကန်းချုပ်ခြင်း ၊ ဆိုးခြင်း ၊ ဝတ်ခြင်း ၊ ပြုကောင်းသော ကာလကို ရေးခဲ့ပါ။

**ဖြေ။** ဝါဆိုလဆန်းတစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် ကာလအတွင်း၌ ချုပ်၍၄င်း၊ အဆင်းပျက်ရုံမျှ တစ်ကြိမ်လောက် ဆိုးခြင်းဖြင့်၄င်း၊ ကပ္ပဗိန္ဒုထိုး၍၄င်း၊ ဝတ်ရုံကောင်းပါသည်၊ မရလျှင် ရှာမှီးကောင်းပါသည်။

**မေး။** မိုးရေခံသင်္ကန်း၏ ပရိယေသနခေတ်၊ ကရဏခေတ်၊ နိဝါသနခေတ်၊အဓိဋ္ဌာနခေတ်တို့ကို ပိုင်းခြားပြပါ။

**ဖြေ။** (က)နွေလတို့၏ နောက်ဆုံးတစ်လ(နယုံလပြည့်ကျော်တစ်ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့ထိတစ်လ)သည် ပရိယေသနခေတ်မည်၏။

(ခ)နွေလတို့၏ နောက်ဆုံးလခွဲ(၁၅)ရက်သည် (ဝါဆိုလဆန်း တစ်ရက်မှစ၍ ဝါဆိုလပြည့်တိုင်အောင် ဆယ့်ငါးရက်သည်) ကရဏခေတ်၊ နိဝါသနခေတ်၊ ပရိယေသနခေတ်မည်၏။

(ဂ) မိုးလေးလတို့သည် ပရိယေသနခေတ် ၊ ကရဏခေတ် ၊နိဝါသနခေတ် ၊အဓိဋ္ဌာနခေတ်မည်၏။

**မေး။** မိုးရေခံသင်္ကန်းကို အဓိဋ္ဌာန်မတင်ဘဲ ထားနိုင်ခွင့်ရှိသောရက်တို့ကို ရနိုင်သမျှ ရေတွက်ပြပါ။

**ဖြေ။** (၁)နယုံလပြည့်ကျော်တစ်ရက်မှစ၍ ဝါဆိုလပြည့်နေ့တိုင်အောင် သာမန်ထားနိုင်ခွင့်ရှိသော တစ်လ၊

(၂) ဝါငင် ဝါထပ်လျှင် နောက်ထပ်တစ်လ၊

(၃)ဒုတိယဝါဆိုလပြည့်နေ့၌ သတိမေ့သောကြောင့်ဖြစ်စေ၊ မချုပ်လောက်သေး၍ဖြစ်စေ၊ မချုပ်ရသေးလျှင် နောက်ထပ် မိုးလေးလ၊

http://www.dhammadownload.com



(၄) တန်ဆောင်မုန်းလ၌ ကထိန်ခင်းလျှင် ဆောင်းလေးလ၊
(၅)တပေါင်းလပြည့်နေ့၌ မချုပ်လောက်သေး၍ မျှော်လင့်ချက်ပစ္စာသာ သင်္ကန်းရှိခဲ့လျှင် ထိုမချုပ်လောက်သော မိုးရေခံသင်္ကန်းကို မူလသင်္ကန်းပြု၍ထားပါက တန်ခူးလပြည့်နေ့တိုင်အောင် တစ်လ၊ ဤသို့လျှင် ဆဲ့တစ်လပတ်လုံး အဓိဋ္ဌာန်မတင်ဘဲ ထားနိုင်၏၊ ထို(၁၁)လထက်ပို၍ကား တစ်ရက်မျှ မထားကောင်းပါ။

**မေး။** မိုးရေခံသင်္ကန်း၏ ပိဋ္ဌိသမယကာလကို ရေတွက်ပြပါ။
**ဖြေ။** တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်မှစ၍ နယုံလပြည့်နေ့ တိုင်အောင်(၇)လသည် မိုးရေခံသင်္ကန်း၏ ပိဋ္ဌိသမယဖြစ်ပါသည်။

**မေး။** ပိဋ္ဌိသမယ၌ မိုးရေခံသင်္ကန်းရှာမှုကြောင့် အပြစ်ရှိနိုင်သော သိက္ခာပုဒ် နှင့် ကာလကို ရေးခဲ့ပါ။
**ဖြေ။** ပိဋ္ဌိသမယ(၇)လ အတွင်း၌ အညာတက ,အပ္ပဝါရိတအရပ်မှ သတိ ပေးသောအားဖြင့် ရှာလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

တိုက်ရိုက်တောင်းလျှင် အညာတကဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။

ဉာတက ,ပဝါရိတတို့ကို တိုက်ရိုက်တောင်းလျှင် အညာတကဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်၏၊ သတိပေးလျှင်လည်း ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။
**ဖြေ။** (၁)ရေကန်စသည်တို့၌ မိုးရေခံသင်္ကန်းမပါဘဲ ရေချိုးသူ၊
(၂) ခိုးသူလုယက်သောသင်္ကန်းရှိသူ၊

http://www.dhammadownload.com



(၃)ပျက်စီးသောသင်္ကန်းရှိသူ၊

(၄)ခိုးသူစသောဘေးရန်တို့ကြောင့် အချိန်အခါမဟုတ်ဘဲ မိုးရေခံသင်္ကန်း ဝတ်သူ၊

(၅)ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

*(မှတ်ချက်)* မိုးရေခံသင်္ကန်းရှိလျက် ကိုယ်လုံးတီး ရေချိုးလျှင် ဒုက္ကဋ် အာပတ်သင့်၏။

**မေး။** မိုးရေခံသင်္ကန်းရှာမှီးခြင်းကြောင့် သင့်နိုင်သောအာပတ်အတွက် အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)မိုးရေခံသင်္ကန်း၏ မိမိအတွက်ဖြစ်ခြင်း၊

(၂) မရှာမှီးသင့်သောအခါ၌ ရှာမှီးခြင်း၊

(၃) ရှာမှီးခြင်းကြောင့် ရရှိခြင်း ဤသုံးပါးသည် ပရိယေသနအာပတ်၏ အင်္ဂါတို့ဖြစ်ပါသည်။

**မေး။** ဝတ်ခြင်းကြောင့် သင့်နိုင်သောအာပတ်၏(နိဝါသနအာပတ်၏) အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)မိုးရေခံသင်္ကန်းမှတပါး အခြားသင်္ကန်းရှိခြင်း၊

(၂) ဘေးအန္တရာယ်မရှိခြင်း၊

(၃)မိုးရေခံသင်္ကန်း၏ မိမိဥစ္စာဖြစ်ခြင်း၊

(၄)မဝတ်သင့်သောအခါ၌ ဝတ်ခြင်း၊ ဤလေးပါးတို့သည် နိဝါသန အာပတ်၏ အင်္ဂါတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## စိဝရအဆွမ်နာ သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ စီဝရံ ဒတွာအရ အဘယ်ကဲ့သို့ပေးခြင်းမျိုးကို ယူရပါသနည်း။

**ဖြေ။** မိမိ၏ ဝေယျာဝစ္စသည်တို့ကို(ဖြုလိမ့်မည်)ဟု မျှော်လင့် တောင့်တ၍ ကိုယ်တိုင်ပေးခြင်းကို ယူရပါသည်။

**မေး။** အစ္ဆိန္ဒေယျ အရ အဘယ်သညာဖြင့် လုယူသည်ကို ယူရပါသနည်း။

**ဖြေ။** သကသညာဖြင့် လုယူသည်ကို ယူရပါသည်။

***(မှတ်ချက်)*** လုယူအပ်သော သင်္ကန်းအရေအတွက်ဖြင့်သာ အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်နိုင်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ဝိကပ္ပနာပြုလောက်သော သင်္ကန်းမှတပါး အခြားသော ပရိက္ခရာကို ရဟန်းအား ပေးပြီး ပြန်လုယူလျှင်၄င်း၊ လူ, သာမဏေအထံမှ သင်္ကန်းနှင့်တကွ မည်သည့်ပစ္စည်းကိုမဆို ပေးပြီး ပြန်လုယူလျှင်၄င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁)မိမိပေးအပ်သောရဟန်းက ကျေကျေနပ်နပ် ပြန်ပေးသည်ကို ယူသော ရဟန်း

(၂)စိတ်ဆိုး၍ ပြန်ပေးသည်ကို ယူသောရဟန်း၊

(၃)ပေးအပ်သောရဟန်းအပေါ်၌ အကျွမ်းဝင်၍ ယူသောရဟန်း၊

(၄)ဥမ္မတ္တကရဟန်းစသည်တို့သည် ဤသိက္ခာပုဒ်အရအာပတ်မသင့်ပါ။

http://www.dhammadownload.com



မေး။ ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

ဖြေ။ (၁) ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း၊
(၂) ကိုယ်တိုင်ပေးခြင်း၊
(၃) ကိုယ့်ဥစ္စာဟု အမှတ်ရှိခြင်း၊
(၄) အလှူခံရသူက ရဟန်းဖြစ်ခြင်း၊
(၅) ဖိတ်ဆိုး၍ လုခြင်း , လုစေခြင်း အားဖြင့် အင်္ဂါငါးပါးရှိပါသည်။

*စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်အဖွင့် ပြီး၏*

## သုတ္တဝိညတ္တိ သိက္ခာပုဒ်

မေး။ သုတ္တံ အရ ယူရမည့် ချည်တို့ကို ဖော်ပြပါ။

ဖြေ။ ခေါမ , ကပ္ပါသိက , ကောသေယျ , ကမ္ဗလ , သာဏ , ဘင်္ဂ ဟူသော ချည်ခြောက်မျိုးတို့ကိုငှင်း၊ ချည်ခြောက်မျိုးအားလျော်သော အနုလောမ ချည်တို့ကိုငှင်း၊ ယူရပါသည်။

မေး။ ဝိညာပေတွာ အရအဘယ်အတွက် တောင်းခြင်းကို ယူရပါ သနည်း။

ဖြေ။ သင်္ကန်းအတွက် တောင်းခြင်းကို ယူရပါသည်။

မေး။ ဝါယာပေယျ အရ အဘယ်သို့ ယက်စေခြင်းကို ယူရပါသနည်း။

ဖြေ။ "ငါ့အတွက် သင်္ကန်းယက်ပေးကြပါ" ဟူသော မအပ်သောတောင်းခြင်း(အကပ္ပိယဝိညတ်)ဖြင့် ယက်စေခြင်းကို ယူရပါသည်။

မေး။ ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ သင်္ကန်းယက်ခြင်းအကျိုးငှါ လိပ်ကိုပြင်ဆင်ခြင်း၊ လက်ခတ်ကို ပြင်ဆင်ခြင်းစသော ယက်ကန်းသည်တို့၏ လုပ္ပယောဂတိုင်း၌ ဒုက္ကဋ်အာပတ်သင့်ပါသည်။
ရလာလျှင်ကား နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

မေး။ အဘယ်မျှလောက်သော သင်္ကန်းကို ယက်လုပ်လျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသနည်း။

ဖြေ။ မအပ်သောနည်းဖြင့်တောင်းအပ်သော အကပ္ပိယချည်ကို မအပ်သော နည်းဖြင့် နိုင်းအပ်သော အကပ္ပိယတန္တဝါယ=ယက်ကန်းသည်က အလျားတစ်ထွာ ၊ အနံတစ်တောင် ရက်လုပ်ပြီးတိုင်း၌ နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။ ဤသို့လျှင်ဤသိက္ခာပုဒ်၌ သင်္ကန်းကြီးလျှင် ကြီးသလောက် အာပတ်တိုးပွါးနိုင်ပါသည်။

မေး။ မတောင်းဘဲရအပ်သောချည်ကို အကပ္ပိယယက်ကန်းသည်အား ယက်စေရာ၌ အဘယ်အာပတ်သင့်ပါသနည်း။

ဖြေ။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး။ ကပ္ပိယချည်,အကပ္ပိယချည်ကိုရော၍ အကပ္ပိယယက်ကန်းသည်အား ရက်စေရာ၌ အဘယ်သို့အာပတ်သင့်ပါသနည်း။ ၆

ဖြေ။ အကပ္ပိယချည်ဖြင့် ရက်အပ်သောအပိုင်းအခြားပမာဏ အလျားတစ်ထွာ,အနံတစ်တောင်ပြည့်သောအခါ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။
ကပ္ပိယချည်ဖြင့်ယက်အပ်သော အပိုင်းအခြားပမာဏ အလျားတစ်ထွာ, အနံတစ်တောင်ပြည့်သောအခါ ဒုက္ကဋ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



ထိုပမာဏအောက် ယုတ်လျော့လျှင်ကား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ချည်ချောင်းတစ်ချောင်းကျော်, တစ်ချောင်းကျော်အားဖြင့်၄င်း၊ အလျားမှ ကပ္ပိယချည်, အနံမှ အကပ္ပိယချည်ပြုလုပ်ရောနှောပြီး ရက်လျှင်၄င်း၊ အဘယ်သို့ အာပတ်သင့်ပါသနည်း။

**ဖြေ။** အလျားတစ်ထွာ ,အနံတစ်တောင်ပမာဏ ပြီးစီးသော အရေအတွက်အားဖြင့် ဒုက္ကဋ်အာပတ်များသင့်ပါသည်။

***(မှတ်ချက်)*** ကပ္ပိယယက်ကန်းသည် , အကပ္ပိယယက်ကန်းသည်တို့ကို ရောနှော၍ ယက်စေရာ၌လည်း အထက်ပါနည်းအတိုင်း အာပတ်ကို ဆုံးဖြတ်ရပါသည်။

***(အကျဉ်းချုပ်မှတ်ရန်)***

ယက်ကန်းသည်ကလည်း အကပ္ပိယ , ချည်ကလည်း အကပ္ပိယ ဖြစ်မှသာ ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်၊ တစ်ခုခုက ကပ္ပိယဖြစ်နေလျှင် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။ နှစ်ခုလုံး ကပ္ပိယချည်းဖြစ်လျှင်ကား အနာပတ္တိဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။

**ဖြေ။** (၁) သင်္ကန်းချုပ်ရန် အပ်ချည်၊,အာယောဂပင့် , ခါးပန်းကြိုး , ပုခုံးလွယ် သပိတ်အိပ် , ရေစစ်ပဝါ , ပြုလုပ်ရန်ချည်ကိုကို တောင်းသော ရဟန်း၊

(၂) ဉာတက , ပဝါရိတတို့အား ကပ္ပိယချည်ကို ရက်စေသောရဟန်း၊

(၃) အခြားသောရဟန်းအတွက် ယက်စေသောရဟန်း၊

(၄)မိမိ၏ အပ်စပ်သောဥစ္စာဖြင့် ယက်စေသောရဟန်း၊

(၅)ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ်မသင့်ပါ။

14
A

**မေး။** ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

http://www.dhammadownload.com



ဖြေ။ (၁)သင်္ကန်းအတွက် တောင်းအပ်သောချည်ဖြစ်ခြင်း၊
(၂)မိမိအတွက် ဖြစ်ခြင်း၊
(၃)အကပ္ပိယယက်ကန်းသည်ကို မအပ်သောနည်းဖြင့် ယက်စေခြင်း၊
အားဖြင့် အင်္ဂါသုံးပါးဖြစ်ပါသည်။

## မဟာပေသကာရ သိက္ခာပုဒ်

*မေး။* ဤသိက္ခာပုဒ်၌ ပိဏ္ဍပါတမတ္တမ္ပိ အရ ဆွမ်းကို ပေးခြင်းကြောင့် နိဿဂ္ဂီ ဖြစ်ပါသလော။

*ဖြေ။* ဆွမ်းကို ပေးခြင်းကြောင့် နိဿဂ္ဂီဖြစ်သည်မဟုတ်ပါ၊ ရဟန်း၏ စကားကြောင့် သင်္ကန်းရှင်တို့လက်မှ ချည်ကို အပိုတောင်း၍ အလျားရှည်အောင်, အနံပြန့်အောင်,ပိတ်ပိတ်သဲသဲတခဲနက်ဖြစ်အောင် ယက်ကန်းသည်တို့ ယက်လုပ်ခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

*မေး။* ပုဗ္ဗေ အပ္ပဝါရိတော အရ မည်သူတို့၏ မဖိတ်ကြားမှုကို ယူရပါသနည်း။

*ဖြေ။* သင်္ကန်းရှင်တို့၏ မဖိတ်ကြားမှုကို ယူရပါသည်။

*မေး။* ဝိကပ္ပါပဇ္ဇနာကာရ(အထူးစီမံခြင်းသို့ ရောက်ပုံ) ပြ ပါဠိကို ရေးခဲ့ပါ။

*ဖြေ။* ဣဒံ ခေါ အာဝုသော စီဝရံ မံ ဥဒ္ဒိဿ ဝိယျတိ၊ အာယတဉ္စ ကရောထ၊ ဝိတ္ထတဉ္စ အပ္ပိတဉ္စ သုဝီတဉ္စ သုပ္ပဝါယိတဉ္စ သုဝိလေခိတဉ္စ သုဝိတစ္ဆိတဉ္စ ကရောထ၊ အပ္ပေဝ နာမ မယမ္ပိ အာယသ္မန္တာနံ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျာမ။

14
B

http://www.dhammadownload.com



**မေး။** သုဝိတ ,သုပ္ပဝါယိတ ,သုဝိလေခိတ ,သုဝိတစ္ဆိတ ,တို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အလုံးစုံသောအရပ်တို့၌ ညီအောင်ယက်ခြင်းကို " သုဝိတ " ဟုခေါ်ပါသည်။

အလုံးစုံသောအရပ်တို့၌ ညီအောင်ပြု၍ ယက်ကန်းစင်၌ ဖြန့်အပ် သည်ကို "သုပ္ပဝါယိတ"ဟု ခေါ်ပါသည်။

နယ်ဖြင့်ကောင်းစွာ ကန်အပ်သည်ကို " သုဝိလေခိတ " ဟုခေါ်ပါသည်။

ဘီးဖြင့် ဖီးအပ် , အကြွင်းအကျန်မရှိအောင် ဆေးကြောဖွပ်လျှော်အပ်သည်ကို "သုဝိတစ္ဆိတ " ဟုခေါ်ပါသည်။

**မေး။** အာယတစသော ခိုင်းနည်း(၇)နည်းတို့တွင် အာပတ်သင့်စေနိုင်သော ခိုင်းနည်း ,အာပတ်မသင့်စေနိုင်သော ခိုင်းနည်းတို့ကို ခွဲခြားပြပါ။

**ဖြေ။** အာယတ ,ဝိတ္ထတ ,အပ္ပိတ ,ဖြစ်အောင် ခိုင်းခြင်းသည် အာပတ်သင့်စေနိုင်ပါသည်။

သုဝိတ ,သုပ္ပဝါယိတ ,သုဝိလေခိတ ,သုဝိတစ္ဆိတဖြစ်အောင် ခိုင်းခြင်းသည် ဘား အာပတ်မသင့်စေနိုင်ပါ။

**မေး။** ဤသိက္ခာပုဒ်ကြောင့် အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကိုရေးခဲ့ပါ။

**ဖြေ။** (၁) ဉာတက,ပဝါရိတတို့၏ ယက်ကန်းသည်တို့ကို ယက်စေသောရဟန်း

(၂) အခြားရဟန်းအတွက် ယက်စေသောရဟန်း၊

(၃) မိမိဥစ္စာဖြင့် ယက်စေသောရဟန်း၊

(၄) တန်ဘိုးကြီးသော သင်္ကန်းကို ယက်စေသော ဒါယကာကို တန်ဘိုးနည်းအောင် ယက်စေသောရဟန်း၊

(၅)ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁) ဉာတက , ပဝါရိတ မဟုတ်သူတို့၏ ယက်ကန်းသည်ထံ ချဉ်းကပ်၍ ပိုလွန်အောင် စီမံခြင်း၊ (၂) မိမိအတွက်ဖြစ်ခြင်း၊ (၃)ရက်ကန်း၏ စကားကြောင့် ချည်များ တိုးသွားခြင်း၊ (၄)သင်္ကန်းရခြင်း ဟူ၍ အင်္ဂါ လေးပါးဖြစ်ပါသည်။

## အစ္စေကစီဝရ သိက္ခာပုဒ်

**မေး။** ကတ္တိကတေမာသိကပုဏ္ဏမ အရ အဘယ် ကတ္တိကပုဏ္ဏမကို ယူရပါ သနည်း။

**ဖြေ။** ပထမကတ္တိကပုဏ္ဏမ ကို ယူ ရပါသည်။

**မေး။** ဒသာဟာနာဂတံ ကတ္တိကတေမာသိကပုဏ္ဏမံ ပါဠိဖြင့် အဘယ်ကို ညွှန်ပြပါသနည်း။

**ဖြေ။** သီတင်းကျွတ်လဆန်း(၅)ရက်မှစ၍ ဖြစ်သောသင်္ကန်း၏(အဓိဋ္ဌာန်, ဝိကပ္ပနာမပြုဘဲ) သိုမှီးသိမ်းဆည်းရာ ကာလကိုညွှန်ပြပါသည်။

**မေး။** သီတင်းကျွတ်လဆန်း(၅)ရက်မှစ၍ ရအပ်သော သင်္ကန်းသည် ပထမကထိနသိက္ခာပုဒ်ဖြင့်ပင် အလိုရှိအပ်သော အဓိပ္ပါယ်ပြည့်စုံပါ လျက် အဘယ်ကြောင့် ဤသိက္ခာပုဒ်ကို တစ်ဖန်ထပ်၍ ဆိုရပါသနည်း။

**ဖြေ။** အကြောင်းဝတ္ထုဖြစ်ပေါ်လာခြင်း၏ အစွမ်းအားဖြင့် ဤသိက္ခာပုဒ် ကို ထပ်၍ဆိုပါသည်။

***(မှတ်ချက်)*** ပထမကထိနသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ဆိုလျှင် ဤသိက္ခာပုဒ်ကို ဆိုသည်ဟု မှတ်ရမည်။

http://www.dhammadownload.com



မေး။ အဘယ်သက်န်းမျိုးကို " အစွေကစီဝရ " ဟုခေါ်ပါသနည်း။

ဖြေ။ ခရီးသွားမည့်သူ , မကျန်းမာသူ , ကိုယ်ဝန်ရှိသူ , သဒ္ဓါတရားအသစ်ဖြစ်ပေါ်လာသူတို့တွင် တစ်ယောက်ယောက်က " ဝဿာဝါသိကံ ဒဿာမိ "ဟု လျှောက်ထား၍လှူအပ်သောသက်န်းကို "အစွေကစီဝရ" ဟုခေါ်ပါသည်။

မေး။ အစွေကသင်္ကန်းကို အဘယ်ရဟန်းမျိုး ခံယူထိုက်ပါသနည်း။

ဖြေ။ ဝါမကျိုးသော ရဟန်းများသာ အလှူခံယူထိုက်ပါသည်။ ဝါကျိုးသောရဟန်းများ အလှူမခံထိုက်ပါ၊ အလှူခံပြီးဖြစ်လျှင်လည်း ထိုသင်္ကန်းသည် သံဃိကပင် ဖြစ်ပါသည်။

မေး။ စီဝရကာလသမယ၌ ကာလသမယကို ပိုင်းခြားပြပါ။

ဖြေ။ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့ထိ ငါးလသည် စီဝရကာလသမယမည်၏။

## သာသက် သိက္ခာပုဒ်

မေး။ အာရညကာနိအရ အဘယ်ကျောင်းမျိုးကို"တောကျောင်း"ဟုခေါ်ပါသနည်း။

ဖြေ။ ညို့တင်အပ်ပြီးသော လေးဖြင့် ရွာ၏တံခါးခုံမှစ၍ လေးအပြန် ငါးရာ ပမာဏရှိသောအရပ်၌ ပြုအပ်သောကျောင်းကို " တောကျောင်း" ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** တောကျောင်းဖြစ်ထိုက်သောကျောင်း၏ အကွာအဝေးတိုင်းတာပုံကို ရေးခဲ့ပါ။

**ဖြေ။** (က)အကာအရံရှိသောရွာဖြစ်လျှင် ရွာ၏တံခါးခုံမှစ၍ တိုင်းတာရမည်။
(ခ)အကာအရံမရှိသော ရွာဖြစ်လျှင် အကာအရံဖြစ်ထိုက်သော အရပ်(အစွန်ဆုံးအိမ်၏ ဥပစာမှ ခဲတစ်ကျ) မှ တိုင်းတာရပါသည်။

***(တောကျောင်းဘက်မှကား)***

အကာအရံရှိသောကျောင်းဖြစ်လျှင် ထိုအကာအရံတိုင်အောင် တိုင်းတာ ရမည်၊

အကာအရံမရှိသော ကျောင်းဖြစ်လျှင် ရွာဘက်မှ ပထမဆုံးကျောင်းအထိသော်၎င်း၊ စေတီအထိသော်၎င်း၊ ဗောဓိအထိသော်၎င်း၊ အမြဲစည်းဝေးရာအရပ်တိုင်အောင်၎င်း၊ တိုင်းတာရမည်။

***(မှတ်ချက်)*** ထိုသို့တိုင်းတာရာ၌လည်း ပကတိသွားရိုးလမ်းဖြင့်သာ တိုင်းတာ ရပါသည်၊ အခြားလမ်းသစ်ကို ပြုလုပ်၍ တိုင်းတာခြင်းငှါ၎င်း၊ လမ်းမဟုတ်သောအရပ်ဖြင့် တိုင်းတာခြင်းငှါ၎င်း၊ မအပ်ပါ။

**မေး။** အဘယ်ကြောင့် သာသကီ ဟု သမုတ်အပ်ပါသနည်း။

**ဖြေ။** သူခိုးစသည်တို့၏ ခိုအောင်းရာစသည်ကို မြင်ရသောကြောင့်"သာသင်္က=(ယုံမှားဘွယ် ရှိ၏) ဟု သမုတ်အပ်ပါသည်။

**မေး။** သပ္ပဋိဘယာနိ ၌ အဘယ်ကြောင့် တောကျောင်းတို့ကို " သပ္ပဋိဘယ " ဟုခေါ်ပါသနည်း။

**ဖြေ။** သူခိုး ဓားပြတို့က လူတို့ကို သတ်အပ်သည်၏အဖြစ် , လုယက်အပ်သည်၏အဖြစ်, ရိုက်နှက်အပ်သည်၏အဖြစ်ကို မြင်ရသောကြောင့် "သပ္ပဋိဘယ" ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်၌ သင်္ကန်းထားနိုင်ခြင်း၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)ပုရိမဝါကပ်ပြီး ပထမမဟာပဝါရဏာပြုနိုင်လောက်အောင် ဝါမကျိုးခဲ့ခြင်း၊

(၂) တန်ဆောင်မုန်းလဖြစ်ခြင်း၊

(၃) လေးအပြန် ငါးရာပမာဏဝေးသော တောကျောင်းဖြစ်ခြင်း၊

(၄) သာသင်္က ,သပ္ပဋိဘယဖြစ်ခြင်း ဟူသော အင်္ဂါလေးပါးစုံမှ ရွာတွင်း၌ သင်္ကန်းထား၍ ညဥ့်ကင်းနိုင်ခွင့် ရှိပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အလိုရှိအပ်သော တောရကျောင်းကို ရေးခဲ့ပါ။

**ဖြေ။** ဆွမ်းခံပြီးနောက် ဆွမ်းစားချိန်၌ပင် ကျောင်းသို့တဖန် ပြန်လာနိုင်သော တောရကျောင်းကိုသာ အလိုရှိအပ်ပါသည်။

**မေး။** ဝိပ္ပဝသေယျ ၌ အဘယ်သို့နေသည်ကို ဝိပ္ပဝါသဟု ခေါ်ပါသနည်း။

**ဖြေ။** ခုနှစ်ခုမြောက်အာရုဏ်ကို မိမိနေရာ တောရကျောင်း၌ မတက်ဘဲ အခြားမှာ တက်စေခြင်းကို " ဝိပ္ပဝါသ " ဟုခေါ်ပါသည်။

**မေး။** သင်္ကန်းထားရာ မူလနေရာကျောင်း၌ (၇)ခုမြောက်အာရုဏ်ကို မတက်စေနိုင်ခဲ့လျှင် အဘယ်သို့ပြုလုပ်ရပါသနည်း။

**ဖြေ။** သင်္ကန်းထားရာရွာ၏ အပိုင်းအခြားသို့ သက်ရောက်ပြီး ဇရပ်၌သော်၎င်း၊ တစ်ပါးပါးသောအရပ်၌သော်၎င်း၊ နေ၍ သင်္ကန်းဖြစ်ပုံကို သိပြီးမှ ဖဲသွားရမည်။

**မေး။** အညတြ ဘိက္ခုသမ္မုတိယာ ၌ အဘယ် သမ္မုတိကို ယူရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** သံဃာသည် ဂိလာနရဟန်းအား ပေးအပ်သော စီဝရေန ဝိပ္ပဝါသ သမ္မုတိကို ယူရပါသည်။

## ပရိဏတ သိက္ခာပုဒ်

**မေး။** သံဃိကံ ၌ သံဃာ၏လက်သို့ မရောက်သေးဘဲ သံဃိကဖြစ်နိုင်/ မဖြစ်နိုင် ရေးခဲ့ပါ။

**ဖြေ။** သံဃာ့ထံသို့ ညွှတ်ပြီးဖြစ်သောကြောင့် လက်သို့မရောက်သေး သော်လည်း ပရိယာယ်တစ်မျိုးဖြင့် သံဃိကဖြစ်ပါသည်။

**မေး။** သံဃိကံ လာဘံ ၌ အဘယ်ကဲ့သို့သော လာဘ်မျိုးကို ယူရပါသနည်း။

**ဖြေ။** ရသင့်ရထိုက်သော သက်န်းစသော ဝတ္ထုကို ယူရပါသည်။

**မေး။** ပရိဏတံ ၌ အဘယ်သို့ညွှတ်သည်ကို ယူရပါသနည်း။

**ဖြေ။** ဒဿာမ ,ကာရိဿာမ=လှူကုန်အံ့ ပြုလုပ်ကုန်အံ့ ဟု နှုတ်မြွက်၍ သော်၎င်း၊လက်ပြ၍သော်၎င်း၊ သံဃာထံသို့ ညွှတ်သည်ကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးခဲ့ပါ။

**ဖြေ။** သံဃာသို့ညွှတ်ပြီးသောလာဘ်ဖြစ်လျှင် သိတင်းသုံးဘော်တို့၏ ဥစ္စာ ဖြစ်စေ၊လူဝတ်ကြောင်တို့၏ ဥစ္စာဖြစ်စေ၊ အောက်ထစ်ဆုံးအားဖြင့် အမေ၏ပန္နည်းပင်ဖြစ်စေကာမူ မိမိသို့ညွှတ်စေလျှင် လုလ္လပယောဂ ကြောင့် ဒုက္ကဋ်သင့်၏၊ ရလာလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

သံဃာ , စေတီ , ပုဂ္ဂိုလ်တို့တွင် တစ်ပါးပါးထံသို့ ညွှတ်ပြီးသော လာဘ်ကို အခြားသော သံဃာ ,စေတီ ,ပုဂ္ဂိုလ်တို့သို့ ညွှတ်စေလျှင် ဒုက္ကဋ် အာပတ်သင့်ပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်တို့ကို ထုတ်ပြပါ။

**ဖြေ။** (၁) အဘယ်အရပ်၌ လှူရပါမည်နည်းဟု မေးလာ၍ " သင်တို့၏စိတ်ကြည်ညိုရာအရပ်၌ လှူပါ "ဟုငှင်း၊ သင်တို့၏ ဒေယျဓမ္မပစ္စည်း သုံးဆောင်မည့်အရပ်၌ လှူပါဟုငှင်း၊ စသည်တို့ကို ပြောဆိုသောရဟန်း၊ (၂) ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

**မေး။** ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁) သံဃာ၌ ညွတ်ပြီးဖြစ်ခြင်း၊ (၂) သံဃာ၌ညွတ်ပြီးမှန်း သိလျက် မိမိသို့ညွတ်စေခြင်း၊ (၃)ရခြင်း အားဖြင့် အင်္ဂါသုံးပါးဖြစ်ပါသည်။

*နိဿဂ္ဂီ ပါစိတ် ကဏ္ဍ အဖွင့် ပြီး၏*

*ပထမလတ်တန်း ကဏ္ဍအဝိပ္ပါယ် ပြီးပြီ ။*

( ၉ - ၂ - ၉၁ )

15
B

http://www.dhammadownload.com


စာမူခွင့်ပြုချက် ၆/၉၅(၉)

မျက်နှာဖုံးခွင့်ပြုချက် ၃၅/၉၅(၁၀)

ထုတ်ဝေသူ ဦးမြသန်း(၀၁၀၅၀)အသိုင်းအဝိုင်းစာပေ
အမှတ်၃၅၊ ဖွဲ့စုံရပ်ကွက်၊
ကမ္ဘာအေး၊ ရန်ကုန်

မျက်နှာဖုံးနှင့်အတွင်းစာသား

ပုံနှိပ်သူ= ဦးဝင်းအောင်(၀၅၁၃၁)၊သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ်(၈၄)၊လမ်း(၅၀)၊ ပုဇွန်တောင်၊ ရန်ကုန်။